# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော်နေ့ ... ၂၀၂၂ ခုနှစ်၊ မေ ၂၆ ရက်၊ တနင်္လာနေ့ ... အတွဲ (၆၀)၊ အမှတ် (၂၀၅)


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)

# “မာရဝိဇယ” ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားနှင့် ဆင်းတုတော်အပိုင်း (၂) နှင့် (၃) တို့ကို ကြိုဆိုပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များ ဗုဒ္ဓဥယျာဉ်တော်တွင် တည်ထားပူဇော်မည့် “မာရဝိဇယ” ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာအုတ်မြစ်တော်များအား ပူဇော်စဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၂၅**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်တော်တွင် တည်ထားပူဇော်မည့် “မာရဝိဇယ” ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာအုတ်မြစ်တော်စီအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါ ဗုဒ္ဓဥယျာဉ်တော်၊ ဝတ္ထုကံတော်အတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ပျဉ်းမနားမြို့၊ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဒေါက်တာ ဘဒ္ဒန္တ ကဝိသာရနှင့် ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိတို့ အမှူးပြုသည့် ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီတွဲဖက်

*စာမျက်နှာ ၃ ကော်လံ ၁* ✪

**ကျောင်းသား ကျောင်းသူများ၏ ပညာသင်ယူမှုအခွင့်အလမ်း မဆုံးရှုံးရေးသည် ကာယကံရှင်နှင့် နိုင်ငံတော်အတွက် လွန်စွာအရေးကြီး**

*ပြည်တွင်းသတင်း၊ စာမျက်နှာ - ၅*

**တစ်ယောက်အားမှသည် ထောင်သောင်းများစွာ**

*ဆောင်းပါး၊ စာမျက်နှာ - ၆*

**နယူးဇီလန်နိုင်ငံ၌ ကိုဗစ် -၁၉ ဆေးစစ်မှုပေါင်း နှစ်သန်းအထိ လုပ်ဆောင်ပေးပြီးဖြစ်**

*နိုင်ငံတကာသတင်း၊ စာမျက်နှာ - ၁၃*

မြန်မာ့အလင်း

# အကြမ်းဖက်မှုများနှင့် ဒီမိုကရေစီ

ဖေဖော်ဝါရီလဆန်းပိုင်းတွင် စတင်ခဲ့သည့် ငြိမ်းချမ်းစွာ ဆန္ဒပြပွဲများသည် ဆူပူမှု၊ အကြမ်းဖက်သောင်းကျန်းမှု၊ လက်နက်ကိုင် အကြမ်းဖက်တိုက်ခိုက်မှုများဆီအထိ အဆင့်ဆင့် ကူးပြောင်းခဲ့ပြီး လက်ရှိအခြေအနေတွင်မူ လက်လုပ်ဗုံးများ၊ မီးပုလင်းများဖြင့် နှောင့်ယှက်ပစ်ခတ်မှု၊ အစိုးရပိုင်၊ အများပြည်သူပိုင် လမ်းတံတား၊ အဆောက်အအုံများကို မီးရှို့မှုတို့ကိုသာ နေရာဒေသအချို့၌ ပြုလုပ်နေကြသည်ကို သတင်းများအရ သိကြရသည်။ နိုင်ငံတစ်ဝန်း အမြို့မြို့အနယ်နယ်တို့တွင် ပုံမှန်အခြေအနေဆီသို့ ပြန်လည်ရောက်ရှိလာနေပြီး အေးချမ်းသာယာမှုကို မလိုလားသည့် အုပ်စုတို့၏ ထုံ့ပိုင်း ထုံ့ပိုင်း လှုပ်ရှားမှုတို့သာ ရှိနေသည်ဟု သိရသည်။

ဆန္ဒပြမှုမှသည် အကြမ်းဖက်သောင်းကျန်းမှုအထိ အဆင့်ဆင့် ရောက်ရှိခဲ့သည့် ကာလအတွင်း ငြိမ်းချမ်းစွာ ဆန္ဒပြမှုများသည် အစောပိုင်းကာလတွင်သာရှိခဲ့သော်လည်း နောက်ပိုင်းတွင် တုတ်၊ ဓားလက်နက်များ ကိုင်ဆွဲကာ တိုက်ခိုက်ဖျက်ဆီး သတ်ဖြတ်မှုများအထိ ပြုလုပ်ခဲ့ကြသည်။ တရားဝင်ကိန်းဂဏန်းများအရ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ဧပြီလ ၁၅ နေ့အထိ အပြစ်မဲ့ပြည်သူ ၁၇ ဦး သတ်ဖြတ်ခံခဲ့ရပြီး အယောက် ၃၀ မှာ ဒဏ်ရာအပြင်းအထန် ရရှိခဲ့သည်။ တပ်မတော်သား ၇ ဦးနှင့် ရဲတပ်ဖွဲ့ဝင် ၁၇ ဦး သတ်ဖြတ်ခံခဲ့ရသည်။ တပ်မတော်သား ၄၅ ဦးနှင့် ရဲတပ်ဖွဲ့ဝင် ၂၅ ဦး ထိခိုက်ဒဏ်ရာရခဲ့ကြသည်။ စက်ရုံ ၁၃ ရုံ၊ ရဲစခန်း ၆၃ ခု၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ၆၂ ရုံး၊ အစိုးရရုံးဌာန ၅၂ ရုံး၊ အများပြည်သူသွားလာသည့် လမ်းတံတား ၁၆ ခု၊ ဘဏ် ၁၃ ခု၊ စာသင်ကျောင်းနှင့် အခြားအဆောက်အအုံနေရာ စုစုပေါင်း ၁၀၅ ခုတို့ မီးရှို့တိုက်ခိုက်ဖျက်ဆီးမှု အသီးသီးခံခဲ့ကြရသည်။ ဤသည်မှာ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလဆန်းပိုင်းမှာပင် ကျန်ရစ်ခဲ့ပြီး နောက်ပိုင်းဆက်လက် ဖြစ်ပေါ်လာမှုများတွင် အကြမ်းဖက်အဖျက်လုပ်ရပ်တို့ ဖုံးလွှမ်းနေသည့် သက်သေသာဓကများပင် ဖြစ်သည်။

အကြမ်းဖက်ဆန္ဒပြသူများအကြားတွင် လက်နက်စွဲကိုင်ထားသူများရှိနေပြီး ယင်းလက်နက်တို့ကြောင့်ပင် တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များ ထိခိုက်သေကျေခဲ့ကြရခြင်း ဖြစ်သည်။ လူမှုကွန်ရက်နှင့် အင်တာနက်တွင် လက်လုပ်သေနတ်၊ လက်လုပ်ဗုံး ပြုလုပ်နည်းများ၊ မိုင်းပြုလုပ်နည်းများ ဖြန့်ဝေကြသည်။ ပြည်သူများအချင်းချင်း သူလျှို ဒလန်များအဖြစ် သံသယများ ဖြစ်ပေါ်လာပြီး သတ်ဖြတ်ရန်အထိပင် သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်ခဲ့ကြသည်ကို တွေ့ရသလို ဆင်ခြင်တုံတရားကင်းမဲ့စွာ လိုက်ပါလုပ်ဆောင်ခဲ့ကြသည်ကိုလည်း တွေ့ကြရသည်။ ယခုအချိန်အထိလည်း ဆက်လက်ပြုလုပ်နေကြဆဲဖြစ်ပြီး တစ်မြို့နယ်နှင့် တစ်မြို့နယ် အပြိုင်အဆိုင်ပြုလုပ်ကြရန်ပင် မြှောက်ထိုးပင့်ကော်လုပ်၍ ဖေ့စ်ဘုတ်တင်နေကြဆဲဖြစ်သည်။

ဒီမိုကရေစီတွင် မတူကွဲပြားမှုများရှိလာသည်ကို မိမိတို့ လက်ခံခဲ့ကြပြီး ဖြစ်သည်။ မြန်မာနိုင်ငံတွင် တရားဝင်နိုင်ငံရေးပါတီပေါင်း ၉၀ ကျော်ရှိရာ မတူကွဲပြားမှု မည်မျှများပြားသည်ကို တွေ့နိုင်သည်။ ကိုယ်နှင့်မတူ၍ ကိုယ့်ရန်သူ လုပ်၍ မရ။ ငါစွဲကြီးမားလွန်း၍ အစွန်းရောက်စိတ်ဓာတ်တို့ ဖုံးလွှမ်းလာသည့်အခါ အမှားကိုပင် အမှန်ထင်လာသည်။ အကြမ်းဖက်ရန်၊ သတ်ရန်ဖြတ်ရန် ဝန်မလေးသည့် အတွေးအခေါ်နှင့် လုပ်ရပ်များဖြင့် ဒီမိုကရေစီကို လိုလားသည်ဟုဆိုပါလျှင် ကြောင်းကျိုးကိုက်ညီဆီလျော်မှု ရှိ မရှိ တွေးဆကြည့်ကြရန်သာ ဖြစ်ပါကြောင်း။ ။

## ဒုတိယဝန်ကြီး ဦးညွန့်အောင် မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့မှုများ ကြည့်ရှု

နေပြည်တော် ဧပြီ ၂၅

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်သည် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး ဝင်းတင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၊ တာဝန်ရှိသူများနှင့်အတူ ဧပြီ ၂၅ ရက် နံနက် ၁၁ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ အထိ ရွှေပြည်သာစက်မှုဇုန်(၃) ရှိ ရွှေမဲဆိပ်ကမ်းတံတားသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ (အပေါ်ပုံ)



ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဆိပ်ကမ်း တာဝန်ကျများမှ သက်ဆိုင်ရာ ဆိပ်ကမ်းအစည်းအဝေးခန်းမ၌ ဆိပ်ကမ်းပိုင်းဆိုင်ရာ အချက်အလက်များ၊ ဆန်တင်ပို့မှုအခြေအနေများအား ရှင်းလင်းတင်ပြရာ လိုအပ်သည်များ မှာကြားပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့မည့် ဆန်များ သင်္ဘောများပေါ်သို့ တင်ဆောင်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် ဧပြီ ၂၅

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ရာခိုင်နှုန်း ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်း ရွာနိုင်သည်။

မိုး/ဇလ

## ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများ စတင်ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများအား (၅-၅-၂၀၂၁) ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများ စတင်ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများအား ၅-၅-၂၀၂၁ ရက်နေ့မှ စတင်ဖွင့်လှစ်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

○ **လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ လှည့်စားသွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ကို ဖျက်ဆီးမယ့် စီမံကိန်းကြီးထဲ** Country Destructive Movements **မှာ ပါဝင်ချင်ကြတယ်။ ရှေ့က အမှား သင်ခန်းစာတွေကို ကြည့်ပါ။**

**နားမယောင်လေနဲ့ သမီးတို့ သားတို့၊ မိဘများက နားဝင်အောင် တားဆီးနိုင်ကြပါစေ၊ ရွယ်တူသူငယ်ချင်းတွေက မမှားခင် ကယ်တင်ဆွေးနွေးကြပါလေ။**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ အမှူးပြုသော ပရိသတ်များ ဈေးကုန်းကျောင်းတိုက်ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာရွှေကြုတ်တော်၊ ဗုဒ္ဓဓာတ်တော် ရွှေကြုတ်တော်၊ ရဟန္တာဓာတ်တော် ရွှေကြုတ်တော်၊ ပိဋကတ်သုံးပုံကျမ်းဦးရွှေပေလွှာ၊ ဇယမင်္ဂလာဂါထာတော် ရွှေပေလွှာ၊ မော်ကွန်းကမ္ပည်း ရွှေပေလွှာ၊ ပရိဘောဂစေတီ (ရွှေသပိတ်)တော်၊ ပတ္တမြားရတနာစီခြယ်ထားသည့် ရွှေအုတ်မြစ်တော်နှင့် မော်ကွန်းကျောက်စာတော်တို့ကို စီသွင်းပူဇော်စဉ်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဈေးကုန်းဆရာတော်ကြီးထံ ရတနာရွှေကြုတ်တော်၊ ဗုဒ္ဓဓာတ်တော်ရွှေကြုတ်တော်၊ ရဟန္တာဓာတ်တော်ရွှေကြုတ်တော်၊ အောင်မြေရွှေကြုတ်တော်၊ ပိဋကတ်သုံးပုံကျမ်းဦး၊ ဇယမင်္ဂလာဂါထာနှင့် မင်္ဂလာမော်ကွန်းရွှေပေလွှာများ၊ ပရိဘောဂစေတီ ရွှေသပိတ်တော်၊ မော်ကွန်းကျောက်စာတော်၊ ရတနာအုတ်မြစ်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပုလဲရတနာအုတ်မြစ်တော်ကို စီသွင်းပူဇော်စဉ်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်

◎ ရှေ့ဖုံးမှ

အတွင်းရေးမှူးနှင့်ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် မဟာမင်္ဂလာမဏ္ဍပ်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီးပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ ကပ်လှူပူဇော်ကြသည်။

စာမျက်နှာ ၄ သို့



နိုင်ငံတော်ဩဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဒေါက်တာ ဘဒ္ဒန္တ ကဝိသာရ “မာရဝိဇယ” ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်းများကို ပရိတ်နံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်စဉ်။ သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် “မာရဝိဇယ” ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်းများကို ပရိတ်နံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ထို့နောက် အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ဈေးကုန်းဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲ၊ ပရိတ်ကျောက်များကို သံဃာတော်များထံ ဆက်ကပ်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ဈေးကုန်းဆရာတော်ကြီးထံ လည်းကောင်း၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် ဇနီးတို့က ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော်ကြီးထံ လည်းကောင်း ရတနာရွှေကြုတ်တော်၊ ဗုဒ္ဓဓာတ်တော်ရွှေကြုတ်တော်၊ ရဟန္တာဓာတ်တော်ရွှေကြုတ်တော်၊ အောင်မြေရွှေကြုတ်တော်၊ ပိဋကတ်သုံးပုံကျမ်းဦး၊ ဇယမင်္ဂလာဂါထာနှင့် မင်္ဂလာမော်ကွန်းရွှေပေလွှာများ၊ ပရိဘောဂစေတီ ရွှေသပိတ်တော်၊ မော်ကွန်းကျောက်စာတော်၊ ရတနာအုတ်မြစ်တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

### ဆက်ကပ်လှူဒါန်း

ထို့နောက် တက်ရောက်လာကြသည့် ဘုရားဒါယကာများက ဆရာတော်ကြီးများထံ သက်ဆိုင်ရာ ရတနာအုတ်မြစ်တော်များနှင့် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် မေတ္တာသုတ်တော်၊ ရတနာသုံးပါးဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲ၊ ပရိတ်ကျောက်များကို ယူဆောင်၍ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဝတ္ထုကံတွင် ပက်ဖျန်းကြဲဖြန့် ချည်နှောင်တားဆီးကာရံကြသည်။

ယင်းနောက် ပါဠိဆရာတော်ကြီးထံမှ အနုမောဒနာတရားကို နာယူကြပြီး ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

ထို့နောက် ဥပါသကာများက ဗုဒ္ဓဓာတ်တော်ရွှေကြုတ်တော်၊ ရဟန္တာ ဓာတ်တော် ရွှေကြုတ်တော်၊ ပိဋကတ်သုံးပုံကျမ်းဦးရွှေပေလွှာ၊ ဇယမင်္ဂလာဂါထာတော် ရွှေပေလွှာ၊ မော်ကွန်းကမ္ပည်းရွှေပေလွှာ၊ ပရိဘောဂစေတီ(ရွှေသပိတ်)တော်၊ ပတ္တမြားရတနာစီခြယ်ထားသည့် ရွှေအုတ်မြစ်တော်နှင့် မော်ကွန်းကျောက်စာတော်တို့ကို ပင့်ဆောင်၍ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဝတ္ထုကံနေရာအား လက်ယာရစ်လှည့်လည်ပူဇော်ကာ အုတ်မြစ်တော်ဗဟိုဌာနရှိ သတ်မှတ်နေရာသို့ ပင့်ဆောင်ပူဇော်ကြသည်။

### ပရိတ်နံ့သာရည် ပက်ဖျန်း

ထို့နောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဗုဒ္ဓဂယာသတ္တဌာန အောင်မြေတော်များနှင့် မြန်မာနိုင်ငံတစ်ဝန်း တန်ခိုးကြီးဘုရားစေတီများမှ အောင်မြေတော်များကို ခင်းကျင်းပူဇော်ပြီး မင်္ဂလာအချိန်တွင် ရတနာရွှေကြုတ်တော်၊ ဗုဒ္ဓဓာတ်တော် ရွှေကြုတ်တော်၊ ရဟန္တာဓာတ်တော်ရွှေကြုတ်တော်၊ ပိဋကတ်သုံးပုံကျမ်းဦးရွှေပေလွှာ၊ ဇယမင်္ဂလာဂါထာတော်ရွှေပေလွှာ၊ မော်ကွန်းကမ္ပည်းရွှေပေလွှာ၊ ပရိဘောဂစေတီ (ရွှေသပိတ်) တော်၊ ပတ္တမြားရတနာစီခြယ်ထားသည့် ရွှေအုတ်မြစ်တော်နှင့် မော်ကွန်းကျောက်စာတော်တို့ကို စီသွင်းပူဇော်ပြီး ပရိတ်နံ့သာရည် ပက်ဖျန်းပူဇော်သည်။

ဆက်လက်၍ ရတနာအုတ်မြစ်တော်စီသွင်းပူဇော်ရန်အတွက် ရေးထုံးစဉ်လာ ကျမ်းဂန်တော်လာ အစဉ်အလာမြတ်များနှင့်အညီ နေရာယူကြပြီး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) က ပုလဲရတနာအုတ်မြစ်တော်ကို လည်းကောင်း၊ ဗိုလ်ချုပ်ကြီး မြထွန်းဦးက နီလာရတနာအုတ်မြစ်တော်ကို လည်းကောင်း၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ဂေါမုတ်ရတနာ အုတ်မြစ်တော်ကို လည်းကောင်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်က မြရတနာအုတ်မြစ်တော်ကို လည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက သန္တာရတနာအုတ်မြစ်တော်ကို လည်းကောင်း၊ ဦးဝင်းရှိန်က ကြောင်မျက်ရတနာအုတ်မြစ်တော်ကို လည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ဥဿဖရားရတနာအုတ်မြစ်တော်ကို လည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းက စိန်ရတနာ အုတ်မြစ်တော်ကို လည်းကောင်း အသီးသီးစီသွင်းပူဇော်၍ ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်ကာ အုတ်မြစ်တော်ဗဟိုဌာနတွင် ကျောက်မျက်ရတနာမျိုးစုံကို ကြဲဖြန့်ပူဇော်ကြသည်။ ထို့နောက် သံဃာတော်အရှင်သူမြတ်များ ဦးဆောင်၍ “ဇယန္တော ဗောဓိယာ မူလေ” အစချီသည့် ဇယမင်္ဂလာအောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်ကြသည်။ ယင်းနောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းကာ ရတနာရွှေမိုး ငွေမိုးများ ရွာသွန်းဖြိုးခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း “မာရဝိဇယ” ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်းများကို ပရိတ်နံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်စဉ်။ သတင်းစဉ်

### ဆက်လက်ပင့်ဆောင်

အလားတူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်း (၂) နှင့် (၃) ကို ကြိုဆိုပင့်ဆောင်ခြင်း အခမ်းအနားအား အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ ဈေးကုန်းဆရာတော်ကြီးနှင့် ပါဠိဆရာတော်ကြီးတို့ ဦးဆောင်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် တာဝန်ရှိသူများက “မာရဝိဇယ” ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်းများကို ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြကာ ဇယမင်္ဂလာအောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်ကြသည်။ ထို့နောက် မင်္ဂလာအချိန်တွင် “မာရဝိဇယ” ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော် အပိုင်း(၂) နှင့် အပိုင်း(၃)ကို အပူဇော်ခံမည့်နေရာသို့ ဆက်လက်ပင့်ဆောင်တော်မူကြသည်။

ယင်းနောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ရာ ဝတ်အသင်းအဖွဲ့များက အရပ်ဆယ်မျက်နှာ မေတ္တာပို့လက်ာများဖြင့် မေတ္တာဘာဝနာပွားများပူဇော်ခဲ့ကြသည်။

အဆိုပါ **“မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး” ဟူသည့် အမည်နာမသည် “မာရ်နတ်မင်း၏ အနှောင့်အယှက်ရန်စွယ် အန္တရာယ်အပေါင်းကို အထူးအောင်မြင်တော်မူသော မြတ်စွာဘုရား”**ဟု အဓိပ္ပာယ်ဖော်ဆောင်ကြောင်း၊ “မာရဝိဇယ” ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို **မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်းပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသ တိုးတက်စည်ကားမှုဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်** စသည့် ရည်ရွယ်ချက် ၄ ရပ်ဖြင့် တည်ထားကိုးကွယ်ရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ရုပ်ပွားတော်မြတ်ကြီးကို မြတ်စွာဘုရားရှင်၏ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့နှင့် သင့်လျော်ညီညွတ်သည့် ဘူမိဖဿမုဒြာဟန်ဖြင့် ထုဆစ်ပူဇော်သွားမည်ဖြစ်ပြီး ပလ္လင်တော်အမြင့် ၁၈ ပေ၊ ဉာဏ်တော်အမြင့် ၆၃ ပေ၊ စုစုပေါင်း ၈၁ ပေ အမြင့်ရှိမည်ဖြစ်ကြောင်း၊ ယခုတည်ထားကိုးကွယ်မည့် “မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး” အား တည်ထားကိုးကွယ်ပြီးစီးပါက **မြန်မာတွင်သာမက ကမ္ဘာ့နိုင်ငံများတွင်ပါ စကျင်ကျောက်တော်ကြီးဖြင့် ထုဆစ်သည့် ဆင်းတုတော်ကြီးများအနက် အကြီးဆုံးနှင့် ဉာဏ်တော်အမြင့်မားဆုံး ဆင်းတုတော်ကြီးဖြစ်လာမည်ဖြစ်**ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျေးလက်နေပြည်သူများ လူနေမှုဘဝမြှင့်တင်ရေး

လူဦးရေ၏ ၇၀ ရာခိုင်နှုန်းမျှနေသော ကျေးလက်နေပြည်သူများ လူနေမှုဘဝမြှင့်တင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသခံတောင်သူများအား အားပေးကူညီဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ အားပေးကူညီမှုများရှိမှသာ လုပ်ငန်းများအောင်မြင်ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ စားရေရိက္ခာပေါ်များရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိမိတို့ကိုယ်တိုင် ကွင်းဆင်းဆောင်ရွက်သကဲ့သို့ မိမိတို့လက်အောက်ကိုလည်း လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး တွန်းအားပေးဆောင်ရွက်သွားရန်လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၂-၄-၂၀၂၂ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ကျောင်းသား ကျောင်းသူများ၏ ပညာသင်ယူမှုအခွင့်အလမ်း မဆုံးရှုံးရေးသည် ကာယကံရှင်နှင့် နိုင်ငံတော်အတွက် လွန်စွာအရေးကြီး

နေပြည်တော် မေ ၂၅

**အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ဆရာ ဆရာမများအတွက် အားလပ်ရက်ရှည် (Vacation) ခံစားခွင့်ကို ၂၀၂၂ ခုနှစ် မေ ၂ ရက်အထိ သတ်မှတ်ခွင့်ပြုထားပါကြောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီးမှ သင်ကြားရေး ဆရာ ဆရာမများအားလုံးနှင့် စီမံဝန်ထမ်းများအားလုံးအနေဖြင့် ၂၀၂၂ ခုနှစ် မေ ၃ ရက် နောက်ဆုံးထား၍ မိမိတို့လုပ်ငန်းခွင်များသို့ အင်ပြည့်အားပြည့် မပျက်မကွက် ပြန်လည်ဝင်ရောက် တာဝန်ထမ်းဆောင်ကြရန် နှိုးဆော်တိုက်တွန်းပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေက ပြောကြားသည်။** (ယာပုံ)




### ပြန်လည်ဖွင့်လှစ်

ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသော ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် နောက်ဆုံးနှစ် သင်တန်းများ၊ မဟာဘွဲ့ (ရေးဖြေ) သင်တန်းများနှင့် ပါရဂူဘွဲ့ကြိုသင်တန်းများကို ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု တားဆီးကာကွယ်ရေး စည်းမျဉ်း စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ထိုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မေ ၃ ရက်တွင် လုပ်ငန်းခွင်ဝင်ရန် ပျက်ကွက်သည့်စာရင်းများကိုလည်း သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် အဆင့်ဆင့် တာဝန်ယူ တာဝန်ခံမှုဖြင့် စနစ်တကျပြုစု ပေးပို့ကြရမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ထမ်းဆရာ ဆရာမများ အနေဖြင့် မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများ ပညာအရည်အသွေးမြင့်မားရေးအတွက် နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူသည်အထိ လမ်းခင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း။

### မေ ၅ ရက်တွင် ဖွင့်လှစ်မည်

ကျောင်းသား ကျောင်းသူများ၏ ပညာသင်ယူမှုအခွင့်အလမ်း မဆုံးရှုံးရေးသည် ကာယကံရှင်နှင့် နိုင်ငံတော်အတွက် လွန်စွာအရေးကြီးပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ယူမှု အခွင့်အလမ်းများ နှောင့်နှေးမှုမရှိစေရေး၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လက်စ ပုံမှန်သင်တန်းများ၏ နောက်ဆုံးနှစ်သင်တန်းများ ပြီးဆုံးစေရန်နှင့် နောက်ဆုံးနှစ် သင်တန်းသားများအား ဘွဲ့ရများအဖြစ် မွေးထုတ်၍ လုပ်ငန်းခွင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးတို့အတွက် အဆင့်မြင့်ပညာ ကဏ္ဍရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် နောက်ဆုံးနှစ် သင်တန်းများ၊ မဟာဘွဲ့ (ရေးဖြေ) သင်တန်းများနှင့် ပါရဂူဘွဲ့ကြိုသင်တန်းများကို ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု တားဆီးကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ မေ ၅ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ကျောင်းများ ဖွင့်လှစ်သည့်အခါ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ကာကွယ်နိုင်ရေး ဆောင်ရွက်မည့် အစီအစဉ်များ၊ မေ ၅ ရက်တွင် ဖွင့်လှစ်မည့် သင်တန်းများနှင့် ကျောင်းသား ကျောင်းသူဦးရေစာရင်း၊ သင်တန်းဆိုင်ရာ အချက်အလက်များ၊ သင်တန်းကာလ လျာထားချက်နှင့်စီမံခန့်ခွဲမှုကိစ္စရပ်များ၊ ပထမနှစ်ဝက် ပညာသင်ကာလ သင်ယူမှုရလဒ်အကဲဖြတ်မည့် အစီအစဉ်များ၊ ဘာသာရပ် သင်ကြားရေးအဖွဲ့များက ညှိနှိုင်းပြင်ဆင်ရေးဆွဲထားသော သင်ရိုးညွှန်းတမ်းများ၊ ကျောင်းသား ကျောင်းသူများအတွက် အဆောင်ထားရှိနိုင်မှု အခြေအနေများ၊ ဘွဲ့ကြိုပထမနှစ်မှ တတိယနှစ်အထိ သင်တန်းများ၊ အဝေးသင် သင်တန်းများနှင့် ဆက်လက်ဖွင့်လှစ်မည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြကြသည်။

### ဖြည့်ဆည်းဆောင်ရွက်ပေး

ယင်းနောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးများက ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးအကြံပြုကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးဖြေကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တစ်ယောက်အားမှသည် ထောင်သောင်းများစွာ

ကြိုင်သင်း

**မြန်မာနိုင်ငံဟာ အချုပ်အခြာအာဏာပိုင် လွတ်လပ်တဲ့နိုင်ငံဖြစ်ပါတယ်။ နိုင်ငံတော်မှာ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနဲ့ ညီမျှခြင်းဆိုတဲ့ လောကပါလတရားတွေ ပိုမိုထွန်းကားလာဖို့ အခြေခံမူလည်း တိတိကျကျ သတ်မှတ်ထားပြီးဖြစ်ပါတယ်။ လွတ်လပ်တဲ့နိုင်ငံဖြစ်တာနဲ့အညီ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ခွင့်လည်း အပြည့်အဝရှိထားပြီးဖြစ်ပါတယ်။**

လူတစ်ဦးချင်းစီ လွတ်လပ်ခွင့်၊ အသင်းအဖွဲ့ လွတ်လပ်ခွင့်၊ ယုံကြည်ကိုးကွယ်ရာ လွတ်လပ်ခွင့်၊ လုပ်နည်းလုပ်ဟန်လွတ်လပ်ခွင့်၊ သတင်းစကား လွတ်လပ်ခွင့် စတဲ့အခြေခံလွတ်လပ်ခွင့်တွေကို ဥပဒေနဲ့အညီ ဘောင်အတွင်းက နိုင်ငံတော်ပြိုကွဲပျက်စီးမှုနဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲမှုတွေ မဖြစ်ပါက စည်းကမ်းနည်းလမ်းတကျ အပြည့်အဝပေးထားပြီး ဖြစ်ပါတယ်။

ဒီလိုရှင်းလင်းပြတ်သားပြီး တိကျခိုင်မာတဲ့ အခြေခံမူတွေ ရှိပြီးသားနိုင်ငံမှာ မတည်ငြိမ်မှုတွေ၊ အခက်အခဲတွေ၊ အချင်းချင်း မယုံကြည်မှုတွေ၊ သံသယတွေ၊ သံယောဇဉ်တရားတွေ၊ မေတ္တာတရားတွေ၊ ကိုယ်ချင်းစာနားလည်မှုတွေ ခေါင်းပါးဆိတ်သုဉ်းပျက်ပြားလာတာဟာ အထိန်းအကွပ်မဲ့ ပရမ်းပတာလွတ်လပ်လိုမှုတွေကြောင့် ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ လူတစ်ဦးချင်းစီ ဘယ်အတိုင်းအတာအထိ လွတ်လပ်ခွင့်ရှိပါသလဲ။ ဒီလွတ်လပ်ခွင့်တွေကို မှန်မှန်ကန်ကန် အသုံးချကြပါရဲ့လား။ အခြေခံဥပဒေက ပေးထားတဲ့ လွတ်လပ်ခွင့်တွေထက် ကျော်လွန်သုံးစွဲနေကြမှုတွေရဲ့ နောက်ဆက်တွဲ ပြဿနာတွေကို မြန်မာ့လူမှုအသိုက်အဝန်းမှာ အားလုံးက ခါးစည်းရင်ဆိုင် ဖြေရှင်းပေးနေကြရတာဖြစ်ပါတယ်။

## လွတ်လပ်ခွင့်နှင့် တရားမျှတမှု

နိုင်ငံသားတိုင်းဟာ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူတို့အကျိုးအတွက် ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေနဲ့ မဆန့်ကျင်ဘဲ မိမိရဲ့ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်တွေကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နဲ့ ရေးသားဖြန့်ဝေခွင့် ရှိပါတယ်။ လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်နဲ့ တန်းစီလှည့်လည်ခွင့် ရှိပါတယ်။ အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးတွေ ဖွဲ့စည်းဆောင်ရွက်ခွင့်ရှိပါတယ်။ တိုင်းရင်းသားလူမျိုး တစ်မျိုးနဲ့တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းနဲ့ အခြားဘာသာသာသနာတွေကို ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးတဲ့ စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်တဲ့ ဘာသာသာသနာနဲ့ ဓလေ့ထုံးတမ်းတွေကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်ရှိပါတယ်။

ဒီလိုလွတ်လပ်ခွင့်တွေကို ရှင်းရှင်းလင်းလင်း ပြည့်ပြည့်ဝဝ ပေးထားပါလျက် တရားဥပဒေဘောင်ကို ကျော်လွန်ပြီး လွန်ကဲစွာ အထိန်းအကွပ်မဲ့ လွတ်လပ်လိုပြီး စည်းကမ်းမဲ့ ရုပ်ဆိုးအကျည်းတန်တဲ့ လုပ်ရပ်မျိုးတွေကို ဘယ်နိုင်ငံရဲ့ အစိုးရကမှ ကြည်ဖြူ

ကျေနပ်စွာ မျက်လုံးစုံမှိတ်လက်ခံမှာ မဟုတ်ပါဘူး။ တရားဥပဒေကို မသိလို့ဘဲဖြစ်ဖြစ် သိလျက်နဲ့ပဲဖြစ်ဖြစ် ကျူးလွန်ဖောက်ဖျက်ပါက ဥပဒေအတိုင်းသာ ဆောင်ရွက်ရရိုး ဓမ္မတာပါ။ ဥပဒေရဲ့ အထက်မှာ နေလိုကြတဲ့လူတွေ၊ ဥပဒေကိုလိုသလို အလျှော့အတင်းလုပ်ပြီး ကိုယ်ကျိုးရှာ အတ္တနိုင်ငံရေးသမားတွေကြောင့်မြန်မာ့နိုင်ငံရေး ဒီမိုကရေစီခရီးလမ်းဟာ အခုလို ကာလမျိုးတွေကို ဖြတ်သန်းနေကြရတာ ဖြစ်ပါတယ်။

အစရှိတဲ့ လူထုလူတန်းစားအားလုံးဟာ တစ်မြေတည်းနေ တစ်ရေတည်းသောက် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ဖြစ်ပါတယ်။ လက်သည်းဆိတ်ရင် လက်ထိပ်နာစမြဲ ဖြစ်ပါတယ်။ ဘယ်ခေတ်၊ ဘယ်စနစ်မှာမဆို ညီညွတ်သော စုပေါင်းစွမ်းပကားမရှိပါက တိုးတက်အောင်မြင်တဲ့ ရလဒ်ကို ကြည်နူးပီတိအပြည့်အဝဖြင့် မြင်တွေ့ရရှိနိုင်မှာ မဟုတ်ပါဘူး။

မိသားစုအချင်းချင်း စည်းလုံးမှု မရှိတဲ့

နေထိုင်ကြသူတွေသာ ဖြစ်ပါတယ်။ ရှေ့ကာလငါးနှစ်တာအတွင်းမှာ မြန်မာနိုင်ငံရဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေး မဏ္ဍိုင်တွေကို မသိမသာတစ်မျိုး၊ သိသိသာသာတစ်ဖုံ ဖျက်ဆီး၊ ပုံသွင်းပြီး အကျင့်ဆိုးတွေကို ယဉ်ပါးအောင် မွေးမြူခြင်းခံခဲ့ရပါတယ်။ ဒီလိုမဟုတ် မတရားသောနည်းလမ်းတွေနဲ့ နယ်ပယ်စုံ၊ ကဏ္ဍအသီးသီးမှာ ဒီမိုကရေစီဗန်းပြပြီး ခြစားချင်တိုင်းစား၊ မလျော်ဩဇာသုံး အာဏာတုံးတွေအောက်မှာ မြန်မာနိုင်ငံရဲ့ ယန္တရားအားလုံး အတုံးအရုံး ကျဆုံးခဲ့ရတာပါ။ ရောဂါကျွမ်းလုနီးပါးဖြစ်နေတဲ့ မြန်မာ့နိုင်ငံရေးကို ဆေးခါးကြီးတိုက်ပြီး ပြန်လည်နာလန်ထူကျန်းမာလာအောင် ကုသရေးမှာ တိုင်းသူပြည်သားအားလုံးရဲ့ သမိုင်းပေးတာဝန်တစ်ရပ် ဖြစ်လာပါတယ်။ တိုင်းတစ်ပါးအထင်ကြီးမှု၊ ပုံမှန်လျှောက်လှမ်းရမယ့်

> **❑ "နိုင်ငံသားတိုင်းဟာ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူတို့အကျိုးအတွက် ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေနဲ့ မဆန့်ကျင်ဘဲ မိမိရဲ့ယုံကြည်ချက်၊ ထင်မြင်ယူဆချက်တွေကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နဲ့ ရေးသားဖြန့်ဝေခွင့်ရှိ။ လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်နဲ့ တန်းစီလှည့်လည်ခွင့်ရှိ။ အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးတွေ ဖွဲ့စည်းဆောင်ရွက်ခွင့်ရှိ။ တိုင်းရင်းသားလူမျိုး တစ်မျိုးနဲ့တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုး အချင်းချင်းနဲ့ အခြားဘာသာသာသနာတွေကို ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးတဲ့ စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်တဲ့ဘာသာသာသနာနဲ့ ဓလေ့ထုံးတမ်းတွေကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်ရှိ"**

မရိုးသားမှုတွေ၊ စည်းကမ်းမရှိမှုတွေနဲ့ ဥပဒေတွေကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ပြီး တိုင်းပြည်ကို ကမောက်ကမဖြစ်အောင် လုပ်ခဲ့ကြတဲ့ လူစုအန္တရာယ်ကနေ ပြည်သူတွေရဲ့ အနာဂတ်ခရီး သာယာဖြောင့်ဖြူးရေးအတွက် သမိုင်းပေးတာဝန် အရ တပ်မတော်က ပါဝင်ထမ်းဆောင်ပေးနေရတာ ဖြစ်ပါတယ်။ နိုင်ငံတော်ကို စစ်မှန်ပြီး တရားမျှတတဲ့ ဒီမိုကရေစီစနစ် အမြန်ထူထောင် အကောင်အထည်ဖော်နိုင်ဖို့ တိုင်းသူပြည်သားတွေရဲ့ မှန်ကန်တဲ့ စိတ်ထားနဲ့ ကျရာအခန်းကဏ္ဍက မိမိတို့တာဝန်များကို ပုံမှန်ဆောင်ရွက်ကြရေးဟာ ယခုလိုအချိန်ကာလမှာ အရေးကြီးဆုံးသော ကိစ္စဖြစ်ပါတယ်။

## ရင်နှစ်သည်းချာ ရတနာ

ပြည်သူထဲက ပေါက်ဖွားပြီး ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို သယ်ပိုးထမ်းဆောင်နေကြတဲ့ တပ်မတော်အပါအဝင် နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိကဝန်ထမ်းများနဲ့ တောင်သူလယ်သမား၊ အလုပ်သမား

အိမ်ထောင်စုဟာ သာယာပျော်ရွှင်မှု မရှိသလို မညီမညွတ်နဲ့ တစ်ယောက်တစ်ပေါက် ထင်ရာစိုင်းနေကြတဲ့ ရပ်ရွာဒေသဟာလည်း တိုးတက်အောင်မြင်သာယာဝပြောမှုကို ရရှိခံစားနိုင်မှာ မဟုတ်ပါဘူး။ တစ်ဦးချင်းမှသည် တစ်နိုင်ငံလုံး သွေးချင်းတွေပီပီ လက်တွေ့ကျတဲ့ အတွေးအမြင်တွေနဲ့ ကိုယ့်အနာဂတ်ခရီးလမ်းကို တရားနည်းလမ်းတကျ လျှောက်လှမ်းကြဖို့ အချိန်တန်ပါပြီ။ အကျိုးမဲ့၊ အဓိပ္ပာယ်မဲ့ မိမိတို့ရဲ့ ရှင်သန်မှုအချိန်တွေကို ကုန်လွန်စေပြီး အလဟဿမဖြစ်စေရေးဟာ အခရာကျတဲ့ အခြေခံအကြောင်းတရားဖြစ်ပါတယ်။ နိုင်ငံ့တာဝန်တွေကို ပခုံးပြောင်း ထမ်းဆောင်ကြရမယ့် အနာဂတ်ရဲ့ ရင်နှစ်သည်းချာ ရတနာတွေ ခွန်အားအပြည့်နဲ့ ကြည်လင်တဲ့အမြင် ရွှင်ပြသောနှလုံးသားတွေနဲ့ မိမိတို့စွမ်းပကား တွေနဲ့ လုပ်အားတွေကို တိုင်းပြည်အတွက် အသုံးချရေးဟာ လူသားတာဝန်ကေန်စင်စစ် ဖြစ်ပါတယ်။

## ခေတ်သစ်ပုဆိန်ရိုးများ

တိုင်းတစ်ပါးကနေ မြှောက်ထိုးပင့်ကော်လုပ်နေတဲ့ မျှော်လင့်ချက်ပေး လှည့်ဖြားသတင်းတွေ၊ အချင်းချင်း အမုန်းပွားရေး သွေးခွဲသပ်လျှိုမှုတွေ၊ မညီမညွတ်နဲ့ အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲပျက်စီးရေး ဖန်တီးနေမှုတွေ၊ တရားလက်လွတ်ကျူးလွန်မှုတွေ ဖြစ်ပေါ်စေရေး နည်းလမ်းစုံသုံး ထောက်ပံ့အားပေးကူညီမှုတွေဟာ မြန်မာနိုင်ငံကို အလုံးစုံ ပျက်သုဉ်းရေးဆီသို့ တွန်းပို့နေတဲ့ နိုင်ငံရေးလုပ်ကြံမှုတွေ ဖြစ်ပါတယ်။

တိုင်းတစ်ပါးကလူတွေ ဖြစ်စေချင်သလို မြန်မာပြည်ကြီး အတိဒုက္ခရောက်ပါက တကယ်တမ်းလက်တွေ့ခံစားရမှာက မြန်မာနိုင်ငံအတွင်း မှီတင်း

ခရီးကို ဖြတ်လမ်းက လိုက်လိုမှုတွေနဲ့ တိုင်းပြည်နဲ့ လူမျိုးအပေါ် သစ္စာမရှိတဲ့ လူတစ်စုကြောင့် အားလုံးအတွက် နစ်နာစရာ၊ အရှက်ရစရာတွေ ဖြစ်လာရတာ ဖြစ်ပါတယ်။

ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းတစ်ခုကို ဖယ်ထုတ်ရင် ဒုက္ခိတဖြစ်သွားတဲ့ အခြေခံသဘောလိုပဲ မြန်မာ့နိုင်ငံရေးထဲက မရှိမဖြစ် တိုင်းပြည်လုံခြုံရေးနဲ့ တည်ငြိမ်ရေးကို ကာကွယ်နေတဲ့ တပ်မတော်ကို ဖယ်ထုတ်ဖို့ ဖျက်ဆီးဖို့ ကြံစည်နေကြတဲ့ ခေတ်သစ်ပုဆိန်ရိုးတွေရဲ့ နိုင်ငံပျက်သုဉ်းရေး စီမံချက်ဟာ အလွန်ကြောက်စရာ၊ ရွံစရာကောင်းလှပါတယ်။ ကိုယ့်နိုင်ငံ တည်ငြိမ်အေးချမ်းသာယာဝပြောရေးကို ကိုယ်ထူကိုယ်ထ ကိုယ့်အားကိုယ်ကိုးစနစ်သည်သာ အကောင်းဆုံးသော နည်းလမ်း၊ အထိရောက်ဆုံးသော နည်းလမ်းဖြစ်ပါတယ်။

## ပူးပေါင်းမှုစွမ်းအား

မြန်မာနိုင်ငံသူ နိုင်ငံသားတွေရဲ့ အခြေခံသဘောသည် ကြင်နာသနားဖော်ရွေကူညီ နားလည်မှုရှိရိုင်းပင်းကူညီမှု စိတ်ထားအရင်းခံရှိသူများ ဖြစ်ပါတယ်။ ယခုလို အခက်အခဲများ ကြုံတွေ့နေရချိန်မှာ မိမိတို့ရဲ့ ပုံမှန်လူနေမှုဘဝများ ဖြစ်တည်လည်ပတ်ရေးဟာ ပထမဦးဆုံး လုပ်ရမယ့်အရာဖြစ်ပါတယ်။ ကိုယ်တိုင်လည်းအကျိုးမရှိ၊ အများအတွက်လည်း အရာမထင်၊ အမှားသံသရာများမှာ နားယောင်ပျော်ဝင်မနေကြဖို့ အထူးလိုအပ်ပါပြီ။ တစ်ယောက်အားမှသည် ထောင်သောင်းများစွာ ပူးပေါင်းမှုစွမ်းအားတွေနဲ့ မိမိတို့ဘဝတွေကို အောင်မြင်ပျော်ရွှင်သော လူမှုအသိုက်အဝန်းအဖြစ် ဥပဒေများကို လေးစားလိုက်နာကာ နေထိုင်ဆောင်ရွက်နိုင်ကြပါစေကြောင်း ရေးသားဖော်ပြလိုက်ရပါတယ်။

> **"တိုင်းတစ်ပါးကနေ မြှောက်ထိုးပင့်ကော်လုပ်နေတဲ့ မျှော်လင့်ချက်ပေး လှည့်ဖြားသတင်းတွေ၊ အချင်းချင်းအမုန်းပွားရေး သွေးခွဲသပ်လျှိုမှုတွေ၊ မညီမညွတ်နဲ့ အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲပျက်စီးရေးဖန်တီးနေမှုတွေ၊ တရားလက်လွတ် ကျူးလွန်မှုတွေဖြစ်ပေါ်စေရေး နည်းလမ်းစုံသုံး ထောက်ပံ့အားပေးကူညီမှုတွေဟာ မြန်မာနိုင်ငံကို အလုံးစုံပျက်သုဉ်းရေးဆီသို့ တွန်းပို့နေတဲ့ နိုင်ငံရေးလုပ်ကြံမှုတွေဖြစ်"**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# စားနပ်ရိက္ခာဖူလုံပိုလျှံရေးနှင့် ပြည်သူများလူနေမှုအဆင့်အတန်းတိုးတက်စေရေးအတွက် ပြည်ထောင်စုအဆင့်နှင့် ဒေသအာဏာပိုင်များအကြား ဆက်စပ်မှုအားကောင်းစွာဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်

နေပြည်တော် ဧပြီ ၂၅

**သီးနှံစုံ စိုက်ပျိုးဖြစ်ထွန်းသော ရေခံမြေခံကောင်းရှိသည့် ရှမ်းပြည်နယ်တွင် စားနပ်ရိက္ခာဖူလုံ ပိုလျှံစေပြီး ဒေသနေပြည်သူများ လူနေမှုအဆင့်အတန်း သိသာစွာ ပြောင်းလဲတိုးတက်လာစေရေး၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသော ကုန်ထုတ်လုပ်မှုတွင် ခေတ်မီနည်းပညာများ အသုံးပြုနိုင်ရေးနှင့် ကုန်ကြမ်းတင်ပို့ရောင်းချမှုမှ တန်ဖိုးမြင့် ကုန်ချောများ ထုတ်လုပ်နိုင်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ရရှိရန်အတွက် အဓိကလိုအပ်သည့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို စနစ်တကျ သင်ယူတတ်မြောက်စေရန် စီမံဆောင်ရွက်ပေးရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ဧပြီ ၂၃ ရက် မွန်းလွဲပိုင်းက ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ ကျော်ထွန်းနှင့် ကောင်စီဝင်များ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ဆွေးနွေး

ဆွေးနွေးပွဲတွင် ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် လူနေမှုစနစ်မြင့်မားရေးဆိုင်ရာများ၊ ခေတ်မီဆီကြိတ်စက်ကြီးများ ပေါ်ပေါက်လာရေးနှင့် စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များ တစ်နေရာတည်းတွင် စုစည်းရောင်းဝယ်နိုင်မည့် ဟိုးဆေးမားကတ် ဆောင်ရွက်နိုင်ရေးတို့အတွက် ကုမ္ပဏီများ၊ ပုဂ္ဂလိကများ၊ အသင်းအဖွဲ့များ ပူးပေါင်း ဆောင်ရွက်နိုင်ရေး ဆက်စပ် အားပေးကူညီသွားရန်၊ ဒေသနှင့် ကိုက်ညီသည့် အရည်အသွေးကောင်း သီးနှံမျိုးများနှင့် တိရစ္ဆာန်မျိုးများ ပြောင်းလဲပေးရေးနှင့် လိုအပ်သည့် နည်းပညာအကူအညီများ ပံ့ပိုးပေးရန် ကိစ္စရပ်များကို လည်းကောင်း၊ နယ်စပ်ပို့ကုန်များဖြစ်သည့် စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များတွင် သတ်မှတ်ထားသည့် ပိုးမွှားရောဂါ ထိန်းချုပ်ရေး လုပ်ငန်းဆိုင်ရာများနှင့် တိရစ္ဆာန်အစားအစာ ဈေးကွက် အလားအလာများကို လည်းကောင်း၊ စိုက်ပျိုးရေးသိပ္ပံကျောင်းများတွင် တိုးချဲ့ဆောင်ရွက်မည့် မွေးမြူရေးဒီပလိုမာ သင်တန်း ကနဦးအစီအစဉ်တွင် ပါဝင်သည့် ဟဲဟိုးစိုက်ပျိုးရေးသိပ္ပံကျောင်းအား မွမ်းမံပြင်ဆင်ရေးနှင့် အကြိုလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ၊ ရှမ်းပြည်နယ် တောင်ပိုင်း သာမက ရှမ်းပြည်နယ် အရှေ့ပိုင်းနှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတို့၌ ဆောင်ရွက်ဆဲ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ နည်းပညာပေး သင်တန်းအပြင် အခြားအသက်မွေးဝမ်းကျောင်းသင်တန်းများ တိုးချဲ့ဆောင်ရွက်ပေးနိုင်ရေး ဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ စက်မှုလယ်ယာစနစ် အသုံးပြုမှု ပိုမိုတွင်ကျယ်လာစေရန် စက်မှုလယ်ယာ ဝန်ဆောင်သူများ ဖိတ်ခေါ်ခြင်း၊ တောင်သူများ ကိုယ်ပိုင် လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူအသုံးပြုနိုင်ရေးနှင့် လယ်ယာသုံး စက်ကိရိယာမောင်းနှင်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းဆိုင်ရာ သင်တန်းများ ဆောင်ရွက်ပေးရန်၊ ဆည်ရေသောက်ဧရိယာများ၌ ရေအသုံးချသူအဖွဲ့များ တိုးချဲ့ဖွဲ့စည်းရန်၊ သဘောထားညီညွတ်သူများ စုပေါင်းဆောင်ရွက်နိုင်သည့် သမဝါယမအသင်းများကို ဥပဒေနှင့် အညီ စနစ်တကျ ဖွဲ့စည်း ဆောင်ရွက်ပေးနိုင်ရေး ဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

## ဆောင်ရွက်သွားမည်ဖြစ်

ရှမ်းပြည်နယ်အနေဖြင့် ဆန်ဖူလုံမှု ၈၈ ရာခိုင်နှုန်း၊ စားသုံးဆီဖူလုံမှု ၆၆ ရာခိုင်နှုန်းနှင့် ပဲမျိုးစုံဖူလုံမှု ၂၀၀ ရာခိုင်နှုန်းကျော်ရှိရာ ဒေသ၏ စားနပ်ရိက္ခာ ဖူလုံပိုလျှံရေး၊ ရေမြေရာသီဥတုနှင့် ကိုက်ညီသည့် ဝင်ငွေရ အရည်အသွေးကောင်း သီးနှံအမယ်သစ်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေး၊ ခေတ်မီနည်းပညာများ အသုံးပြုနိုင်ရေးနှင့် သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက် နိုင်ရေးတို့အတွက် ပြည်ထောင်စုအဆင့် တာဝန်ရှိသူများနှင့် ဒေသအာဏာပိုင်များအကြား ဆက်စပ်မှုအားကောင်းစွာဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။



ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး Green Gold ကော်ဖီစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက် အသင်းသားတောင်သူများ စိုက်ပျိုးထားသည့် ကော်ဖီစိုက်ခင်းများကို ကြည့်ရှုအားပေးစဉ်။

## ဆည်ရေသောက်ဧရိယာ

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဟိုပုံးမြို့နယ်ရှိ နမ့်ခွီးရေလွှဲဆည်၊ တောင်ကြီးမြို့နယ်ရှိ ဆည်ကြီး ရေလွှဲဆည်နှင့် ရေသောက်စနစ်များကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေလေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် စနစ်တကျ အသုံးပြုနိုင်ရေး၊ ရေအသုံးချသူအဖွဲ့ (WUG)များ တိုးချဲ့ဖွဲ့စည်းရေးတို့ကို ဆွေးနွေးမှာကြားသည်။ နမ့်ခွီးရေလွှဲဆည်မှ စိုက်ပျိုးမြေဧက ၁၆၉၀၊ ဆည်ကြီးရေလွှဲဆည်မှ စိုက်ပျိုးမြေ ဧက ၃၀၀၀ ကို အကျိုးပြုလျက်ရှိပြီး၊ ရှမ်းပြည်နယ်၌ ဆည်ရေသောက် စိုက်ပျိုးမြေဧရိယာ စုစုပေါင်း နှစ်သိန်းကိုးသောင်းကျော် ရှိသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဟိုပုံးမြို့နယ် ဟိုလိကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ ဒေသနေပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ သောက်သုံးရေရရှိရေးအတွက် စိမ့်စမ်းရေသွယ်တန်းခြင်း လုပ်ငန်းများကိုလည်းကောင်း၊ ကျေးရွာသူကျေးရွာသားများ၏ စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်ဆောင်ရွက်မှု အခြေအနေများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာများနှင့်ပတ်သက်၍ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး မေးမြန်းဆွေးနွေးခဲ့ကြသည်။

## ကော်ဖီစိုက်ပျိုးထုတ်လုပ်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လုံပေါးကျေးရွာတွင် Green Gold ကော်ဖီစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက် တာဝန်ရှိသူများ၊ အသင်းဝင် တောင်သူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ကော်ဖီစိုက်ပျိုး ထုတ်လုပ်မှုနှင့် ဈေးကွက် အလားအလာများ၊ နည်းပညာ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ စိုက်ပျိုးမြေများကို ဥပဒေနှင့်အညီ အသုံးပြုနိုင်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး အသင်းသား တောင်သူများ စိုက်ပျိုးထားသည့် ကော်ဖီစိုက်ခင်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပွင့်ဖြူမြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းများ၊ ပရဟိတဂေဟာများ၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများအား ထောက်ပံ့ပေးအပ်

နေပြည်တော် မေ ၂၅

**ပွင့်ဖြူမြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ခြင်း၊ လူမှုရေးပင်စင် ထောက်ပံ့ခြင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်းများ၊ ပရဟိတဂေဟာများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ခြင်းအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဦးအောင်ချိန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများ၊ ပွင့်ဖြူမြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူ၊ အသက် (၈၅) နှစ်အထက်ဘိုးဘွားနှင့် ထိခိုက်လွယ်အုပ်စုဝင် မသန်စွမ်းသူအချို့သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ တက်ရောက်ကြသည်။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဂေဟာ/ရိပ်သာ ၁၉ ခု အတွက် ထောက်ပံ့ကြေး ငွေကျပ် ၁၀၇၀၄၀၀၀၀ ထောက်ပံ့ပေးအပ်စဉ်။**

## လုပ်ငန်းများ ပြန်လည်စတင်ရန်

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် (၂၀၀၈) ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များနှင့် အညီ တာဝန်ယူဆောင်ရွက်ခဲ့သည်မှာ သုံးလရှိပြီဖြစ်ကြောင်း၊ ပုံမမှန်သည့် ရွေးကောက်ပွဲဖြစ်စဉ်များ၊ သဘာဝမကျသော မဲစာရင်းမှားယွင်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ အဆိုပါကိစ္စရပ်များကို တာဝန်ယူဖြေရှင်းပေးရန် တောင်းဆိုခဲ့သော်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြေရှင်းပေးခြင်းမရှိသည့်အတွက် အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များအရ ကြားကာလ အစိုးရအနေဖြင့် တာဝန်ယူ ဆောင်ရွက်နေရခြင်း ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကာလအတွင်း ရပ်တန့်နေသည့်လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ပြန်လည်စတင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက လမ်းညွှန်ထားရှိပါကြောင်း။

သကြံန်ကာလ အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် လေပြင်းဘေးများဖြစ်ပေါ်ခဲ့ရာ ပွင့်ဖြူမြို့နယ်မှာ အများဆုံး ထိခိုက် ခံစားခဲ့ရပါကြောင်း၊ သို့ပါ၍ ပွင့်ဖြူမြို့နယ်အတွင်းရှိ လေဘေးသင့် ပြည်သူများကို ကူညီထောက်ပံ့နိုင်ရေးအတွက် လာရောက်ရခြင်းဖြစ်ပါကြောင်း။

## ကြိုးပမ်းဆောင်ရွက်လျက်ရှိ

မကွေးတိုင်း ဒေသကြီးတွင် မေ ၁၂ ရက်မှ ၁၅ ရက်အတွင်း လေပြင်းတိုက်ခတ်မှုများကြောင့် စလင်း၊ ဆိပ်ဖြူ၊ မြိုင်၊ ရေစကြို၊ ရေနံချောင်း၊ ကံမ၊ ပွင့်ဖြူ၊ ပေါက်နှင့် တောင်တွင်းကြီးမြို့နယ်များတွင် အိုးအိမ်ပျက်စီးမှု ရှိခဲ့ပါကြောင်း၊ လေပြင်းဘေးဖြစ်ပွားမှုများအနက် ပွင့်ဖြူမြို့နယ်တွင် ထိခိုက်မှုများသည့်အတွက် မိမိကိုယ်တိုင် လေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံထောက်ပံ့လိုသည့်အတွက် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ပွင့်ဖြူမြို့နယ်တွင် လေဘေးသင့်ပြည်သူ ၂၀၇၂ ဦး အတွက် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၃၀၁ သိန်းကျော် ထောက်ပံ့ပေးနိုင်မည် ဖြစ်ပါကြောင်း၊ ဘေးဒဏ်ကို လက်တွေ့ရင်ဆိုင်ကြုံတွေ့ ခံစားရသည့် ပြည်သူလူထု၏ သဘာဝဘေးအသိပညာ တိုးပွားရေး၊ ရပ်ရွာများ၏ ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်စွမ်း မြင့်မားရေးတို့ကိုလည်း လူမှုရေးအဖွဲ့အစည်းများ အပါအဝင် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း။

## ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

ယခု အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဂေဟာ/ရိပ်သာ ၁၉ ခုအတွက် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ထောက်ပံ့မှုအနေဖြင့် စုစုပေါင်းထောက်ပံ့ကြေး ငွေကျပ် ၁၀၇၀၄၀၀၀၀/- ကို ထောက်ပံ့နိုင်မည် ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ၂၀၁၄ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ပါ လုပ်ငန်းစဉ်နှင့်အညီ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဘိုးဘွားဦးရေ ၂၅၀၀၀၀ ခန့်ကို တစ်ဦးကို တစ်လလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် သုံးလတစ်ကြိမ် ထောက်ပံ့ပေးလျက်ရှိရာ မကွေးတိုင်းဒေသကြီးအတွင်း အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားဦးရေ ၂၅၃၇၅ ဦးကို ထောက်ပံ့ပေးသွားမည် ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ အတွက် လူ့အခွင့်အရေးများ တန်းတူညီမျှရရှိရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း။

## ထောက်ပံ့နိုင်ရေး စီစဉ်လျက်ရှိ

လက်ရှိ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားလျက်ရှိသော ကာလတွင် ဝန်ကြီးဌာနအနေဖြင့် ထိခိုက်လွယ်အုပ်စုဖြစ်သည့် မသန်စွမ်းသူများအတွက် ကိုဗစ်-၁၉ စီးပွားရေး ကုစားမှုအစီအစဉ်တွင် မသန်စွမ်းသူဦးရေနှစ်သိန်းအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးခဲ့ရာ ထောက်ပံ့ကြေး မရရှိခဲ့သည့် မသန်စွမ်းသူများ အတွက် ဆက်လက် ထောက်ပံ့နိုင်ရေး စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း ထောက်ပံ့ကြေးမရရှိခဲ့သည့် မသန်စွမ်းသူဦးရေ ၈,၉၁၈ ဦး ရှိကြောင်း တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ယနေ့တွင် မကွေးတိုင်းဒေသကြီးအတွင်း ထောက်ပံ့ကြေးမရရှိခဲ့သည့် မသန်စွမ်းသူဦးရေ ၈၉၁၈ ဦးအနက် ပွင့်ဖြူမြို့ရှိ မသန်စွမ်းသူ ၄၇၀ အတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၄,၁၀၀,၀၀၀ (ကျပ်တစ်ရာ လေးဆယ့်တစ်သိန်းတိတိ) ကို ထောက်ပံ့သွားမည်ဖြစ်ပြီး ကျန်ရှိသည့် မသန်စွမ်းသူများကိုလည်း ထောက်ပံ့နိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

## ပူးပေါင်းဆောင်ရွက်

နိဂုံးချုပ်အနေဖြင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော လူမှုဝန်ထမ်းလုပ်ငန်းများ ထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေး၊ ဘေးအန္တရာယ်ကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်စွမ်းရှိသော လူ့အဖွဲ့အစည်း တစ်ရပ်ဖြစ်လာစေရေး၊ ထိခိုက်လွယ်အုပ်စုများကို ပိုမိုပံ့ပိုးပေးနိုင်ရေး၊ ဝန်ကြီးဌာနအနေဖြင့် ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသကဲ့သို့ တိုင်းဒေသကြီး၊ ပြည်နယ်များမှ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင် က ကိုဗစ်-၁၉ ကြောင့် ရပ်တန့်နေသော လုပ်ငန်းများကို ပြန်လည်စတင်နိုင်ရေး ဆောင်ရွက်နေပြီ ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနနှင့် သက်ဆိုင်သော မူကြိုကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်နေပြီဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဝင်နှင့် တာဝန်ရှိသူများ၊ တက်ရောက်လာသည့် ဘိုးဘွားများ၊ လေဘေးသင့်ပြည်သူများ၊ မသန်စွမ်းသူများထံ ထောက်ပံ့ပေးအပ်ရာ အခမ်းအနားသို့ တက်ရောက်လာသူများကိုယ်စား မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဦးအောင်ချိန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

## ပေါင်းစပ်ညှိနှိုင်းပေး

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် မကွေးမြို့ပေါ်ရှိ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြားပြီး တက်ရောက်လာသည့် ဝန်ထမ်းများက တင်ပြလိုသည်များကို ဆွေးနွေးတင်ပြခဲ့ကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ ရောက်ရှိပြီး တိုင်းဒေသကြီး ဦးစီးမှူးရုံး သိုလှောင်ရုံအား ကြည့်ရှုစစ်ဆေးကာ သိုလှောင်ရုံ ထိန်းသိမ်းရေး လက်စွဲအတိုင်း လိုက်နာကျင့်သုံး ဆောင်ရွက်ရန်နှင့် ယခုလတ်တလော ဖြစ်ပွားလျက်ရှိသည့် လေဘေးဖြစ်ပွားမှုများနှင့် မိုးဦးကာလဖြစ်ပွားတတ်သည့် ဘေးအမျိုးမျိုးအတွက် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ လုံလောက်စွာ ဖြည့်တင်းထားရှိရေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

❑ *ကျော်ဖုံးမှ*

ကြည့်မြင်တိုင် အနောက်ဘက်ကမ်းနှင့် ဒလမြို့နယ်များမှာ ရန်ကုန်မြို့တော် ရေပေးဝေရေး ဇုန် (၁၀) အတွင်း ပါဝင်ရာ ပင်လယ်နှင့် နီးပြီး ရန်ကုန်မြစ်၊ တွံတေးတူးမြောင်းနှင့် မြေအောက်ရေတို့မှာ ရေငန် ဝင်ရောက်မှုရှိကြောင်း၊ လက်ရှိရန်ကုန်မြို့၏ ရေပေးဝေရေးစနစ်အရ ရေအရင်းအမြစ်များဖြစ်သော ဂျိုးဖြူ လှော်ကား၊ ဖူးကြီး စသည့်ရေလှောင် ကန်ကြီးများ၊ ငမိုးရိပ်နှင့် လဂွန်းပြင် ရေသန့်စင်စက်ရုံများမှာ ရန်ကုန်မြို့၏ မြောက်ဘက်အစွန်တွင် တည်ရှိသဖြင့် လမ်းပန်းဆက်သွယ်မှု အနေအထားအရ ရေလှောင်ကန်ကြီးများမှရေကို ပေးပို့ရန်အခက်အခဲရှိကြောင်း၊ ရန်ကုန်မြို့တောင်ပိုင်းနှင့် အနောက်တောင်ပိုင်းတို့ကို ရေအလုံအလောက် ပေးဝေနိုင်ရေးအတွက် လက်ရှိ ဒလမြို့နယ် ရေပေးဝေရေးစနစ်၏ ပိုက်လိုင်းကွန်ရက်အတွင်းသို့ ပိုက်လိုင်းစနစ်ဖြင့်လည်းကောင်း၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံတေးမြို့ နယ်များသို့ ရေကားများဖြင့်လည်းကောင်း သောက်သုံးရေ ဖြန့်ဖြူးပေးရန်အတွက် ရန်ကုန်တောင်ပိုင်းခရိုင် ရေပေးဝေရေး စီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

✻ *ကျော်ဖုံးမှ*

ဝုဒ်ကပင် ပွဲချိန် ၂၁ မိနစ်နှင့် ၄၄ မိနစ်တို့တွင် သွင်းယူပေးနိုင်ခဲ့သည်။ ဘန်လေအသင်းအတွက် စတုတ္ထဂိုးကို ဒုတိယပိုင်းပွဲချိန် ၈၅ မိနစ်တွင် ဝက်စ်ဝုဒ်က သွင်းယူပေးနိုင်ခဲ့၍ ဝုဖ်အသင်းကို လေးဂိုးပြတ် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။

ဘန်လေအသင်းသည် ယနေ့ပွဲစဉ်တွင် ဝုဖ်အသင်းကို အနိုင်ရရှိခဲ့သောကြောင့် ၃၃ ပွဲ ကစားပြီး ရမှတ် ၃၆ မှတ်ဖြင့် လာမည့်နှစ် ပရီမီယာလိဂ်တွင် တင်ကျန်ရန် အားကောင်းလာသည့် အနေအထားသို့ ရောက်ရှိလာခဲ့သည်။ ဘန်လေအသင်းသည် လာမည့်ပွဲစဉ်အဖြစ် မေ ၄ ရက်တွင် ဝက်စ်ဟမ်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

အခြားပွဲစဉ်ဖြစ်သည့် လိဒ်စ်နှင့် မန်ယူတို့ပွဲတွင် ဂိုးမရှိသရေဖြင့် တစ်မှတ်စီ ခွဲယူခဲ့သည်။ မန်စီးတီးနှင့် မန်ယူတို့မှာ ၃၃ ပွဲစီ ကစားအပြီး မန်စီးတီးက ၇၇ မှတ်၊ မန်ယူက ၆၇ မှတ်ဖြင့် ဇယားထိပ်၌ ဦးဆောင်နေသည်။

**အောင်ဇော်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ မေလ ၂၅ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ တောင်သာမြို့နယ်နှင့် ညောင်ဦးမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၃ ကြိမ် နှင့် အထက် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင် နေသူများ |
|---|---|---|---|---|---|---|
| ၁ | မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် မဲရုံ ၂၇၆ ရုံ | ၂၃၅၃၅၉ | ၁၉၄၂၉၇ | ၁၃၄၂၃ | ၂၄၇၅ | ၂၉၉၂၆ |
| ၂ | မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် မဲရုံ ၃၂၂ ရုံ | ၁၉၅၂၁၁ | ၁၅၀၁၈၅ | ၈၃၅၉ | ၂၄၆၃ | ၂၆၇၀၂ |
| ၃ | မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မဲရုံ ၂၃၆ ရုံ | ၂၀၆၀၄၈ | ၁၆၉၁၅၁ | ၆၆၆၇ | ၉၁၅ | ၁၇၉၈၄ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ တောင်သာမြို့နယ်နှင့် ညောင်ဦးမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို သက်ဆိုင်ရာမြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၃ မြို့နယ်တွင် မဲရုံပေါင်း ၈၃၄ ရုံ၊ စုစုပေါင်းထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၇၁၈၂၈၉ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ် ဖြတ်ပိုင်းများမှာ ၄၇၀၆၃၄၊ ကျန်ရှိရမည့်အရေအတွက်မှာ ၂၄၇၆၅၅၊ မြေပြင်လက်ကျန် ၂၂၀၂၇၆ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၃၇၀၇၁ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၉၆၉၂ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရ မည့်မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | မြင်းခြံမြို့နယ် | ၂၇၆ | ၂၆၁၁၃၈ | ၁၇၇၀၃၆ | ၈၄၁၀၂ | ၇၃၀၆၄ | ၁၃၉၇၁ | ၂၉၃၃ |
| ၂ | တောင်သာမြို့နယ် | ၃၂၂ | ၂၂၄၁၈၈ | ၁၃၃၃၁၇ | ၉၀၈၇၁ | ၈၁၁၂၃ | ၁၂၇၈၈ | ၃၀၄၀ |
| ၃ | ညောင်ဦးမြို့နယ် | ၂၃၆ | ၂၃၂၉၆၃ | ၁၆၀၂၈၁ | ၇၂၆၈၂ | ၆၆၀၈၉ | ၁၀၃၁၂ | ၃၇၁၉ |
| | စုစုပေါင်း | ၈၃၄ | ၇၁၈၂၈၉ | ၄၇၀၆၃၄ | ၂၄၇၆၅၅ | ၂၂၀၂၇၆ | ၃၇၀၇၁ | ၉၆၉၂ |

### မြင်းခြံမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်တွင် ရပ်ကွက် ၂၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၄ အုပ်စု၊ မဲရုံပေါင်း ၂၇၆ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၆၁၁၃၈ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၇၇၀၃၆၊ ကျန်ရှိရမည့် အရေအတွက်မှာ ၈၄၁၀၂ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၇၃၀၆၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရ မည့်မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက် ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၄၆၇၅၀ | ၁၇၅၁၈၁ | ၇၁၅၆၉ | ၅၈၆၁၃ | ၁၃၉၇၁ | ၁၀၁၅ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၈၅၅ | ၁၈၅၅ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၂၅၃၃ | | ၁၂၅၃၃ | ၁၄၄၅၁ | | ၁၉၁၈ |
| | စုစုပေါင်း | ၂၆၁၁၃၈ | ၁၇၇၀၃၆ | ၈၄၁၀၂ | ၇၃၀၆၄ | ၁၃၉၇၁ | ၂၉၃၃ |

၆။ မြင်းခြံမြို့နယ်၊ ရပ်ကွက် ၂၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၄ အုပ်စု၊ မဲရုံပေါင်း ၂၇၆ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၁၃၉၇၁ ပျောက်ဆုံးနေပြီး ၁၀၁၅ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့်အရေအတွက် ၁၂၅၃၃ ဖြစ်သော်လည်း မြေပြင်တွင် ၁၄၄၅၁ ကျန်ရှိနေသဖြင့် မဲလက်မှတ် ၁၉၁၈ ပိုနေသည်ကို စစ်ဆေးတွေ့ရှိရပါသည်။

၇။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ မြင်းခြံမြို့နယ်၊ ဒေါင့်သစ်ကျေးရွာအုပ်စု မဲရုံအမှတ်(၂)နှင့် မဲရုံအမှတ်(၄)တို့တွင် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများနှင့် လက်ကျန်များကို ပြန်လည် အပ်နှံထားခြင်း မရှိပါ။ ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံအချို့သည် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ ရွေးကောက်ပွဲကျင်းပပြီး နောက်ပိုင်းမှသာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ဆန္ဒမဲလက်မှတ်လက်ခံဖြတ်ပိုင်းများနှင့် လက်ကျန်များကို ပြန်လည်အပ်နှံထားရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၈။ မြင်းခြံမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့်မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | အမှတ်(၁)ရပ်ကွက် | ၇ | ၁၀၀၅၀ | ၆၅၆၄ | ၃၄၈၆ | ၃၃၈၆ | ၁၀၀ | |
| ၂ | အမှတ်(၂) ရပ်ကွက် | ၆ | ၆၇၀၀ | ၄၉၉၆ | ၁၇၀၄ | ၁၆၄၁ | ၆၃ | |
| ၃ | အမှတ်(၃) ရပ်ကွက် | ၂ | ၁၉၀၀ | ၁၅၀၂ | ၃၉၈ | ၃၉၈ | | |
| ၄ | အမှတ်(၄) ရပ်ကွက် | ၄ | ၅၆၀၀ | ၃၅၆၄ | ၂၀၃၆ | ၁၁၈၆ | ၈၅၀ | |
| ၅ | အမှတ်(၅) ရပ်ကွက် | ၂ | ၂၀၅၀ | ၁၄၄၀ | ၆၁၀ | ၆၁၀ | | |
| ၆ | အမှတ်(၆) ရပ်ကွက် | ၅ | ၆၆၀၀ | ၄၇၁၃ | ၁၈၈၇ | ၁၇၃၆ | ၁၅၁ | |
| ၇ | အမှတ်(၇) ရပ်ကွက် | ၂ | ၂၂၅၀ | ၁၈၂၆ | ၄၂၄ | ၄၂၄ | | |
| ၈ | အမှတ်(၈) ရပ်ကွက် | ၁ | ၈၅၀ | ၆၃၄ | ၂၁၆ | ၂၆၆ | | ၅၀ |
| ၉ | အမှတ်(၉) ရပ်ကွက် | ၂ | ၂၀၀၀ | ၁၅၃၁ | ၄၆၉ | ၄၆၉ | | |
| ၁၀ | အမှတ်(၁၀) ရပ်ကွက် | ၂ | ၁၇၅၀ | ၁၂၄၇ | ၅၀၃ | ၄၅၃ | ၅၀ | |
| ၁၁ | အမှတ်(၁၁) ရပ်ကွက် | ၃ | ၂၄၅၀ | ၁၉၃၉ | ၅၁၁ | ၆၅၅ | | ၁၄၄ |
| ၁၂ | အမှတ်(၁၂) ရပ်ကွက် | ၃ | ၃၂၀၀ | ၂၃၀၈ | ၈၉၂ | ၄၉၂ | ၄၀၀ | |
| ၁၃ | အမှတ်(၁၃) ရပ်ကွက် | ၃ | ၃၅၅၀ | ၂၁၅၅ | ၁၃၉၅ | ၉၇၄ | ၄၂၁ | |
| ၁၄ | အမှတ်(၁၄) ရပ်ကွက် | ၃ | ၃၀၅၀ | ၁၇၈၆ | ၁၂၆၄ | ၃၄၉ | ၉၁၅ | |
| ၁၅ | အမှတ်(၁၅) ရပ်ကွက် | ၂ | ၂၁၅၀ | ၁၅၄၇ | ၆၀၃ | ၆၀၃ | | |
| ၁၆ | အမှတ်(၁၆) ရပ်ကွက် | ၅ | ၅၅၀၀ | ၃၉၀၅ | ၁၅၉၅ | ၁၅၅၃ | ၄၂ | |
| ၁၇ | အမှတ်(၁၇) ရပ်ကွက် | ၂ | ၃၉၀၀ | ၂၅၅၂ | ၁၃၄၈ | ၈၉၉ | ၄၄၉ | |
| ၁၈ | အမှတ်(၁၈) ရပ်ကွက် | ၅ | ၅၁၀၀ | ၃၇၅၁ | ၁၃၄၉ | ၁၃၄၉ | | |
| ၁၉ | အမှတ်(၁၉) ရပ်ကွက် | ၃ | ၅၆၀၀ | ၃၄၂၇ | ၂၁၇၃ | ၇၈၃ | ၁၃၉၀ | |
| ၂၀ | အမှတ်(၂၀) ရပ်ကွက် | ၂ | ၂၅၀၀ | ၁၇၉၁ | ၇၀၉ | ၅၆၄ | ၁၄၅ | |
| ၂၁ | ဆီမီးခုံမြို့(၁)ရပ်ကွက် | ၁ | ၈၀၀ | ၅၅၉ | ၂၄၁ | ၂၄၁ | | |
| ၂၂ | ဆီမီးခုံမြို့(၂)ရပ်ကွက် | ၁ | ၁၃၀၀ | ၉၈၁ | ၃၁၉ | ၂၆၉ | ၅၀ | |
| ၂၃ | ဆီမီးခုံမြို့(၃)ရပ်ကွက် | ၁ | ၁၂၅၀ | ၉၁၃ | ၃၃၇ | ၃၃၇ | | |
| ၂၄ | ဆီမီးခုံမြို့(၄)ရပ်ကွက် | ၂ | ၁၁၅၀ | ၈၄၂ | ၃၀၈ | ၃၀၈ | | |
| ၂၅ | နတ်ထားကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၉၉၇ | ၃၀၃ | ၃၀၃ | | |
| ၂၆ | ညောင်ဝန်းကျေးရွာအုပ်စု | ၁ | ၅၀၀ | ၈၈ | ၄၁၂ | ၁၆၂ | ၂၅၀ | |
| ၂၇ | ကန်ချောကျေးရွာအုပ်စု | ၉ | ၃၅၅၀ | ၂၇၅၆ | ၇၉၄ | ၁၁၆၄ | | ၃၇၀ |

*စာမျက်နှာ ၁၀ သို့*

စာမျက်နှာ ၉ မှ

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့်မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၂၈ | ကုက္ကဲကျေးရွာအုပ်စု | ၃ | ၁၈၀၀ | ၁၀၅၉ | ၇၄၁ | ၅၄၁ | ၂၀၀ | |
| ၂၉ | ရွာသာယာကျေးရွာအုပ်စု | ၃ | ၂၃၅၀ | ၁၇၅၂ | ၅၉၈ | ၄၉၈ | ၁၀၀ | |
| ၃၀ | ထိန်ပန်းကျေးရွာအုပ်စု | ၁ | ၁၈၀၀ | ၁၃၁၇ | ၄၈၃ | ၄၈၃ | | |
| ၃၁ | ယုန်ထိုးကျေးရွာအုပ်စု | ၅ | ၃၀၅၀ | ၂၀၈၀ | ၉၇၀ | ၆၈၁ | ၂၈၉ | |
| ၃၂ | ပြားကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၆၈၂ | ၇၁၈ | ၅၂၈ | ၁၉၀ | |
| ၃၃ | မီးပေါက်ကျေးရွာအုပ်စု | ၄ | ၂၉၀၀ | ၂၂၁၅ | ၆၈၅ | ၆၈၅ | | |
| ၃၄ | ကန်စွယ်ကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၉၅၅ | ၃၄၅ | ၃၄၃ | ၂ | |
| ၃၅ | ပျိုးကန်ကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၇၂၈ | ၃၂၂ | ၃၂၂ | | |
| ၃၆ | ကျီးပင်ကန်ကျေးရွာအုပ်စု | ၃ | ၁၅၀၀ | ၁၁၀၃ | ၃၉၇ | ၄၉၇ | | ၁၀၀ |
| ၃၇ | သင်ပြွန်းကျေးရွာအုပ်စု | ၄ | ၄၇၅၀ | ၃၅၆၃ | ၁၁၈၇ | ၁၀၃၇ | ၁၅၀ | |
| ၃၈ | လယ်သစ်ကျေးရွာအုပ်စု | ၅ | ၅၃၀၀ | ၃၈၉၉ | ၁၄၀၁ | ၁၃၀၁ | ၁၀၀ | |
| ၃၉ | ပျော်ဘွယ်ကျေးရွာအုပ်စု | ၅ | ၄၈၅၀ | ၃၃၁၉ | ၁၅၃၁ | ၁၃၂၁ | ၂၁၀ | |
| ၄၀ | ဗလုံကျေးရွာအုပ်စု | ၅ | ၃၆၅၀ | ၂၆၂၇ | ၁၀၂၃ | ၅၇၃ | ၄၅၀ | |
| ၄၁ | ကန်ဆင့်ကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၆၈၉ | ၅၁၁ | ၄၉၉ | ၁၂ | |
| ၄၂ | ကွမ်းစိုက်ကျေးရွာအုပ်စု | ၄ | ၃၀၀၀ | ၁၉၈၉ | ၁၀၁၁ | ၃၈၄ | ၆၂၇ | |
| ၄၃ | ချေဆေးကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၇၀၂ | ၂၉၈ | ၂၉၈ | | |
| ၄၄ | ကူကျေးရွာအုပ်စု | ၃ | ၂၅၀၀ | ၁၆၀၉ | ၈၉၁ | ၈၉၁ | | |
| ၄၅ | ရွာစည်ကျေးရွာအုပ်စု | ၄ | ၃၃၅၀ | ၂၂၉၉ | ၁၀၅၁ | ၆၆၃ | ၃၈၈ | |
| ၄၆ | ရှားတောကျေးရွာအုပ်စု | ၃ | ၂၉၅၀ | ၂၀၇၃ | ၈၇၇ | ၇၂၇ | ၁၅၀ | |
| ၄၇ | အေးကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၇၁၉ | ၅၃၁ | ၃၃၁ | ၂၀၀ | |
| ၄၈ | လင့်ကြီးကျေးရွာအုပ်စု | ၉ | ၄၁၅၀ | ၂၇၄၅ | ၁၄၀၅ | ၁၁၀၄ | ၃၀၁ | |
| ၄၉ | သဲဖြူဝကျေးရွာအုပ်စု | ၅ | ၃၄၀၀ | ၂၂၀၀ | ၁၂၀၀ | ၁၀၄၁ | ၁၅၉ | |
| ၅၀ | ကိုင်းတောင်ကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၇၃၅ | ၃၆၅ | ၃၆၅ | | |
| ၅၁ | ဒေါင့်သစ်ကျေးရွာအုပ်စု | ၉ | ၄၁၅၀ | ၂၃၄၆ | ၁၈၀၄ | ၉၅၄ | ၈၅၀ | |
| ၅၂ | ဇီးတောကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၉၇၀ | ၄၃၀ | ၄၃၀ | | |
| ၅၃ | ထနောင်းတိုင်ကျေးရွာအုပ်စု | ၃ | ၃၅၀၀ | ၂၄၅၆ | ၁၀၄၄ | ၇၃၄ | ၃၁၀ | |
| ၅၄ | ထနောင်းကုန်းကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၁၀၂၇ | ၄၂၃ | ၄၂၃ | | |
| ၅၅ | ဂျုပ်ပင်ကျေးရွာအုပ်စု | ၁ | ၁၇၅၀ | ၁၁၈၇ | ၅၆၃ | ၅၆၃ | | |
| ၅၆ | ဆားခါးကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၁၆၇၄ | ၃၇၆ | ၄၂၆ | | ၅၀ |
| ၅၇ | ဝွေးပင်ရိုးကျေးရွာအုပ်စု | ၃ | ၂၀၀၀ | ၁၅၅၅ | ၄၄၅ | ၄၄၅ | | |
| ၅၈ | ပျော့(ရွှေဘုံသာ)ကျေးရွာအုပ်စု | ၄ | ၁၆၀၀ | ၁၂၀၉ | ၃၉၁ | ၅၉၁ | | ၂၀၀ |
| ၅၉ | ပင်လယ်ကျေးရွာအုပ်စု | ၅ | ၂၇၀၀ | ၂၂၃၇ | ၄၆၃ | ၄၆၃ | | |
| ၆၀ | ဖက်ပင်အိုင်ကျေးရွာအုပ်စု | ၃ | ၃၃၀၀ | ၂၇၂၉ | ၅၇၁ | ၆၂၁ | | ၅၀ |
| ၆၁ | ငါနန်းကျေးရွာအုပ်စု | ၆ | ၄၁၀၀ | ၃၁၀၆ | ၉၉၄ | ၈၄၄ | ၁၅၀ | |
| ၆၂ | ကုလကျေးရွာအုပ်စု | ၂ | ၁၈၅၀ | ၈၀၀ | ၁၀၅၀ | ၄၁၈ | ၆၃၂ | |
| ၆၃ | ကန်နီကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၁၁၃၇ | ၃၁၃ | ၃၁၃ | | |
| ၆၄ | ပေတောကျေးရွာအုပ်စု | ၃ | ၁၅၀၀ | ၁၀၉၄ | ၄၀၆ | ၄၀၆ | | |
| ၆၅ | နွားကူးအိုင်ကျေးရွာအုပ်စု | ၄ | ၂၈၀၀ | ၂၃၇၀ | ၄၃၀ | ၂၇၇ | ၁၅၃ | |
| ၆၆ | ကတောကျေးရွာအုပ်စု | ၄ | ၃၉၅၀ | ၃၀၆၄ | ၈၈၆ | ၉၃၆ | | ၅၀ |
| ၆၇ | စားကြျုးကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၇၃၆ | ၂၆၄ | ၂၆၄ | | |
| ၆၈ | ကြည်ကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၈၈၇ | ၃၆၃ | ၃၆၃ | | |
| ၆၉ | ကန်တော်ကျေးရွာအုပ်စု | ၄ | ၁၈၀၀ | ၁၁၅၃ | ၆၄၇ | ၄၅၇ | ၁၉၀ | |
| ၇၀ | ဂင့်ဂဲကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၈၃၆ | ၂၁၄ | ၂၁၄ | | |
| ၇၁ | ဆင်းဂွတ်ကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၈၄၆ | ၁၅၄ | ၁၅၄ | | |
| ၇၂ | ကျားတိုင်းကျေးရွာအုပ်စု | ၄ | ၄၀၀၀ | ၂၇၄၉ | ၁၂၅၁ | ၉၀၁ | ၃၅၀ | |
| ၇၃ | ရသာကျေးရွာအုပ်စု | ၃ | ၃၁၀၀ | ၁၉၄၁ | ၁၁၅၉ | ၆၅၇ | ၅၀၂ | |
| ၇၄ | တပ်ကျေးရွာအုပ်စု | ၂ | ၁၂၀၀ | ၈၄၀ | ၃၆၀ | ၃၆၀ | | |
| ၇၅ | ဇီးပင်ကန်ကျေးရွာအုပ်စု | ၂ | ၂၆၀၀ | ၁၉၉၃ | ၆၀၇ | ၆၀၇ | | |
| ၇၆ | တောပုကျေးရွာအုပ်စု | ၂ | ၂၈၀၀ | ၂၀၈၈ | ၇၁၂ | ၅၁၂ | ၂၀၀ | |
| ၇၇ | ကိုင်းကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၉၇၁ | ၃၂၉ | ၂၂၉ | ၁၀၀ | |
| ၇၈ | ရန္တပိုကျေးရွာအုပ်စု | ၁ | ၈၅၀ | ၅၆၅ | ၂၈၅ | ၁၃၅ | ၁၅၀ | |
| ၇၉ | ညောင်တိုကျေးရွာအုပ်စု | ၁ | ၈၅၀ | ၅၃၇ | ၃၁၃ | ၂၁၃ | ၁၀၀ | |
| ၈၀ | ဆင်ချောင်းကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၉၇၈ | ၄၇၂ | ၄၇၂ | | |
| ၈၁ | တလုပ်မြို့ကျေးရွာအုပ်စု | ၈ | ၇၄၀၀ | ၅၄၇၂ | ၁၉၂၈ | ၁၆၀၄ | ၃၂၄ | |
| ၈၂ | ရဲတိုင်ကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၁၁၇၇ | ၄၂၃ | ၄၂၄ | | ၁ |
| ၈၃ | အိုင့်မကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၇၄၇ | ၄၅၃ | ၂၀၃ | ၂၅၀ | |
| ၈၄ | တူရွင်းဘို့ကျေးရွာအုပ်စု | ၂ | ၂၈၅၀ | ၂၃၂၈ | ၅၂၂ | ၅၂၂ | | |
| ၈၅ | သစ်ရုံကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၁၃၃၉ | ၇၁၁ | ၅၆၁ | ၁၅၀ | |
| ၈၆ | သာပေါင်းကျေးရွာအုပ်စု | ၉ | ၇၅၀၀ | ၅၈၃၅ | ၁၆၆၅ | ၁၅၁၉ | ၁၄၆ | |
| ၈၇ | ခေါင်းကွဲကျေးရွာအုပ်စု | ၅ | ၆၃၅၀ | ၄၈၁၂ | ၁၅၃၈ | ၁၅၃၈ | | |
| ၈၈ | ကွမ်းသီးပင်(လေးအိမ်တန်း) ကျေးရွာအုပ်စု | ၈ | ၅၈၀၀ | ၄၀၁၇ | ၁၇၈၃ | ၁၁၇၃ | ၆၁၀ | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၂၇၆ | ၂၄၆၇၅၀ | ၁၇၅၁၈၁ | ၇၁၅၆၉ | ၅၈၆၁၃ | ၁၃၉၇၁ | ၁၀၁၅ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၁၈၅၅ | ၁၈၅၅ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၁၂၅၃၃ | | ၁၂၅၃၃ | ၁၄၄၅၁ | | ၁၉၁၈ |
| | မြို့နယ်ချုပ်စုစုပေါင်း | ၂၇၆ | ၂၆၁၁၃၈ | ၁၇၇၀၃၆ | ၈၄၁၀၂ | ၇၃၀၆၄ | ၁၃၉၇၁ | ၂၉၃၃ |

## တောင်သာမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၉။ မြေပြင်စစ်ဆေးချက်များအရ မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်တွင် ရပ်ကွက် ၆ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၇ အုပ်စု၊ မဲရုံပေါင်း ၃၂၂ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၂၂၄၁၈၈ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၃၃၃၁၇ ၊ ကျန်ရှိရမည့်အရေအတွက်မှာ ၉၀၈၇၁ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၈၁၁၂၃ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့်မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက် ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၁၀၄၅၀ | ၁၃၁၉၇၉ | ၇၈၄၇၁ | ၆၆၂၉၂ | ၁၂၇၈၈ | ၆၀၉ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၃၃၈ | ၁၃၃၈ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၂၄၀၀ | | ၁၂၄၀၀ | ၁၄၈၃၁ | | ၂၄၃၁ |
| | စုစုပေါင်း | ၂၂၄၁၈၈ | ၁၃၃၃၁၇ | ၉၀၈၇၁ | ၈၁၁၂၃ | ၁၂၇၈၈ | ၃၀၄၀ |

၁၀။ တောင်သာမြို့နယ်၊ ရပ်ကွက် ၆ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၇ အုပ်စုရှိ မဲရုံ ၃၂၂ ရုံတို့တွင် မဲလက်မှတ် အရေအတွက် ၁၂၇၈၈ ပျောက်ဆုံးနေပြီး ၆၀၉ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက်မှာ ၁၂၄၀၀ ဖြစ်သော်လည်း မြေပြင်တွင် ၁၄၈၃၁ ကျန်ရှိသဖြင့် မဲလက်မှတ် ၂၄၃၁ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။

၁၁။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ တောင်သာမြို့နယ်၊ ဘူတာရပ်ကွက် မဲရုံအမှတ်(၃)၊ လယ်ကွက်ကြီးကျေးရွာအုပ်စု မဲရုံအမှတ်(၃)၊ ရုံးတောကျေးရွာအုပ်စု မဲရုံအမှတ်(၂)၊ ဇဂျမ်းကျေးရွာအုပ်စု မဲရုံအမှတ်(၄)၊ မဲရုံအမှတ်(၈)၊ မဲရုံအမှတ်(၉)နှင့် မဲရုံအမှတ်(၁၅)တို့တွင် ဆန္ဒမဲလက်မှတ်လက်ခံဖြတ်ပိုင်းများနှင့် လက်ကျန်များကို ပြန်လည်အပ်နှံထားခြင်း မရှိပါ။ ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများနှင့် မဲရုံအချို့သည် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ ရွေးကောက်ပွဲကျင်းပပြီးနောက်ပိုင်း ၁၆–၁၁–၂၀၂၀ ရက်နေ့မှ ၃၀–၁၁–၂၀၂၀ ရက်နေ့အထိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများနှင့် လက်ကျန်များကို ပြန်လည်အပ်နှံထားရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၁၂။ တောင်သာမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရ မည့်မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | ဘုရားကြီးအနောက်ရပ်ကွက် | ၃ | ၂၃၅၀ | ၁၅၉၆ | ၇၅၄ | ၆၀၄ | ၁၅၀ | |
| ၂ | မြို့မရပ်ကွက် | ၂ | ၁၅၅၀ | ၁၁၄၃ | ၄၀၇ | ၄၀၇ | | |
| ၃ | တန်းမြင့်ကျောင်းရပ်ကွက် | ၄ | ၃၆၀၀ | ၂၅၈၉ | ၁၀၁၁ | ၁၀၁၁ | | |

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ



ညောင်ဦးမြို့နယ် ဆန္ဒမဲလက်မှတ်မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၄ | ဈေးရပ်ကွက် | ၁ | ၁၀၅၀ | ၇၂၅ | ၃၂၅ | ၃၂၅ | | |
| ၅ | ဘူတာရပ်ကွက် | ၃ | ၃၀၀၀ | ၁၄၀၄ | ၁၅၉၆ | ၅၃၆ | ၁၀၆၀ | |
| ၆ | မင်းစုရပ်ကွက် | ၄ | ၄၁၅၀ | ၂၈၄၉ | ၁၃၀၁ | ၁၂၀၁ | ၁၀၀ | |
| ၇ | မိုးနှောင်းခင်းကျေးရွာအုပ်စု | ၁ | ၄၀၀ | ၂၁၅ | ၁၈၅ | ၈၅ | ၁၀၀ | |
| ၈ | မကြီးပင်တဲကျေးရွာအုပ်စု | ၃ | ၂၀၅၀ | ၁၃၇၇ | ၆၇၃ | ၆၈၉ | | ၁၆ |
| ၉ | အလယ်ချိုင့်ကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၃၀၃ | ၆၄၇ | ၄၃၇ | ၂၁၀ | |
| ၁၀ | နဘဲကန်ကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၈၈၉ | ၂၁၁ | ၂၅၁ | | ၄၀ |
| ၁၁ | ချောင်းဆုံကျေးရွာအုပ်စု | ၁ | ၆၅၀ | ၅၁၃ | ၁၃၇ | ၁၃၇ | | |
| ၁၂ | လှည်းကူးမကျေးရွာအုပ်စု | ၇ | ၆၃၅၀ | ၃၂၇၅ | ၃၀၇၅ | ၂၄၇၇ | ၅၉၈ | |
| ၁၃ | ဇရပ်ကြီးကျေးရွာအုပ်စု | ၃ | ၃၁၅၀ | ၁၆၂၈ | ၁၅၂၂ | ၁၃၂၂ | ၃၀၀ | |
| ၁၄ | ရွှေစည်ကြီးကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၉၁၀ | ၇၄၀ | ၇၄၀ | | |
| ၁၅ | ဝါးကြီးအိုင်ကျေးရွာအုပ်စု | ၃ | ၁၄၀၀ | ၈၆၀ | ၅၄၀ | ၅၄၀ | | |
| ၁၆ | သံဘိုကျေးရွာအုပ်စု | ၃ | ၁၅၀၀ | ၇၀၇ | ၇၉၃ | ၆၁၃ | ၁၈၀ | |
| ၁၇ | ဒါန်းဒိုင်ကျေးရွာအုပ်စု | ၅ | ၂၂၅၀ | ၁၂၂၇ | ၁၀၂၃ | ၁၀၂၃ | | |
| ၁၈ | အောင်သာကျေးရွာအုပ်စု | ၁ | ၉၅၀ | ၅၅၁ | ၃၉၉ | ၃၉၉ | | |
| ၁၉ | ကျောက်ချောကျေးရွာအုပ်စု | ၁ | ၆၅၀ | ၃၆၀ | ၂၉၀ | ၂၉၀ | | |
| ၂၀ | အရာတော်ကျေးရွာအုပ်စု | ၃ | ၁၂၅၀ | ၆၃၈ | ၆၁၂ | ၆၁၂ | | |
| ၂၁ | ပန်းပေါင်းကျေးရွာအုပ်စု | ၆ | ၂၉၅၀ | ၁၃၁၃ | ၁၆၃၇ | ၁၆၃၇ | | |
| ၂၂ | ရုံးစည်ကြီးကျေးရွာအုပ်စု | ၁၀ | ၅၇၅၀ | ၃၆၃၄ | ၂၁၁၆ | ၁၈၁၆ | ၃၀၀ | |
| ၂၃ | ရေခါးကျေးရွာအုပ်စု | ၃ | ၁၇၅၀ | ၁၂၁၅ | ၅၃၅ | ၅၃၅ | | |
| ၂၄ | ရွှေပြည်တော်ကျေးရွာအုပ်စု | ၃ | ၁၅၅၀ | ၈၆၆ | ၆၈၄ | ၆၃၄ | ၅၀ | |
| ၂၅ | လက်ပတောကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၈၆၂ | ၄၈၈ | ၄၈၈ | | |
| ၂၆ | မကြီးချိုကျေးရွာအုပ်စု | ၇ | ၃၂၅၀ | ၁၉၄၃ | ၁၃၀၇ | ၁၀၀၇ | ၃၀၀ | |
| ၂၇ | လယ်ကွက်ကြီးကျေးရွာအုပ်စု | ၄ | ၂၃၀၀ | ၉၄၅ | ၁၃၅၅ | ၇၀၅ | ၆၅၀ | |
| ၂၈ | ခါတက်ကုန်းကျေးရွာအုပ်စု | ၃ | ၁၇၅၀ | ၁၀၈၂ | ၆၆၈ | ၄၈၂ | ၁၈၆ | |
| ၂၉ | တောင်လုင်ကျေးရွာအုပ်စု | ၃ | ၁၁၀၀ | ၆၁၆ | ၄၈၄ | ၄၈၄ | | |
| ၃၀ | ဝဲလောင်ကျေးရွာအုပ်စု | ၁၁ | ၄၆၅၀ | ၂၇၂၅ | ၁၉၂၅ | ၁၉၆၅ | | ၄၀ |
| ၃၁ | လှည်းပွဲကုန်းကျေးရွာအုပ်စု | ၅ | ၂၃၅၀ | ၁၁၁၁ | ၁၂၃၉ | ၁၂၃၉ | | |
| ၃၂ | ရုံးတောကျေးရွာအုပ်စု | ၄ | ၂၇၅၀ | ၈၇၀ | ၁၈၈၀ | ၈၇၈ | ၁၀၀၂ | |
| ၃၃ | သပွတ်ပင်တဲကျေးရွာအုပ်စု | ၇ | ၃၄၀၀ | ၁၇၂၅ | ၁၆၇၅ | ၁၅၂၅ | ၁၅၀ | |
| ၃၄ | ကြီးပင်တဲကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၈၀၅ | ၅၄၅ | ၂၉၅ | ၂၅၀ | |
| ၃၅ | ကျွဲတလင်းကျေးရွာအုပ်စု | ၃ | ၁၂၅၀ | ၇၁၀ | ၅၄၀ | ၅၄၃ | | ၃ |
| ၃၆ | ဆီမီးကန်ကျေးရွာအုပ်စု | ၁၀ | ၄၃၀၀ | ၂၅၃၀ | ၁၇၇၀ | ၁၇၁၈ | ၅၂ | |
| ၃၇ | ကိုင်းကျေးရွာအုပ်စု | ၄ | ၂၅၀၀ | ၁၆၀၇ | ၈၉၃ | ၈၂၇ | ၆၆ | |
| ၃၈ | မင်းတည်းကျေးရွာအုပ်စု | ၅ | ၂၆၀၀ | ၁၈၂၄ | ၇၇၆ | ၇၇၆ | | |
| ၃၉ | လက်သဲချင်ကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၁၀၁၉ | ၂၃၁ | ၁၈၁ | ၅၀ | |
| ၄၀ | ကျောက်ရင်းကျေးရွာအုပ်စု | ၂ | ၁၈၅၀ | ၁၃၀၃ | ၅၄၇ | ၅၄၇ | | |
| ၅၁ | အိုးဘိုကျေးရွာအုပ်စု | ၄ | ၃၆၀၀ | ၂၅၃၃ | ၁၀၆၇ | ၁၀၀၇ | ၆၀ | |
| ၅၂ | ကံဆင့်ကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၈၈၄ | ၆၁၆ | ၄၆၆ | ၁၅၀ | |
| ၅၃ | နှမ်းရွာကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၉၁၂ | ၃၈၈ | ၃၃၈ | ၅၀ | |
| ၅၄ | သာယာကြီးကျေးရွာအုပ်စု | ၄ | ၂၇၀၀ | ၂၀၉၁ | ၆၀၉ | ၈၀၉ | | ၂၀၀ |
| ၅၅ | နန်းမြင့်ကျေးရွာအုပ်စု | ၃ | ၁၈၅၀ | ၁၄၃၇ | ၄၁၃ | ၄၁၃ | | |
| ၅၆ | အေးရွာကျေးရွာအုပ်စု | ၇ | ၂၈၀၀ | ၁၅၂၀ | ၁၂၈၀ | ၁၀၈၀ | ၂၀၀ | |
| ၅၇ | သမက္ကူကျေးရွာအုပ်စု | ၄ | ၃၀၀၀ | ၁၇၃၁ | ၁၂၆၉ | ၁၁၆၉ | ၁၀၀ | |
| ၅၈ | ဖက်တောကျေးရွာအုပ်စု | ၅ | ၄၇၅၀ | ၃၆၂၄ | ၁၁၂၆ | ၁၀၇၆ | ၅၀ | |
| ၅၉ | ဘုရားလှကျေးရွာအုပ်စု | ၃ | ၂၄၀၀ | ၁၇၉၁ | ၆၀၉ | ၆၀၉ | | |
| ၆၀ | နန်းတည်ကျေးရွာအုပ်စု | ၅ | ၄၇၀၀ | ၃၁၇၂ | ၁၅၂၈ | ၁၂၇၈ | ၂၅၀ | |
| ၆၁ | အင်းတဲကျေးရွာအုပ်စု | ၄ | ၂၇၀၀ | ၁၆၄၈ | ၁၀၅၂ | ၁၂၀၂ | | ၁၅၀ |
| ၆၂ | နတ်စောင့်ကျေးရွာအုပ်စု | ၆ | ၃၅၅၀ | ၂၀၀၉ | ၁၅၄၁ | ၆၉၁ | ၈၅၀ | |
| ၆၃ | ကန်သာယာကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၇၈၁ | ၂၆၉ | ၁၁၉ | ၁၅၀ | |
| ၆၄ | ပဒပ်စာကုန်း(စလင်္ဂသူ) ကျေးရွာ အုပ်စု | ၃ | ၂၆၅၀ | ၁၅၈၉ | ၁၀၆၁ | ၁၀၁၁ | ၅၀ | |
| ၆၅ | ဆယ်ကုန်းကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၁၀၇၈ | ၄၇၂ | ၄၅၉ | ၁၃ | |
| ၆၆ | တဲကြီးကုန်းကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၉၃၀ | ၄၂၀ | ၄၇၀ | | ၅၀ |
| ၆၇ | ကျောက္ကာရွာမကျေးရွာအုပ်စု | ၇ | ၃၄၅၀ | ၁၉၂၇ | ၁၅၂၃ | ၁၀၄၃ | ၄၈၀ | |
| ၆၈ | သာယာမြိုင်ကျေးရွာအုပ်စု (သပွတ်စု) | ၉ | ၄၄၅၀ | ၂၈၄၅ | ၁၆၀၅ | ၁၁၈၈ | ၄၁၇ | |
| ၆၉ | အေးချမ်းသာကျေးရွာအုပ်စု | ၃ | ၂၁၅၀ | ၁၄၂၈ | ၇၂၂ | ၇၂၂ | | |
| ၇၀ | ရွှေပြည်သစ်ကျေးရွာအုပ်စု | ၄ | ၂၆၅၀ | ၁၉၅၀ | ၇၀၀ | ၆၀၀ | ၁၀၀ | |
| ၇၁ | တလိုင်းရပ်(ရွာသစ်) ကျေးရွာအုပ်စု | ၄ | ၂၃၀၀ | ၁၃၆၃ | ၉၃၇ | ၉၃၇ | | |
| ၇၂ | တံတားကျေးရွာအုပ်စု | ၅ | ၃၃၅၀ | ၁၆၇၄ | ၁၆၇၆ | ၁၃၇၂ | ၃၀၄ | |
| ၇၃ | သပြေဝကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၆၀၇ | ၄၉၃ | ၄၉၃ | | |
| ၇၄ | မင်းရင်ကျေးရွာအုပ်စု | ၅ | ၃၅၅၀ | ၂၃၇၄ | ၁၁၇၆ | ၁၁၇၆ | | |
| ၇၅ | ကန်မြဲကျေးရွာအုပ်စု | ၇ | ၅၃၅၀ | ၃၆၂၄ | ၁၇၂၆ | ၁၅၂၆ | ၂၀၀ | |
| ၇၆ | ဇဂျမ်းကျေးရွာအုပ်စု | ၁၆ | ၁၁၁၅၀ | ၅၆၆၁ | ၅၄၈၉ | ၂၅၃၉ | ၂၉၅၀ | |
| ၇၇ | သီးကုန်းကျေးရွာအုပ်စု | ၅ | ၃၄၅၀ | ၂၃၅၄ | ၁၀၉၆ | ၁၀၉၆ | | |
| ၇၈ | တပင်ကန်ကျေးရွာအုပ်စု | ၂ | ၂၂၅၀ | ၁၆၈၄ | ၅၆၆ | ၅၆၆ | | |
| ၇၉ | ကျွဲဇင်းကျေးရွာအုပ်စု | ၂ | ၉၀၀ | ၆၈၇ | ၂၁၃ | ၂၁၃ | | |
| ၈၀ | ချောင်းပေါက်ကျေးရွာအုပ်စု | ၃ | ၁၅၀၀ | ၁၀၉၃ | ၄၀၇ | ၃၅၇ | ၅၀ | |
| ၈၁ | ရသစ်ကျေးရွာအုပ်စု | ၄ | ၃၁၅၀ | ၂၁၅၆ | ၉၉၄ | ၁၀၄၄ | | ၅၀ |
| ၈၂ | ကန်ရွာကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၉၃၇ | ၃၁၃ | ၃၁၃ | | |
| ၈၃ | ကုန်းပုထိုးကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၂၅၄ | ၃၉၆ | ၃၉၆ | | |
| ၇၄ | တစ်မိုက်သာကျေးရွာအုပ်စု | ၃ | ၃၀၀၀ | ၂၂၅၇ | ၇၄၃ | ၇၃၃ | ၁၀ | |
| ၇၅ | မင်းကြိုကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၉၇၃ | ၃၂၇ | ၃၂၇ | | |
| ၇၆ | ကြာပို့ကျေးရွာအုပ်စု | ၃ | ၂၆၀၀ | ၂၀၅၆ | ၅၄၄ | ၅၄၄ | | |
| ၇၇ | ကန်တော်ကျေးရွာအုပ်စု | ၇ | ၄၄၅၀ | ၃၁၇၅ | ၁၂၇၅ | ၁၀၂၅ | ၂၅၀ | |
| ၇၈ | ဆင်ဖြူကျေးရွာအုပ်စု | ၅ | ၂၉၀၀ | ၁၈၈၅ | ၁၀၁၅ | ၇၆၅ | ၂၅၀ | |
| ၇၉ | ကျောဇီကျေးရွာအုပ်စု | ၄ | ၃၁၅၀ | ၂၁၀၅ | ၁၀၄၅ | ၁၀၅၅ | | ၁၀ |
| ၈၀ | ငါးပင်စင်ကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၁၀၄၉ | ၅၅၁ | ၅၅၁ | | |
| ၈၁ | အောင်ဇမ္ဗူကျေးရွာအုပ်စု | ၂ | ၁၇၀၀ | ၉၇၂ | ၇၂၈ | ၆၂၈ | ၁၀၀ | |
| ၈၂ | မာလာကျေးရွာအုပ်စု | ၂ | ၁၈၅၀ | ၁၃၃၄ | ၅၁၆ | ၅၆၆ | | ၅၀ |
| ၈၃ | သာယာအေးကျေးရွာအုပ်စု | ၃ | ၁၈၀၀ | ၁၃၆၁ | ၄၃၉ | ၄၃၉ | | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၃၂၂ | ၂၁၀၄၅၀ | ၁၃၁၉၇၉ | ၇၈၄၇၁ | ၆၆၂၉၂ | ၁၂၇၈၈ | ၆၀၉ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၁၃၃၈ | ၁၃၃၈ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၁၂၄၀၀ | | ၁၂၄၀၀ | ၁၄၈၃၁ | | ၂၄၃၁ |
| | မြို့နယ်ချုပ်စုစုပေါင်း | ၃၂၂ | ၂၂၄၁၈၈ | ၁၃၃၃၁၇ | ၉၀၈၇၁ | ၈၁၁၂၃ | ၁၂၇၈၈ | ၃၀၄၀ |

စာမျက်နှာ ၁၂ သို့

စာမျက်နှာ ၁၁ မှ

## ညောင်ဦးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၃။ မြေပြင်စစ်ဆေးချက်များအရ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်တွင် ရပ်ကွက် ၁၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၅ အုပ်စု၊ မဲရုံစုစုပေါင်း ၂၃၆ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၃၂၉၆၃ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၆၀၂၈၁၊ ကျန်ရှိရမည့်အရေအတွက်မှာ ၇၂၆၈၂ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၆၆၀၈၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် ပျောက်ဆုံးမဲလက်မှတ်များတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၁၄၅၅၀ | ၁၅၉၄၇၂ | ၅၅၀၇၈ | ၄၈၅၈၉ | ၁၀၂၀၈ | ၃၇၁၉ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၈၀၉ | ၈၀၉ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၇၆၀၄ | | ၁၇၆၀၄ | ၁၇၅၀၀ | ၁၀၄ | |
| စုစုပေါင်း | | ၂၃၂၉၆၃ | ၁၆၀၂၈၁ | ၇၂၆၈၂ | ၆၆၀၈၉ | ၁၀၃၁၂ | ၃၇၁၉ |

၁၄။ ညောင်ဦးမြို့နယ် ရပ်ကွက်စုစုပေါင်း ၁၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၅ အုပ်စု၊ မဲရုံပေါင်း ၂၃၆ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၁၀၂၀၈ ပျောက်ဆုံးနေပြီး ၃၇၁၉ ပိုသုံးထားကြောင်း တွေ့ရှိရသည်။ မြို့နယ်ကြိုတင်မဲလက်မှတ်တွင် ထုတ်ယူရရှိမှုနှင့် အသုံးပြုထားမှုမှာ ၈၀၉ ဖြစ်၍ ကိုက်ညီမှုရှိကြောင်း တွေ့ရှိရသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက်မှာ ၁၇၆၀၄ ဖြစ်သော်လည်း မြေပြင်တွင် ၁၇၅၀၀ ကျန်ရှိနေသဖြင့် ၁၀၄ စောင် ပျောက်ဆုံးနေကြောင်း တွေ့ရှိရသည်။ တက်မကျေးရွာအုပ်စု မဲရုံအမှတ်(၂) နှင့် လက်ပန်ချေပေါ် မဲရုံအမှတ်(၈) တို့မှ ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများနှင့် လက်ကျန် မဲလက်မှတ် စာအုပ်များ စစ်ဆေးတွေ့ရှိခြင်း မရှိပါ။

၁၅။ ညောင်ဦးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | အမှတ်(၄)ရပ်ကွက် | ၃ | ၃၄၅၀ | ၂၆၉၇ | ၇၅၃ | ၅၀၃ | ၂၅၀ | |
| ၂ | အမှတ်(၅)ရပ်ကွက် | ၄ | ၅၁၅၀ | ၄၄၁၂ | ၇၃၈ | ၈၈၈ | | ၁၅၀ |
| ၃ | အမှတ်(၇)ရပ်ကွက် | ၂ | ၁၆၅၀ | ၁၃၀၃ | ၃၄၇ | ၁၄၆ | ၂၀၁ | |
| ၄ | ကျန်စစ်သားရပ်ကွက် | ၂ | ၂၇၅၀ | ၁၉၀၈ | ၈၄၂ | ၂၉၂ | ၅၅၀ | |
| ၅ | အနော်ရထာရပ်ကွက် | ၃ | ၄၁၅၀ | ၃၂၅၇ | ၈၉၃ | ၆၉၃ | ၂၀၀ | |
| ၆ | သီရိပစ္စယာရပ်ကွက် | ၁ | ၁၄၀၀ | ၁၂၃၆ | ၁၆၄ | ၁၆၄ | | |
| ၇ | ရွှေတွင်းရပ်ကွက် | ၁ | ၇၅၀ | ၆၈၁ | ၆၉ | ၆၉ | | |
| ၈ | အရှေ့ရနောင်ရပ်ကွက် | ၁ | ၁၀၅၀ | ၉၃၅ | ၁၁၅ | ၁၁၇ | | ၂ |
| ၉ | ဂန့်ဂါရပ်ကွက် | ၁ | ၁၃၅၀ | ၁၁၃၂ | ၂၁၈ | ၂၆၈ | | ၅၀ |
| ၁၀ | တောင်ရွာနောင်ကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၁၀၅၂ | ၃၉၈ | ၂၄၈ | ၁၅၀ | |
| ၁၁ | တောင်ဘီကျေးရွာအုပ်စု | ၃ | ၃၀၀၀ | ၂၄၇၅ | ၅၂၅ | ၄၇၅ | ၅၀ | |
| ၁၂ | မြင်းကပါကျေးရွာအုပ်စု | ၃ | ၄၆၀၀ | ၄၂၆၂ | ၃၃၈ | ၄၃၉ | | ၁၀၁ |
| ၁၃ | ရွာသာကျေးရွာအုပ်စု | ၃ | ၂၃၀၀ | ၁၇၃၃ | ၅၆၇ | ၄၄၅ | ၁၂၂ | |
| ၁၄ | ကြအိုကျေးရွာအုပ်စု | ၅ | ၄၉၀၀ | ၃၈၆၃ | ၁၀၃၇ | ၈၃၉ | ၁၉၈ | |
| ၁၅ | မီးလောင်ပြားကျေးရွာအုပ်စု | ၄ | ၃၆၅၀ | ၃၁၁၈ | ၅၃၂ | ၇၈၂ | | ၂၅၀ |
| ၁၆ | စဉ့်ကူကျေးရွာအုပ်စု | ၁၂ | ၇၃၅၀ | ၅၀၅၁ | ၂၂၉၉ | ၂၆၉၉ | | ၄၀၀ |
| ၁၇ | မြေနီကျေးရွာအုပ်စု | ၆ | ၄၀၅၀ | ၃၀၆၂ | ၉၈၈ | ၁၀၈၀ | | ၉၂ |
| ၁၈ | ပျဉ်းချောင်းကျေးရွာအုပ်စု | ၁ | ၇၀၀ | ၅၀၃ | ၁၉၇ | ၂၄၇ | | ၅၀ |
| ၁၉ | ရွှေကဖြူကျေးရွာအုပ်စု | ၁ | ၄၀၀ | ၃၀၀ | ၁၀၀ | ၁၀၀ | | |
| ၂၀ | ဇီးဇမျှင်ကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၁၁၂၄ | ၂၇၆ | ၂၂၆ | ၅၀ | |
| ၂၁ | ကျောက်ပြင်ကန်ကျေးရွာအုပ်စု | ၂ | ၂၂၅၀ | ၁၈၆၀ | ၃၉၀ | ၂၉၀ | ၁၀၀ | |
| ၂၂ | ကန်နီပေါက်ကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၄၂၅ | ၂၂၅ | ၂၂၅ | | |
| ၂၃ | ကျောက်ကန်ကျေးရွာအုပ်စု | ၂ | ၁၀၀၀ | ၆၁၇ | ၃၈၃ | ၁၈၃ | ၂၀၀ | |
| ၂၄ | တောရွာကျေးရွာအုပ်စု | ၁ | ၇၀၀ | ၆၂၈ | ၇၂ | ၁၂၂ | | ၅၀ |
| ၂၅ | နွားကြိုးအိုင်ကျေးရွာအုပ်စု | ၁ | ၆၅၀ | ၅၉၈ | ၅၂ | ၇၂ | | ၂၀ |
| ၂၆ | ဖွားစောကျေးရွာအုပ်စု | ၄ | ၂၅၀၀ | ၂၂၁၃ | ၂၈၇ | ၂၈၇ | | |
| ၂၇ | မင်းနန်သူကျေးရွာအုပ်စု | ၁ | ၄၅၀ | ၄၁၅ | ၃၅ | ၃၅ | | |
| ၂၈ | ကုန်းတန်းကြီးကျေးရွာအုပ်စု | ၃ | ၄၂၀၀ | ၃၁၈၀ | ၁၀၂၀ | ၈၇၀ | ၁၅၀ | |
| ၂၉ | ညောင်တိုကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၁၄၁၅ | ၁၃၅ | ၃၈၅ | | ၂၅၀ |
| ၃၀ | နတ်ပလင်ကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၁၂၉၀ | ၁၆၀ | ၁၆၀ | | |
| ၃၁ | တူရွင်းတိုင်ကျေးရွာအုပ်စု | ၇ | ၃၄၅၀ | ၂၈၃၃ | ၆၁၇ | ၄၆၇ | ၁၅၀ | |
| ၃၂ | သဲပြင်တောကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၁၀၆၆ | ၃၈၄ | ၄၃၄ | | ၅၀ |
| ၃၃ | ချောင်းရှည်ကျေးရွာအုပ်စု | ၂ | ၂၈၅၀ | ၂၂၂၈ | ၆၂၂ | ၇၇၂ | | ၁၅၀ |
| ၃၄ | ချောင်းဝကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၈၇၄ | ၃၇၆ | ၂၄၁ | ၁၃၅ | |
| ၃၅ | ဝါခင်းကြီးကျေးရွာအုပ်စု | ၃ | ၂၀၅၀ | ၁၀၈၀ | ၉၇၀ | ၈၂၀ | ၁၅၀ | |
| ၃၆ | စုတည်ကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၉၈၃ | ၉၁၇ | ၆၁၇ | ၃၀၀ | |
| ၃၇ | ပန်းကုန်းပင်ကျေးရွာအုပ်စု | ၁ | ၄၀၀ | ၂၇၄ | ၁၂၆ | ၂၆ | ၁၀၀ | |
| ၃၈ | ရွာသစ်တောင်ကျေးရွာအုပ်စု | ၁ | ၆၀၀ | ၃၁၅ | ၂၈၅ | ၁၈၅ | ၁၀၀ | |
| ၃၉ | ပြတိုင်းတောင်နောက်ကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၇၉၇ | ၂၅၃ | ၃၀၃ | | ၅၀ |
| ၄၀ | စပါးသင်ကျေးရွာအုပ်စု | ၁ | ၁၄၀၀ | ၆၂၀ | ၇၈၀ | ၅၈၀ | ၂၀၀ | |
| ၄၁ | တက်မကျေးရွာအုပ်စု | ၄ | ၃၁၀၀ | ၂၀၆၂ | ၁၀၃၈ | ၄၃၈ | ၆၀၀ | |
| ၄၂ | တောင်ဘီလေးကျေးရွာအုပ်စု | ၅ | ၅၈၀၀ | ၄၁၆၆ | ၁၆၃၄ | ၁၇၈၁ | | ၁၄၇ |
| ၄၃ | သပြေအိုင့်ကျေးရွာအုပ်စု | ၂ | ၂၂၅၀ | ၁၁၉၂ | ၁၀၅၈ | ၇၈၈ | ၂၇၀ | |
| ၄၄ | ညောင်နီကျင်းကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၈၉၁ | ၁၀၀၉ | ၂၀၉ | ၈၀၀ | |
| ၄၅ | ဒါန်းကျေးရွာအုပ်စု | ၂ | ၁၈၅၀ | ၁၁၂၂ | ၇၂၈ | ၆၂၈ | ၁၀၀ | |
| ၄၆ | ငါ့မင်းမေးကျေးရွာအုပ်စု | ၃ | ၃၃၅၀ | ၁၉၁၈ | ၁၄၃၂ | ၄၁၃ | ၁၀၁၉ | |
| ၄၇ | အမှတ်(၁)ရပ်ကွက် | ၅ | ၅၅၅၀ | ၄၇၈၀ | ၇၇၀ | ၈၂၀ | | ၅၀ |
| ၄၈ | အမှတ်(၂)ရပ်ကွက် | ၂ | ၂၁၀၀ | ၁၇၈၂ | ၃၁၈ | ၂၇၀ | ၄၈ | |
| ၄၉ | အမှတ်(၃)ရပ်ကွက် | ၃ | ၅၀၀၀ | ၄၀၅၅ | ၉၄၅ | ၁၃၇၈ | | ၄၃၃ |
| ၅၀ | အမှတ်(၆)ရပ်ကွက် | ၂ | ၂၅၅၀ | ၂၂၈၃ | ၂၆၇ | ၄၁၇ | | ၁၅၀ |
| ၅၁ | အမှတ်(၁)ငါ့သရောက် | ၁ | ၁၃၅၀ | ၁၂၃၆ | ၁၁၄ | ၄၁၄ | | ၃၀၀ |
| ၅၂ | အမှတ်(၂)ငါ့သရောက် | ၁ | ၁၇၀၀ | ၁၁၈၅ | ၅၁၅ | ၅၆၅ | | ၅၀ |
| ၅၃ | အမှတ်(၃)ငါ့သရောက် | ၂ | ၂၂၀၀ | ၁၅၇၀ | ၆၃၀ | ၆၃၀ | | |
| ၅၄ | အမှတ်(၄)ငါ့သရောက် | ၁ | ၈၀၀ | ၆၂၆ | ၁၇၄ | ၂၇၄ | | ၁၀၀ |
| ၅၅ | တောင်ဘကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၉၇၂ | ၁၇၈ | ၁၇၈ | | |
| ၅၆ | မြေသင်းတွင်းကျေးရွာအုပ်စု | ၃ | ၂၄၅၀ | ၁၉၆၇ | ၄၈၃ | ၃၃၃ | ၁၅၀ | |
| ၅၇ | ကူရွာကျေးရွာအုပ်စု | ၅ | ၃၀၅၀ | ၂၂၉၄ | ၇၅၆ | ၅၅၆ | ၂၀၀ | |
| ၅၈ | ချောက်ကန်ကျေးရွာအုပ်စု | ၁ | ၁၅၅၀ | ၁၂၄၈ | ၃၀၂ | ၃၀၂ | | |
| ၅၉ | ညောင်ပင်ကန်ကျေးရွာအုပ်စု | ၂ | ၁၇၀၀ | ၁၂၈၂ | ၄၁၈ | ၄၄၀ | | ၂၂ |
| ၆၀ | ပြွန်ကျေးရွာအုပ်စု | ၃ | ၂၈၀၀ | ၁၇၈၃ | ၁၀၁၇ | ၄၁၇ | ၆၀၀ | |
| ၆၁ | တောင်ဇင်းကျေးရွာအုပ်စု | ၁၁ | ၁၀၈၅၀ | ၇၀၂၂ | ၃၈၂၈ | ၃၆၆၆ | ၁၆၂ | |
| ၆၂ | ညောင်ပင်သာကျေးရွာအုပ်စု | ၁ | ၁၀၀ | ၄၅ | ၅၅ | ၆၀ | | ၅ |
| ၆၃ | ထီးပုကျေးရွာအုပ်စု | ၆ | ၄၂၅၀ | ၂၇၄၉ | ၁၅၀၁ | ၇၅၁ | ၇၅၀ | |
| ၆၄ | ဒဟတ်စီးကျေးရွာအုပ်စု | ၁ | ၄၀၀ | ၃၅၉ | ၄၁ | ၉၁ | | ၅၀ |
| ၆၅ | ကျွန်းခင်းကြီးကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၁၁၄၈ | ၂၀၂ | ၂၀၂ | | |
| ၆၆ | မြေနဲလေးကျေးရွာအုပ်စု | ၁ | ၇၅၀ | ၄၀၇ | ၃၄၃ | ၃၄၃ | | |
| ၆၇ | စီသာကျေးရွာအုပ်စု | ၁ | ၄၀၀ | ၃၅၃ | ၄၇ | ၄၇ | | |
| ၆၈ | ကမ္ဘာနီကျေးရွာအုပ်စု | ၃ | ၁၄၅၀ | ၁၂၂၀ | ၂၃၀ | ၁၃၀ | ၁၀၀ | |
| ၆၉ | အင်တိုင်းကျေးရွာအုပ်စု | ၁ | ၆၀၀ | ၅၁၂ | ၈၈ | ၈၈ | | |
| ၇၀ | ယမ်းဆမ်းကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၃၄၉ | ၆၀၁ | ၂၅၁ | ၃၅၀ | |
| ၇၁ | ပုလင်းကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၁၂၇၀ | ၂၈၀ | ၂၃၀ | ၅၀ | |
| ၇၂ | အောက်ညဉ္ဈကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၈၃၀ | ၃၇၀ | ၂၂၀ | ၁၅၀ | |
| ၇၃ | အထက်ညဉ္ဈကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၁၁၄၃ | ၂၀၇ | ၂၀၇ | | |
| ၇၄ | သစ်ထောင့်ကျေးရွာအုပ်စု | ၃ | ၂၆၀၀ | ၂၀၈၇ | ၅၁၃ | ၇၁၃ | | ၂၀၀ |
| ၇၅ | လက်ပန်ချေပေါ်ကျေးရွာအုပ်စု | ၁၀ | ၆၃၅၀ | ၄၈၂၁ | ၁၅၂၉ | ၁၈၂၆ | | ၂၉၇ |
| ၇၆ | လက်ထုတ်ကျေးရွာအုပ်စု | ၄ | ၂၆၀၀ | ၁၈၈၅ | ၇၁၅ | ၇၆၅ | | ၅၀ |
| ၇၇ | ပျော့ကန်ကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၁၁၅၉ | -၉ | ၄၁ | | ၅၀ |

စာမျက်နှာ ၁၇ သို့

## နယူးဇီလန်နိုင်ငံ၌ ကိုဗစ် –၁၉ ဆေးစစ်မှုပေါင်း နှစ်သန်းအထိ လုပ်ဆောင်ပေးပြီးဖြစ်

**ဝယ်လင်တန် မေ ၂၅**

နယူးဇီလန်နိုင်ငံ၌ မေ ၂၅ ရက်တွင်ကိုဗစ် –၁၉ ကူးစက်ခံရသူ မတွေ့ရှိရဟုသိရသည်။ တစ်ချိန်တည်းမှာပင် တိုင်းပြည်အတွင်း ကိုဗစ် –၁၉ ဆေးစစ်မှုပေါင်း နှစ်သန်းကို ပြုလုပ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယင်းပမာဏမှာ တိုင်းပြည်လူဦးရေ၏ ငါးပုံပုံ နှစ်ပုံရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ မေ ၂၅ ရက်တွင် နယ်စပ်နှင့် ပြည်တွင်း၌ ကိုဗစ် –၁၉ နောက်ထပ်ကူးစက်မှုမတွေ့ရှိရဟု ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ ခုနစ်ရက်တာကာလအတွင်း နယ်စပ်တွင် ကိုဗစ်– ၁၉ ကူးစက်ခံရသူ ပျမ်းမျှအားဖြင့် တစ်ဦးသာ ထောက်လှမ်း တွေ့ရှိခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

နယူးဇီလန်နိုင်ငံတွင် လက်ရှိ ကိုဗစ် –၁၉ ဖြစ်ပွားနေသူ ၃၃ ဦး ရှိပြီး အတည်ပြုလူနာ ၂၂၆၅ ဦး ရှိသည်ဟုသိရသည်။ နယူးဇီလန်နိုင်ငံသည် ယခုအခါ ကိုဗစ် –၁၉ ဆေးစစ်မှုပေါင်း နှစ်သန်းပြုလုပ်ပေးခဲ့ပြီးဖြစ်သည်။ နယူးဇီလန်ရှိ ဓာတ်ခွဲခန်းများမှ ယခုအချိန်အထိ စစ်ဆေးမှုပေါင်း ၂၀၀၀၈၄၂ လုပ်ဆောင်ပေးပြီးဖြစ်ကြောင်း သိရသည်။



နယူးဇီလန်တွင် ကိုဗစ် –၁၉ ဆေးစစ်မှုပြုလုပ်ရန် ပြင်ဆင်နေသည့် ကျန်းမာရေးဝန်ထမ်းကိုတွေ့ရစဉ်။

ကိုဗစ် –၁၉ ဆေးစစ်မှုများ ပြုလုပ်ပေးခြင်းသည် ကပ်ရောဂါ တိုက်ဖျက်ရေးအတွက် အဓိကကျကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

သြစတြေးလျ အနောက်ပိုင်းဒေသနှင့် နယူးဇီလန်နိုင်ငံတို့အကြား အသွားအလာ ကန့်သတ်စောင့်ကြည့်မှု ကင်းလွတ်ခွင့်ရှိသည့် ခရီးသွားလာမှုကိုမူ ဆက်လက် ရပ်ဆိုင်းထားဆဲဖြစ်သည်။

သြစတြေးလျနိုင်ငံရှိ နယူးဇီလန် နိုင်ငံသားများကိုလည်း ဒေသတွင်း ချမှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာရန် တိုက်တွန်းထားသည်ဟု သိရသည်။

ဆင်ဟွာ

## ဘရာဇီးနိုင်ငံတွင် ကိုဗစ် -၁၉ ကြောင့် သေဆုံးသူ ၃၉၀၀၀၀ ခန့်ရှိလာ

**ရီယိုဒီဂျနေးရိုး မေ ၂၅**

ဘရာဇီးနိုင်ငံတွင်မေ ၂၃ ရက်က ကိုဗစ် – ၁၉နှင့် ဆက်စပ်ပြီး သေဆုံးသူဦးရေ ၃၀၇၆ ဦး တိုးလာရာ စုစုပေါင်းသေဆုံးသူဦးရေမှာ ၃၈၉၄၉၂ ဦးရှိလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက မေ ၂၄ ရက်တွင်သတင်းထုတ်ပြန်သည်။

**ကူးစက်မှုတတိယအမြင့်ဆုံး**

ဘရာဇီးနိုင်ငံသည် ကမ္ဘာပေါ်တွင် ကိုဗစ် –၁၉ကြောင့် သေဆုံးသူ ဒုတိယအမြင့်ဆုံးနိုင်ငံ ဖြစ်သည်။ ကူးစက်မှုနှုန်းမှာ ကမ္ဘာပေါ်တွင် အမေရိကန်ပြည်ထောင်စုနှင့် အိန္ဒိယပြီးလျှင် တတိယအမြင့်ဆုံးနိုင်ငံလည်းဖြစ်သည်။

ယခုနှစ်အစောပိုင်းမှ စတင်ကာ တောင်အမေရိကနိုင်ငံဖြစ်သည့် ဘရာဇီးတွင် ကိုဗစ် –၁၉ ကူးစက်မှုလှိုင်းသစ်နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ အချို့သောပြည်နယ်များတွင် ကျန်းမာရေးစနစ်မှာ လဲပြိုလုနီးနီးဖြစ်ခဲ့ရသည်။ လူဦးရေအထူထပ်ဆုံးမြို့ဖြစ်သည့် ဆော်ပိုလိုမြို့တွင် ယခုအခါ ကူးစက်မှုနှုန်း ၂၈၂၇၈၃၃နှင့် သေဆုံးသူ ၉၂၅၄၈ ဦး အထိခိုက်ဆုံးဖြစ်နေရသည်။

ယင်းနောက်တွင် ရီယိုဒီဂျနေးရိုးမြို့တွင် ကူးစက်ခံရသူ ၇၂၃၅၈၀ နှင့် သေဆုံးသူ ၄၂၈၅၇ ဦး ရှိသည်။ ဘရာဇီးနိုင်ငံတွင် ယခုအချိန်အထိ လူပေါင်း ၄၁၀၂၇၅၁၉ ဦးအား ကိုဗစ် –၁၉ ကာကွယ်ဆေး ထိုးပေးပြီးပြီ ဟု သိရသည်။

ဆင်ဟွာ

## ဗြိတိန်နိုင်ငံတွင် ကိုဗစ် –၁၉ နောက်ထပ်ကူးစက်ခံရသူ ၂၀၆၁ ဦးထပ်တိုး

**လန်ဒန် မေ ၂၅**

ဗြိတိန်နိုင်ငံတွင် နောက်ထပ် ကိုဗစ် –၁၉ ကူးစက်ခံရသူ ၂၀၆၁ ဦးထပ်မံတွေ့ရှိရာ တိုင်းပြည် အနှံ့ ကိုဗစ် –၁၉ ကူးစက်ခံရသူ အရေအတွက်မှာ ၄၄၀၃၁၇၀ ရှိလာသည်ဟု မေ ၂၄ ရက်တွင် အစိုးရက ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ကိုဗစ် – ၁၉ကြောင့် နောက်ထပ် သေဆုံးသူ၃၂ ဦး တိုးလာရာ သေဆုံးသူ စုစုပေါင်းမှာလည်း ၁၂၇၄၁၇ ဦး ရှိလာခဲ့သည်။ ပြည်သူ ၃၃ ဒသမ ၅ သန်းကို ပထမအကြော့ ကိုဗစ် –၁၉ ကာကွယ်ဆေး ထိုးပေးပြီးဖြစ်သည်။ ကာကွယ်ဆေးနှစ်ကြိမ် စလုံးထိုးပြီးသူ အရေအတွက်မှာ ၁၂ သန်းကျော်ရှိသည်။ မေ ၂၄ ရက်က ဝေးလ်ပြည်နယ်တွင် လူခြောက်ဦးသာ စုဝေးခွင့်ရပြီး မေ ၂၆ ရက်တွင်မူ ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်စတင်ခွင့်ပြုမည်ဟု သိရသည်။

ရေကူးကန် အသုံးပြုခွင့်၊ ပျော်ပွဲရွှင်ပွဲနှင့် ပန်းခြံများ၊ မင်္ဂလာဧည့်ခံပွဲများတွင် လူ ၃၀ ထက်မနည်း ခွင့်ပြုပေးမည်ဟုသိရသည်။ အင်္ဂလန်တွင်မူ မေ ၁၂ ရက်မှ စတင်ကာ ကန့်သတ်မှုများကို ဖြေလျှော့ပေးခဲ့ပြီး ဆံပင်ညှပ်ဆိုင်၊ အလှပြင်ဆိုင်နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများကို ပြန်လည်ဖွင့်လှစ်ခွင့်ပေးသည်။

စားသောက်ဆိုင်များနှင့် အရက်ဆိုင်များတွင် အစားအသောက်ကို ဆိုင်ပြင်ပတွင်သာ ရောင်းချရန် ခွင့်ပြုထားသည်။ အားကစားရုံများ၊ ပန်းခြံနှင့် တိရစ္ဆာန်ရုံနှင့် စာကြည့်တိုက်များကိုမူ ဖွင့်လှစ်ခွင့် ပေးထားသည်။

မေ ၁၇ ရက်မှ စတင်ကာ စားသောက်ဆိုင်များနှင့် အရက်ဆိုင်များ၌ ဆိုင်တွင်း ဆိုင်ထိုင်စားသောက်ခွင့်ပေးရန် မျှော်လင့်ထားကြသည်။ ဗြိတိန်တွင် ကာကွယ်ဆေးထိုးနှံမှု လုပ်ငန်းများကို အရှိန်အဟုန်မြင့် လုပ်ဆောင်နေသည်မှာမှန်သော်လည်း ဗီဇပြောင်း ကိုဗစ် –၁၉ ကူးစက်မှုနှင့်ပတ်သက်၍မူ စိုးရိမ်ဖွယ် ကောင်းနေဆဲဖြစ်ကြောင်း ကျွမ်းကျင်သူများက သတိပေးထားကြသည်။

ဆင်ဟွာ



အိန္ဒိယတွင် ကိုဗစ် –၁၉ ကြောင့် ဆေးကုသမှုခံယူနေသည့်လူနာတစ်ဦးကို တွေ့ရစဉ်။

## အိန္ဒိယတွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူ ၁၇ သန်းခန့်ရှိ

**နယူးဒေလီ မေ ၂၅**

အိန္ဒိယနိုင်ငံ၏ ကိုဗစ်– ၁၉ ကူးစက်မှုမှာ မေ ၂၅ ရက်တွင် ၁၆၉၆၀၁၇၂ ဦးရှိပြီး ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကူးစက်ခံရသူ အရေအတွက်မှာ ၃၄၉၆၉၁ ဦး ရှိသည်။

အိန္ဒိယတွင်တစ်ရက်အတွင်း ကိုဗစ် –၁၉ ကူးစက်ခံရသူ ၃၀၀၀၀၀ အထက်တွင် ရှိနေသည်မှာ လေးရက်ဆက်တိုက် ရှိနေပြီဖြစ်သည်။ ပြီးခဲ့သည့် ၂၄ နာရီအတွင်း သေဆုံးသူ ၂၇၆၇ ဦးရှိသည့်အတွက် သေဆုံးသူ စုစုပေါင်းမှာ ၁၉၂၃၁၁ ဦးရှိသည်ဟု သိရသည်။

တိုင်းပြည်အတွင်း ကိုဗစ် –၁၉ ကူးစက်မှုများ များပြားလာသည့်အတွက် အစိုးရသည် အလုံးစုံ အသွားအလာပိတ်ဆို့ကန့်သတ်မှုကို ချမှတ်ခဲ့ရသည်။ ဒေလီမြို့သည် မေ ၂၆ ရက်မှ စတင်ကာ အသွားအလာ ပိတ်ဆို့ကန့်သတ်မှုအောက် ရောက်ရှိမည်ဖြစ်သည်။ ဒေလီမြို့သည် ကိုဗစ် –၁၉ ဆိုးဆိုးရွားရွား ထိခိုက်ခံစားရသည့် မြို့ဖြစ်ပြီး မေ ၂၄ ရက်တွင် ကူးစက်ခံရသူ ၂၄၀၀၀ နှင့် သေဆုံးသူ ၃၅၇ ဦး ရှိခဲ့သည်။

နယူးဒေလီရှိ ကိုဗစ် – ၁၉ လူနာ ၂၀ မှာမူ အောက်ဆီဂျင်ပြတ်လပ်မှုကြောင့် သေဆုံးခဲ့ရသည်ဟု ဒေသတွင်း မီဒီယာများက ဖော်ပြထားသည်။ အဆိုပါဆေးရုံသို့ မေ ၂၃ ရက်ညနေပိုင်းက အောက်ဆီဂျင်ပေးပို့ခဲ့သော်လည်း ညသန်းခေါင်ယံအချိန်မှ အောက်ဆီဂျင်ရရှိခဲ့သည့်အတွက် အချို့သောလူနာများအတွက်မူ နောက်ကျခဲ့ရသည်။ နယူးဒေလီရှိဆေးရုံများတွင် နေ့စဉ်အောက်ဆီဂျင် ၇၀၀ တန် လိုအပ်သည်ဟု ဒေသအစိုးရက ပြောသည်။ သို့သော်လည်း ဗဟိုအစိုးရသည် အောက်ဆီဂျင် တန်၄၈၀ ကိုသာ ခွဲဝေပေးခဲ့သည်ဟု သိရသည်။

ဗဟိုအစိုးရသည် အောက်ဆီဂျင် တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ သို့သော်လည်း အောက်ဆီဂျင်လိုအပ်ချက်မှာ များပြားလာသည့်အတွက် ထောက်ပံ့ပေးမှုမှာ အလျဉ်မမီနိုင်အောင် ဖြစ်ရသည်ဟု သိရသည်။

ဆင်ဟွာ



ကာကွယ်ဆေးထိုးပြီးပြန်လာသည့် ပြည်သူတစ်ဦးကို တွေ့ရစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး ရှမ်းပြည်နယ် (အရှေ့ပိုင်း) အတွင်း တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများစစ်ဆေး

နေပြည်တော် ဧပြီ ၂၅

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့်အတူ ဧပြီ ၂၄ ရက် နံနက်ပိုင်းက ကျိုင်းတုံမြို့တွင်းလမ်းများ၏ အခြေအနေကို လိုက်လံစစ်ဆေးပြီး ကျိုင်းတုံမြို့ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်ကာ ဘက်စုံအလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။**

### ကတ္တရာလမ်းအဆင့်တိုးမြှင့်

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် B.O.T စနစ် ဖြင့်ဆောင်ရွက်သော ကျိုင်းတုံ-မိုင်းဖြတ်-တာချီလိတ်လမ်းအပိုင်း ပြုပြင်ထိန်းသိမ်းထားရှိမှုကို လည်းကောင်း၊ တာလေ-ပါလျှိုး-ကျိုင်းလပ်လမ်း ပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေကို လည်းကောင်း၊ လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက တာလေ - ပါလျှိုး-ကျိုင်းလပ် လမ်း (၁၂ ကီလိုမီတာ မှ ၅၅ ကီလိုမီတာ) အတွင်း ၁၂ ပေ အကျယ်ကတ္တရာလမ်းမှ ၁၈ ပေ အကျယ် ကတ္တရာလမ်း အဆင့်အထိ ဦးစားပေးဆောင်ရွက်ထားရန် လိုပါကြောင်း၊ မြန်မာ - လာအို နယ်စပ်ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်လာပြီး ကုန်စည်စီးဆင်းမှု များပြားလာပါက ၂၄ ပေ အကျယ် ကတ္တရာလမ်းအဆင့်အထိ တိုးမြှင့်ဆောင်ရွက်သွားရန် အစီအစဉ်များရှိပါကြောင်း၊ လက်ရှိ မူလလမ်းအပိုင်းကိုလည်း ကုန်တင်ယာဉ်ကြီးများသွားလာရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ပုံမှန်ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တံတား အရှည် ၆၉၁ ဒသမ ၆ မီတာရှိ မြန်မာ-လာအို ချစ်ကြည်ရေးတံတား မြန်မာဘက်ခြမ်းသို့ရောက်ရှိပြီး တံတားကြီး ကြံ့ခိုင်မှု၊ တံတားအောက်ဘက်နှင့် တံတားအထက်ဘက် ရေလမ်းကြောင်း အခြေအနေကို တံတားပညာရှင်အဖွဲ့နှင့်အတူ စစ်ဆေးကြည့်ရှုပြီး တံတားကြီး ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ထိန်းသိမ်းရေးအပိုင်း ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ တာဝန်ရှိသူများအား မှာကြားသည်။

မွန်းလွဲပိုင်းတွင် တာလေမြို့ရှောင်လမ်းပေါ်၌ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)၊ တံတား အထူးအဖွဲ့(၁၂)မှတာဝန်ယူ တည်ဆောက်နေသော အရှည် ပေ ၅၈၀ နမ့်လင်းချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ယာယီရှင်းလင်းဆောင်တွင် တံတားတည်ဆောက်ရေး တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်က တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ပြည်ထောင်စုရန်ပုံငွေဖြင့် ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြရာ တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

### ညှိနှိုင်းဆောင်ရွက်ရန်

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တာလေမြို့ရှောင်လမ်း (၅ ကီလိုမီတာ နှင့် ၆ ကီလိုမီတာ) ကြားရှိ အရှည်ပေ ၁၀၀ နားဟိုင်းလုံ တံတား တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက တံတားဘိုးပိုင်လုပ်ငန်းများ၊ သတ်မှတ် စံချိန်စံညွှန်းပြည့်မီရေး၊ ပတ်ဝန်းကျင် ခတ်သတ္တုတူးဖော်ရေးဆောင်ရွက်သည့် လုပ်ငန်းရှင်များကြောင့် တံတားရေလမ်းကြောင်းနှင့် တံတားတိုင်များထိခိုက်မှုအန္တရာယ်မရှိစေရေး ညှိနှိုင်းဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် တာချီလိတ်မြို့သို့ ရောက်ရှိပြီး တာချီလိတ်-မယ်ဆိုင်၊ မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတားအရှည် ၂၉၃ ပေ၏ ကြံ့ခိုင်မှုအခြေအနေကို မြန်မာနိုင်ငံဘက်ခြမ်းတံတားပေါ်မှ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**


## လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်များအတွင်းရှိ ကျေးရွာ/ ရပ်ကွက် အချို့တို့မှ ဒေသခံပြည်သူများသို့ ဆန်၊ ဆီ၊ ပဲများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဧပြီ ၂၅**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေး အဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလှူဒါန်းလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်အတွင်းရှိ ညောင်ကျေးရွာ အမှတ်(၇)ရပ်ကွက်၊ အမှတ်(၁၃)ရပ်ကွက်၊ အမှတ်(၁၄)ရပ်ကွက်၊ အမှတ်(၁၉)ရပ်ကွက်၊ ကစဉ်ကျေးရွာနှင့် ရွှေပြည်သာမြို့နယ်အတွင်းရှိ အမှတ်(၁၂) ရပ်ကွက်၊ အမှတ်(၁၄) ရပ်ကွက်များရှိ အိမ်ထောင်စု စုစုပေါင်း ၁၅၀၇၅ စုတို့အတွက် ဆန်၊ ဆီ၊ ပဲ များကို ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တပ်နယ်အသီးသီးမှ နယ်မြေခံ တပ်မတော်သားများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အလားတူ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက်အတွင်းရှိ အိမ်ထောင်စု စုစုပေါင်း ၄၀၀ တို့အတွက် ဆန်နှင့် စားသောက်ဖွယ်ရာများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ နယ်မြေခံတပ်မတော်သားများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး



## ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) တတိယလှိုင်းအဖြစ် ကူးစက်ပြန့်ပွားမှုမရှိစေရေး အသိပေး / သတိပေးနှိုးဆော်ချက်

(၂၀.၄.၂၀၂၁)ရက်နေ့၊ နံနက်ပိုင်းအထိ ကမ္ဘာ့တစ်ဝန်းလုံးတွင် ကိုရိုနာဗိုင်းရပ်စ်(COVID–19) ကပ်ရောဂါဖြစ်ပွားသူဦးရေ (၁၄၂) သန်းကျော်၊ ရောဂါကြောင့်သေဆုံးသူဦးရေ (၃)သန်းကျော်ရှိနေပြီဖြစ်ပြီး ရောဂါသည် အရှိန်အဟုန်ဖြင့် ဆက်လက်ကူးစက်ပြန့်ပွားလျက်ရှိနေပါသည်။

ထိုသို့ကူးစက်ပြန့်ပွားရခြင်းအကြောင်းများအနက်–

- ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုး၏ မျိုးရိုးဗီဇများ ပြောင်းလဲလာခြင်း၊
- အကြောင်းအမျိုးမျိုးကြောင့် လူစုလူဝေးများဖြစ်ပေါ်ခြင်း၊
- ရောဂါဖြစ်ပွားမှု ကျဆင်းလျက်ရှိသည့်နိုင်ငံများတွင် ဖြေလျှော့မှုများ ဆောင်ရွက်ပေးလာခြင်း၊
- လူအများစုမှ ရောဂါကာကွယ်ရေးနည်းလမ်းများကို လိုက်နာမှုအားနည်းလာခြင်း၊
- ကာကွယ်ဆေးထိုးနှံပြီးသူများမှလည်း ရောဂါကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာဆောင်ရွက်မှု အားနည်းခြင်းစသည်တို့...ကြောင့်ဖြစ်သည်ကို တွေ့ရှိရပါသည်။

(၂၀.၄.၂၀၂၁) ရက်နေ့၊ နံနက်ပိုင်းအထိ သိရှိရသော ကိန်းဂဏန်းများအရ အိမ်နီးချင်းနိုင်ငံ ဖြစ်သည့် အိန္ဒိယနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူဦးရေ (၁၅) သန်းကျော်၊ ရောဂါကြောင့် သေဆုံးသူဦးရေ တစ်သိန်းရှစ်သောင်းကျော်ရှိနေပြီဖြစ်ပြီး ကမ္ဘာတွင်ဖြစ်ပွားမှု ဒုတိယအများဆုံးဖြစ်နေပါသည်။ ရောဂါဖြစ်ပွားမှု တတိယလှိုင်းကိုလည်းခံစားရလျက်ရှိပြီး (၁၈.၄.၂၀၂၁)တစ်နေ့တာအတွင်းတွင် ဖြစ်ပွားသူ စုစုပေါင်း (၂၇၅,၃၀၆)ဦးအထိ စံချိန်တင် ကူးစက်ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရပါသည်။ ထိုသို့ ကူးစက်မှုများအတွင်းတွင် ကိုရိုနာဗိုင်းရပ်စ်၏ မျိုးရိုးဗီဇပြောင်းလဲမှုများအနေဖြင့် ကူးစက်မှုနှုန်း (၇၀%)အထိ ပိုမိုမြန်ဆန်နိုင်သည့် UK Variant (B.1.1.7)နှင့် ကူးစက်မှုနှုန်းမြန်၍ အချို့ကာကွယ်ဆေးများ၏ထိရောက်မှုကို လျော့ကျစေနိုင်ဖွယ်ရှိသည့် South Africa Variant (B.1.351) တို့ကိုလည်း လေ့လာတွေ့ရှိရကြောင်း သိရှိရပါသည်။ အလားတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူဦးရေ (၇)သိန်းကျော်၊ ရောဂါကြောင့် သေဆုံးသူဦးရေတစ်သောင်းကျော်ရှိနေပြီဖြစ်ပါသည်။ ယခုအခါ ရောဂါ ဖြစ်ပွားမှု တတိယလှိုင်းကို ခံစားရလျက်ရှိပြီး (၇.၄.၂၀၂၁) တစ်နေ့တာအတွင်းတွင် ဖြစ်ပွားသူ(၇,၆၂၆)ဦးအထိ ကူးစက်မှုများ ပြန်လည်မြင့်တက်လျက်ရှိသည်ကို တွေ့ရပါသည်။ ထိုင်းနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID–19)ရောဂါဖြစ်ပွားသူဦးရေ (၄) သောင်းကျော်၊ ရောဂါကြောင့် သေဆုံးသူဦးရေ တစ်ရာကျော် ရှိနေပြီဖြစ်ပါသည်။ (၂၀၂၁) ခုနှစ်၊ ဧပြီလဆန်းမှစတင်၍ ရောဂါကူးစက်မှု တတိယလှိုင်းအဖြစ် ကူးစက်ဖြစ်ပွားသူဦးရေ သိသာစွာမြင့်တက်လာခဲ့ပြီး (၁၈.၄.၂၀၂၁)နေ့တွင် တစ်နေ့တာအတွင်း ကူးစက်သူဦးရေ (၁၇၆၇)ဦး ရှိခဲ့ကာ နေ့စဉ်ကူးစက်မှုဦးရေ တစ်ထောင်ကျော် ဆက်လက်ဖြစ်ပွားလျက်ရှိပါသည်။

အထက်ဖော်ပြပါ အိမ်နီးချင်းနိုင်ငံများတွင် လက်ရှိဖြစ်ပွားကူးစက်နေသော ကိုဗစ်–၁၉ ရောဂါ တတိယလှိုင်းနှင့် မျိုးရိုးဗီဇပြောင်းလဲနေသော ကိုဗစ်–၁၉ ရောဂါပိုးများ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်၍ ကူးစက်ပြန့်ပွားခြင်းမရှိစေရန် မိမိတို့ပြည်သူအားလုံးမှ ကျန်းမာရေး အသိ၊ ကျန်းမာရေး သတိဖြင့် အောက်ဖော်ပြပါ ရိုးရှင်းလွယ်ကူ၍ အခြေခံကျသည့် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို **"ကိုရိုနာဗိုင်းရပ်စ်ရောဂါ မိမိကစ၍ ကာကွယ်ပါ"** ဟူသည့် ဆောင်ပုဒ်အတိုင်း အားလုံးကိုယ်စီ မဖြစ်မနေ လိုက်နာဆောင်ရွက်ကြပါရန် အသိပေး/သတိပေး နှိုးဆော်ပန်ကြားအပ်ပါသည်။

(၁) အိမ်အပြင်ထွက်လျှင် ပါးစပ်နှင့်နှာခေါင်းစည်း(mask)ကို စနစ်တကျတပ်ဆင်ထားပါ။ လူအများနှင့် ထိတွေ့ဆက်ဆံရပါက မျက်နှာအကာ (Face Shield) ကို တွဲဖက်တပ်ဆင်ပါ။

(၂) တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်လုပ်ကိုင်ပါ။

(၃) လက်ကို စက္ကန့် (၂၀) ကြာ မကြာခဏ စနစ်တကျ ဆေးကြောပါ။

(၄) အလုံပိတ်အခန်းများ၊ အဲယားကွန်းအခန်းများ၊ လေဝင်လေထွက်မကောင်းသော အခန်းများသို့ သွားရောက်ခြင်းမှ အတတ်နိုင်ဆုံးရှောင်ကြဉ်ပါ။

(၅) အိမ်ပြင်သို့ ထွက်လေ့ရှိသူများအနေဖြင့် အိမ်ရှိ အသက်(၆၀)နှစ်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို/သွေးတိုး/နှလုံး စသည့်... နာတာရှည်ရောဂါအခံရှိသူများနှင့် အနီးကပ်နေထိုင်ခြင်း၊ အတူစားသောက်ခြင်းတို့မှ ရှောင်ကြဉ်ပါ။

(၆) အသွားအလာတားမြစ်ပိတ်ပင်၍ သီးသန့်ခွဲခြားနေထိုင်စေခြင်း (Quarantine) လုပ်ငန်းစဉ်များတွင် အပြည့်အဝပူးပေါင်းပါဝင်ပါ။

(၇) ပါးစပ်နှင့် နှာခေါင်းစည်း(Mask)မတပ်ဆင်ထားသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်။

(၈) တစ်ဦးနှင့်တစ်ဦး အချင်းချင်း အသိပေး၊ သတိပေးပါ။

(၉) ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ။

(၁၀) ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ အားအင်ကုန်ခမ်းခြင်း၊ ရုတ်တရက် အနံ့အရသာ ပျောက်ဆုံးခြင်း လက္ခဏာများပေါ်ပေါက်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ စောစီးစွာ ကုသမှုခံယူပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

### ၂၅-၄ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၂၇၉၀၈၉၆ | ၂၅၃၃၉၉၅၆ | ၅၈၅၈၉၃ |
| ၂။ | အိန္ဒိယ | ၁၇၀၈၀၃၃၀ | ၁၄၁၄၂၇၈၁ | ၁၉၂၈၇၅ |
| ၃။ | ဘရာဇီး | ၁၄၃၀၈၂၁၅ | ၁၂၇၆၆၇၇၂ | ၃၈၉၆၀၉ |
| ၄။ | ပြင်သစ် | ၅၄၇၃၅၇၉ | ၄၃၂၀၃၇၄ | ၁၀၂၇၀၃ |
| ၅။ | ရုရှား | ၄၇၆၂၅၆၉ | ၄၃၈၈၀၀၈ | ၁၀၈၂၃၂ |
| ၆။ | တူရကီ | ၄၅၉၁၄၁၆ | ၄၀၂၂၄၀၈ | ၃၈၀၁၁ |
| ၇။ | ဗြိတိန် | ၄၄၀၃၁၇၀ | ၄၁၈၉၁၅၄ | ၁၂၇၄၁၇ |
| ၈။ | အီတလီ | ၃၉၄၉၅၁၇ | ၃၃၆၉၀၄၈ | ၁၁၉၀၂၁ |
| ၉။ | စပိန် | ၃၄၆၈၆၁၇ | ၃၁၆၃၈၄၉ | ၇၇၅၉၁ |
| ၁၀။ | ဂျာမနီ | ၃၂၈၉၃၂၁ | ၂၈၉၃၉၀၀ | ၈၂၂၁၃ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၅ - ၄ - ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၆၄၁၁၉၄ | ၁၄၉၆၁၂၆ | ၄၄၅၉၄ |
| ဖိလစ်ပိုင် | ၉၉၇၅၂၃ | ၉၀၃၆၆၅ | ၁၆၇၈၃ |
| မလေးရှား | ၃၉၂၉၄၂ | ၃၆၇၇၅၃ | ၁၄၃၆ |
| မြန်မာ | ၁၄၂၇၂၂ | ၁၃၁၉၃၂ | ၃၂၀၇ |
| စင်ကာပူ | ၆၁၀၀၆ | ၆၀၆၂၉ | ၃၀ |
| ထိုင်း | ၅၅၄၆၀ | ၃၁၁၁၃ | ၁၄၀ |
| ကမ္ဘောဒီးယား | ၉၉၇၅ | ၃၄၀၀ | ၇၄ |
| ဗီယက်နမ် | ၂၈၄၃ | ၂၅၁၆ | ၃၅ |
| လာအို | ၃၂၃ | ၄၉ | ၀ |
| ဘရူနိုင်း | ၂၂၃ | ၂၁၀ | ၃ |

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် ဧပြီ ၂၆

ထူးခြားသည့် နေ့အပူချိန်များမှာ မုံရွာမြို့နှင့် ချောက်မြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီနှင့် မြင်းမူမြို့၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် ဂန့်ဂေါမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီ တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လောင်းလုံးမြို့တွင် ၀ ဒသမ ၈၃ လက်မနှင့် တောင်ကြီးမြို့နှင့် ကော့သောင်းမြို့တို့တွင် ၀ ဒသမ ၀၈ လက်မစီတို့ ဖြစ်ကြသည်။

မိုး/ဇလ

# ရုရှားနိုင်ငံနာမည်ကြီးသတင်းဌာနတစ်ခုဖြစ်သော RIA News သတင်းဌာနပိုင် အင်တာနက်စာမျက်နှာတွင် “မြန်မာဟာ ဒုတိယဆီးရီးယား လုံးဝဖြစ်လာမှာ မဟုတ်ဘူး – ဗိုလ်ချုပ်ဇော်မင်းထွန်း” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားသော အင်တာဗျူး အမေးအဖြေဆောင်းပါး

*(ယမန်နေ့မှအဆက်)*

**မေး ။ ။ ကျွန်တော်တို့တွေ့မြင်နေရသလောက် ဒီအကြမ်းဖက်ဆန္ဒပြသူတွေ ပစ်မှတ်ထားတိုက်ခိုက်နေတဲ့အထဲမှာ တရုတ်လူမျိုးပိုင်စက်ရုံ၊ အလုပ်ရုံတွေနဲ့ စီးပွားရေးလုပ်ငန်းတွေ ပါဝင်နေပါတယ်။ ဥပမာအနေနဲ့ ပြောမယ်ဆိုရင် တရုတ်လူမျိုးပိုင် စက်ရုံအချို့ မီးရှို့ဖျက်ဆီးခံခဲ့ရပြီး ဖြစ်ပါတယ်။ ဘာကြောင့် ဒီလိုပစ်မှတ်ထားတိုက်ခိုက်နေကြတာပါလဲ။ တကယ်ပဲ သူတို့ထင်သလို တရုတ်နိုင်ငံက မြန်မာနိုင်ငံကို ကူညီပေးနေတာလား။ ဒါမှမဟုတ် စီးပွားပြိုင်ဘက်အချင်းချင်း ချောက်ချတဲ့ သဘောလား။ ဘယ်လိုအကြောင်းကြောင့်များ တရုတ်လူမျိုးပိုင်စီးပွားရေးလုပ်ငန်းတွေက မြန်မာနိုင်ငံမှာ ပစ်မှတ်ထားတိုက်ခိုက်ခံလာရတာပါလဲ။**

ဖြေ ။ ။ တရုတ်နိုင်ငံဆိုတာ မြန်မာနိုင်ငံအတွက် အိမ်နီးနားချင်းနိုင်ငံတစ်ခု ဖြစ်ပါတယ်။ အနောက်နိုင်ငံတွေအနေနဲ့ NLD ပါတီဝင်တွေကတစ်ဆင့် မြန်မာပြည်သူတွေအပေါ်မှာ တရုတ်မုန်းတီးရေးဝါဒတွေကို မှိုင်းတိုက်သွတ်သွင်းခဲ့ကြပါတယ်။ NLD ပါတီအနေနဲ့ အာဏာရစဉ်ကာလတုန်းက တရုတ်နိုင်ငံနဲ့ ချုပ်ဆိုသဘောတူထားတဲ့ စီမံကိန်းဆိုင်ရာ စာချုပ်တွေ အများအပြားရှိတာကြောင့် တရုတ်ကို မလွန်ဆန်နိုင်ခဲ့ကြပါဘူး။ မည်သို့ပင်ဖြစ်စေ သူတို့ရဲ့ ရည်ရွယ်ချက်မှာ တရုတ်နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ရှိမနေခဲ့ပါဘူး။ နောက်ကျောကနေ ဓားနဲ့ထိုးချင်တဲ့ ရည်ရွယ်ချက်ပဲ ရှိပါတယ်။ NLD ပါတီအနေနဲ့ ကျရှုံးသွားချိန်မှာတော့ ၎င်းတို့ရဲ့ စိတ်ရင်းအမှန်တွေဟာ ထွက်ပေါ်လာခဲ့ပြီး တရုတ်မုန်းတီးရေးနဲ့ ရုရှားမုန်းတီးရေးတို့ကို ထုတ်ဖော်ဆောင်ရွက်လာခဲ့ကြပါတယ်။ သူတို့ရဲ့ တွက်ချက်မှုအရ မြန်မာနိုင်ငံနှင့် တရုတ်၊ ရုရှားနိုင်ငံတို့အကြား ချစ်ကြည်ရေးကို ဖျက်ဆီးနိုင်လျှင် သူတို့ရဲ့ ရည်မှန်းချက်တွေ အောင်မြင်မယ်လို့ တွက်ဆထားကြပါတယ်။ ယခင်က ဒီရည်ရွယ်ချက်တွေကို လျှို့ဝှက်စွာ အကောင်အထည်ဖော်နေခဲ့သော်လည်း ယခုအချိန်မှာတော့ ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ဆောင်ရွက်လာကြတာပဲ ဖြစ်ပါတယ်။ သို့ပေမယ့် တကယ့်တကယ် လက်တွေ့တွင် ထိခိုက်နစ်နာသူတွေက တရုတ်လူမျိုးတွေမဟုတ်ဘဲ ဒေသခံ မြန်မာလူမျိုးများသာ ဖြစ်ကြပါတယ်။ ဒီလုပ်ငန်းတွေရဲ့ ပိုင်ရှင်များသည် တရုတ်လူမျိုး ရင်းနှီးမြှုပ်နှံသူများ ဖြစ်နိုင်သော်လည်း အဆိုပါစက်ရုံအလုပ်ရုံတို့တွင် လုပ်ကိုင်နေသော ဝန်ထမ်းများ၏ ၉၀ ရာခိုင်နှုန်းကျော်က ဒေသခံ မြန်မာလူမျိုးများသာ ဖြစ်ကြပါတယ်။ တရုတ်စက်ရုံတစ်ခု မီးရှို့ဖျက်ဆီးခံရပြီး နောက်ပိုင်းမှာ ရန်ကုန်မြို့နေ ပြည်သူတော်တော်များများ မိမိနေရပ်ကျေးရွာများသို့ ပြန်သွားခဲ့ကြတာကို သက်သေအဖြစ် တွေ့မြင်နိုင်ပါတယ်။ သူတို့အနေနဲ့ အလုပ်အကိုင်မဲ့၊ ဝင်ငွေမဲ့သွားတဲ့အချိန်မှာ စားဝတ်နေရေး အခက်အခဲတွေနဲ့ ရင်ဆိုင်နေကြရပါတယ်။ တရုတ်လူမျိုးတွေအတွက်ကတော့ ဤမျှလောက်ဆုံးရှုံးမှုဟာ မဆိုစလောက်သာရှိမယ်လို့ ထင်ပါတယ်။ တရုတ်နိုင်ငံက လက်ရှိအစိုးရကို ကူညီနေလို့ တိုက်ခိုက်တယ်ဆိုပေမယ့် တကယ်တိုက်ခိုက်ခံလိုက်ရတာက တရုတ်လူမျိုးတွေမဟုတ်ဘဲ မိမိတို့မြန်မာလူမျိုးအချင်းချင်းသာ ဖြစ်နေခဲ့ပါတယ်။



**မေး ။ ။ အစိုးရဆန့်ကျင်လှုပ်ရှားသူတွေအနေနဲ့ ရုရှားနိုင်ငံကိုလည်း မြန်မာ့တပ်မတော်အပေါ် ကူညီထောက်ပံ့နေတယ်ဆိုပြီး စွပ်စွဲပြောဆိုနေကြတာတွေ ရှိပါတယ်။ ဗိုလ်ချုပ်အနေနဲ့ ရုရှားနိုင်ငံက တကယ်ကူညီနေတယ်လို့ ခံစားရပါသလား။**

ဖြေ ။ ။ စိတ်ပိုင်းဆိုင်ရာအရဆိုရင်တော့ ရုရှားနဲ့ တရုတ်နိုင်ငံဟာ ကျွန်တော်တို့ကို အများကြီး ကူညီရာရောက်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့အပေါ်မှာ ထားရှိတဲ့ ယုံကြည်မှုကြောင့်ပဲ ဖြစ်ပါတယ်။ ယုံကြည်မှုဆိုတဲ့ နေရာမှာလည်း မိမိတို့အနေနဲ့ လမ်းကြောင်းမှန်ပေါ်ကနေ စစ်မှန်သော ဒီမိုကရေစီကို ဖော်ဆောင်နေတယ်ဆိုတာကို ယုံကြည်တဲ့ မှန်ကန်သော ယုံကြည်မှုရှိခြင်းကြောင့်ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီလိုယုံကြည်မှုအပေါ်မှာ များစွာတန်ဖိုးထား လေးစားပါတယ်။ ဒါကြောင့် ယခုလို အခွင့်အခါ ကြုံကြိုက်တုန်းမှာ ရုရှားနိုင်ငံသားအားလုံးနဲ့ တရုတ်နိုင်ငံသားအားလုံးကို မြန်မာနိုင်ငံအစိုးရအနေနဲ့ ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ဒီလိုကူညီထောက်ပံ့မှုမျိုးရှိတယ်လို့ ကျွန်တော် ဖြေကြားလိုပါတယ်။

**မေး ။ ။ ရုရှား–မြန်မာ စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးနဲ့ ပတ်သက်ပြီး တိုးတက်အောင်မြင်မှုတွေ ရှိပါသလား။ သဘောတူစာချုပ်အသစ်တွေ ချုပ်ဆိုဖို့ရော ရှိပါသလား။ ဘယ်လိုဝယ်ယူမှုအသစ်တွေအတွက် ပြင်ဆင်နေပါသလဲ။**

ဖြေ ။ ။ စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုတဲ့နေရာမှာ စစ်လက်နက်ပစ္စည်းဝယ်ယူရေးတစ်ခုတည်းကို ဆိုလိုခြင်းမဟုတ်ဘဲ နည်းပညာရပ်ပိုင်းဆိုင်ရာ သင်တန်းသားများ စေလွှတ်သင်ကြားစေခြင်းလည်း ပါဝင်တယ်လို့ နားလည်ထားရမှာ ဖြစ်ပါတယ်။ ယခုလက်ရှိမှာလည်း ရုရှားနိုင်ငံအတွင်း မြန်မာလူမျိုးသင်တန်းသားများစွာ ပညာသင်ယူလျက်ရှိနေပြီး DSc ဘွဲ့၊ PhD ဘွဲ့နှင့် မဟာဘွဲ့ရ ကျောင်းသားများလည်း အမြောက်အမြား ထွန်းပေါက်ပြီး ဖြစ်ပါတယ်။ ရုရှား–မြန်မာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးမှန်သမျှကို တန်ဖိုးထားပါတယ်။ ဒီနေရာမှာ စစ်လက်နက် ဝယ်ယူဖြည့်တင်းရေးတစ်ခုတည်းတင်မဟုတ်ဘဲ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ပူးပေါင်းဆောင်ရွက်အောင်မြင်လျက်ရှိနေပါတယ်။

**မေး ။ ။ ဆိုလိုတာက လတ်တလောမှာတော့ စစ်လက်နက်ဝယ်ယူရေး စာချုပ်အသစ်တွေ ချုပ်ဆိုဖို့မရှိသေးဘူးလို့ နားလည်ပါတယ်။ ဟုတ်ပါသလား။**

ဖြေ ။ ။ ချုပ်ဆိုပြီးသား စာချုပ်တွေနဲ့ ပတ်သက်ပြီး သဘောတူချုပ်ဆိုထားတဲ့အတိုင်း လုပ်ငန်းတွေ ဆက်လက်ဆောင်ရွက်နေတာတွေ ရှိပါတယ်။ စာချုပ်အသစ်တွေနဲ့ ပတ်သက်လို့ကတော့ ဇန်နဝါရီလတုန်းက နောက်ဆုံးချုပ်ဆိုထားတဲ့ စာချုပ်အချို့ ရှိပါတယ်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Army General Shoigu ဦးဆောင်လာရောက်ခဲ့သော ကိုယ်စားလှယ်အဖွဲ့ ခရီးစဉ်တုန်းက ချုပ်ဆိုနိုင်ခဲ့တာပဲ ဖြစ်ပါတယ်။ အဲ့ဒီနောက်ပိုင်း ယနေ့အထိတော့ ထပ်မံချုပ်ဆိုတဲ့ စာချုပ် အသစ်တွေ မရှိသေးပါဘူး။



**မေး ။ ။ တချို့ကမ္ဘာ့နိုင်ငံတွေက မြန်မာနိုင်ငံအပေါ်မှာ စစ်ရေးအရ ဖိအားပေးသွားမယ်ဆိုပြီး ပြောဆိုနေကြတာတွေ ရှိပါတယ်။ မြန်မာနိုင်ငံနဲ့ ယခင်မိတ်ဖက်နိုင်ငံတွေထဲကနေမှ ပူးပေါင်းဆောင်ရွက်မှုတွေ ရပ်တန့်သွားတဲ့ နိုင်ငံတွေရော ရှိပါသလား။**

ဖြေ ။ ။ ဒီလို ဖိအားပေးမှုဆိုတာတွေဟာ ကျွန်တော်တို့အတွက်တော့ သမားရိုးကျလို ဖြစ်နေပါပြီ။ ဒီလိုမျိုး တရားဝင်စစ်ကြေညာလာတာတွေလည်း မရှိသေးသလို လက်တွေ့မှာလည်း စစ်ရေးလှုပ်ရှားမှုပြုလုပ်တာတွေ မကြုံတွေ့ရသေးပါဘူး။ ဘယ်နိုင်ငံမှလည်း ဒီလိုလုပ်ဖို့အတွက် ဆုံးဖြတ်ချက် ချထားပြီးပြီဆိုတာမျိုး မရှိသေးဘူးလို့ ထင်ပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံတကာဆက်ဆံရေးနဲ့ ပတ်သက်လို့ကတော့ တက်ကြွပြီး ဘက်မလိုက်တဲ့ နိုင်ငံရေးဝါဒကို ကျင့်သုံးလျက်ရှိပါတယ်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူတွေကို စောင့်ထိန်းပါတယ်။

**မေး ။ ။ မြန်မာနိုင်ငံအပေါ် ချမှတ်လာတဲ့ စီးပွားရေး ကန့်သတ်ပိတ်ဆို့မှုတွေကြောင့် ဘယ်လိုနောက်ဆက်တွဲ ပြဿနာတွေကို ရင်ဆိုင်နေရပါသလဲ။ အထူးသဖြင့် အမေရိကန်နိုင်ငံက ပြုလုပ်တဲ့ Sanction ကြောင့် ထိခိုက်မှုတွေ ရှိပါသလား။ ဒီကန့်သတ်ပိတ်ဆို့မှုတွေဟာ မြန်မာလူမျိုးတို့ရဲ့ နေ့စဉ်လူနေမှုဘဝကို ထိခိုက်နေပါသလား။**

ဖြေ ။ ။ ယခု ကမ္ဘာဟာ အမေရိကန်ကြီးစိုးတဲ့ ခေတ် မဟုတ်တော့ပါဘူး။ Made in Russia၊ Made in China ဆိုတဲ့ ထုတ်ကုန်တွေလည်း ကမ္ဘာကိုပတ်နေကြပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့အတွက် ဒီထုတ်ကုန်တွေနဲ့တင် လုံလောက်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိစီးပွားရေးကျဆင်းနေတာဟာ ဒီကန့်သတ်ပိတ်ဆို့မှုတွေကြောင့်ဆိုတာထက် ကူးစက်ရောဂါကပ်ဘေးကြောင့်က ပိုများပါတယ်။

**မေး ။ ။ ရုရှားနိုင်ငံအတွက် နိုင်ငံတကာဆက်ဆံရေးမှာ လက်ရှိအရေးပါတဲ့ အရာတစ်ခုကတော့ ကိုဗစ်ရောဂါကာကွယ်ဆေး ဖြန့်ဝေပေးခြင်းပဲ ဖြစ်ပါတယ်။ ကမ္ဘာ့အနှံ့မှာ အသုံးပြုလျက်ရှိပြီဖြစ်တဲ့ ကာကွယ်ဆေးအမျိုးအစားများစွာကို ရုရှားနိုင်ငံက ဖော်စပ်ထုတ်လုပ်ထားပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒီကာကွယ်ဆေးတွေကို ဝယ်ယူသွားဖို့ရော ရှိပါသလား။ ဘယ်လောက်အရေအတွက် ဝယ်ယူသွားနိုင်ပါသလဲ။**

ဖြေ ။ ။ ကျွန်တော်တို့နိုင်ငံမှာ ကိုဗစ်ရောဂါကာကွယ်တိုက်ဖျက်ရေးနဲ့ ပတ်သက်ပြီးတော့ အစီအစဉ်ရေးဆွဲ ဆောင်ရွက်နေတာတွေ ရှိပြီးဖြစ်ပါတယ်။ ဒီအစီအစဉ်တွေဟာ ယခင်အစိုးရလက်ထက်ကတည်းက ဆောင်ရွက်ခဲ့တာတွေ ဖြစ်ပါတယ်။ တပ်မတော်အစိုးရက တာဝန်ယူပြီးတဲ့နောက်ပိုင်းမှာတော့ ယခင်အစိုးရလက်ထက်တုန်းက မလုပ်ဆောင်နိုင်ခဲ့တဲ့ ရုရှားနိုင်ငံထုတ် Sputnik–V ကာကွယ်ဆေးအား မှတ်ပုံတင်ခြင်းလုပ်ငန်းကို လုပ်ဆောင်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။

*စာမျက်နှာ ၁၇ သို့*

**“ဒီလိုဖိအားပေးမှုဆိုတာတွေဟာ ကျွန်တော်တို့အတွက်တော့ သမားရိုးကျလိုဖြစ်နေပါပြီ။ ဒီလိုမျိုး တရားဝင်စစ်ကြေညာလာတာတွေလည်း မရှိသေးသလို လက်တွေ့မှာလည်း စစ်ရေးလှုပ်ရှားမှု ပြုလုပ်တာတွေ မကြုံတွေ့ရသေးပါဘူး။ ဘယ်နိုင်ငံမှလည်း ဒီလိုလုပ်ဖို့အတွက် ဆုံးဖြတ်ချက် ချထားပြီးပြီဆိုတာမျိုး မရှိသေးဘူးလို့ ထင်ပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံတကာဆက်ဆံရေးနဲ့ပတ်သက်လို့ကတော့ တက်ကြွပြီး ဘက်မလိုက်တဲ့ နိုင်ငံရေးဝါဒကို ကျင့်သုံးလျက်ရှိပါတယ်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူတွေကို စောင့်ထိန်းပါတယ်”**

*စာမျက်နှာ ၁၆ မှ*

လက်ရှိ ကျွန်တော်တို့နိုင်ငံမှာ တရားဝင်မှတ်ပုံတင်ပြီး အသုံးပြုနိုင်တဲ့ ကာကွယ်ဆေး အဓိကအားဖြင့် ၃ မျိုးရှိပါတယ်။ အိန္ဒိယနိုင်ငံထုတ် Covaxin ၊ ရုရှားနိုင်ငံထုတ် Sputnik-V နှင့် တရုတ်နိုင်ငံထုတ် Sinopharm တို့ပဲ ဖြစ်ပါတယ်။

ရေးဆွဲထားပြီးဖြစ်တဲ့ အစီအမံအရ လူဦးရေ ၁၅ သန်းကို အဆင့် ၃ ဆင့်ခွဲပြီး ထိုးနှံပေးလျက်ရှိပါတယ်။ အိန္ဒိယနိုင်ငံကနေ ကာကွယ်ဆေး ၃ သန်းကို လက်ခံရရှိထားပြီး ဖြစ်ပါတယ်။ ဆက်လက်ရရှိရန် ၂၈ သန်း ကျန်ရှိနေပါသေးတယ်။ ဒီကာကွယ်ဆေးတွေကိုတော့ စာချုပ်ချုပ်ဆိုဝယ်ယူထားပြီး ဖြစ်ပါတယ်။ တရုတ်နိုင်ငံက ကာကွယ်ဆေး ၄ ဒသမ ၂ သန်းကိုတော့ မေလ နဲ့ ဇွန်လတွေမှာ လက်ခံရရှိမှာ ဖြစ်ပါတယ်။ ဒီအရေအတွက်ဟာ ပထမဆင့် ကာကွယ်ဆေးထိုးနှံဖို့အတွက် လုံလောက်တဲ့ ပမာဏဖြစ်ပါတယ်။ မြန်မာနိုင်ငံသားအားလုံး ထိုးနှံဖို့အတွက်ဆိုရင်တော့ ကာကွယ်ဆေး ၈၀ သန်း ထပ်မံလိုအပ်မှာ ဖြစ်ပါတယ်။ ဒီအရေအတွက်အတွက် စာချုပ်တွေ ထပ်မံချုပ်ဆိုဝယ်ယူသွားရမှာ ဖြစ်ပါတယ်။ အဲဒီလိုဝယ်ယူတဲ့အခါမှာ ရုရှားနိုင်ငံထုတ် Sputnik-V ကာကွယ်ဆေးကို ထည့်သွင်းဝယ်ယူသွားဖို့ အစီအစဉ်ရှိပါတယ်။ အရေအတွက် အတိအကျကိုတော့ အခုမပြောနိုင်သေးပါဘူး။

**မေး ။ ။ ဆိုလိုတာက ယနေ့အထိ မြန်မာနိုင်ငံကို Sputnik-V ကာကွယ်ဆေး လုံးဝ တင်သွင်းခြင်းမရှိသေးဘူးလို့ နားလည်ပါတယ်။ ဟုတ်ပါသလား။**

ဖြေ ။ ။ အဲဒီလိုလည်း မဟုတ်ပါဘူး။ မိမိတို့အနေနဲ့ ရုရှားကာကွယ်ရေးဝန်ကြီးဌာနက လက်ဆောင်ပေးတဲ့ Sputnik-V ကာကွယ်ဆေးအချို့ လက်ခံရရှိခဲ့တာ ရှိပါတယ်။ အဆိုပါဆေးကို ထုတ်လုပ်ရာစက်ရုံကနေလည်း တရားဝင်မှတ်ပုံတင်ရာမှာ လိုအပ်တဲ့ စမ်းသပ်ခံပမာဏကိုပါ တစ်ပါတည်း လက်ခံရရှိပြီး ဖြစ်ပါတယ်။ တပ်မတော်က အရာရှိကြီးအချို့ ကိုယ်တိုင်လည်း Sputnik-V ကာကွယ်ဆေးကို ထိုးနှံထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဒီကာကွယ်ဆေးနဲ့ ပတ်သက်ပြီး အတွေ့အကြုံ ရှိတယ်လို့တော့ ပြောလိုပါတယ်။ ထပ်မံ ဝယ်ယူအသုံးပြုသွားဖို့လည်း ရှိပါတယ်။

**မေး ။ ။ Sputnik-V ကာကွယ်ဆေး အရေအတွက် ဘယ်လောက် လက်ဆောင်အဖြစ် လက်ခံရရှိခဲ့ပါသလဲ။**

ဖြေ ။ ။ လူ ၁၀၀ စာ ကာကွယ်ဆေး အလုံး ၂၀၀ ဖြစ်ပါတယ်။ လူ ၁၀၀ လုံး ထိုးနှံပြီး ဖြစ်ပါတယ်။

**မေး ။ ။ ဗိုလ်ချုပ်ကိုယ်တိုင်ရော ဒီကာကွယ်ဆေးကိုပဲ ထိုးနှံထားတာပါလား။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်တိုင်ရော ရုရှားကာကွယ်ဆေးထိုးထားပါသလား။**

ဖြေ ။ ။ ကျွန်တော့်ကိုတော့ ဗိုလ်ချုပ်အဆင့်ဖြစ်တဲ့အတွက် ကျွန်တော့်ရာထူးနဲ့ လျော်ညီတဲ့ အစိုးရက စီစဉ်ပေးတဲ့ အိန္ဒိယနိုင်ငံက ကာကွယ်ဆေးကိုပဲ ထိုးပေးပါတယ်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နဲ့ ပတ်သက်ပြီးတော့ ကျွန်တော်လည်း တိတိကျကျ အဖြေမပေးနိုင်ပါဘူး။ အခြားသော ဗိုလ်ချုပ်ကြီးအဆင့်ရှိသူတွေနဲ့ ဒုတိယဗိုလ်ချုပ်ကြီး အဆင့်ရှိသူအချို့ကတော့ အစိုးရက စီစဉ်ပေးထားတဲ့ အခြားနိုင်ငံထုတ် ကာကွယ်ဆေးတွေအစား ရုရှားနိုင်ငံထုတ် Sputnik-V ကာကွယ်ဆေးကိုပဲ ရွေးချယ်ထိုးနှံခဲ့ကြတာရှိပါတယ်။

**မေး ။ ။ ကမ္ဘာ့မီဒီယာတွေမှာ ရေးသားဖော်ပြချက်တွေအရ လန်ဒန်မြို့ မြန်မာသံရုံးက သံအမတ်နဲ့ ကုလသမဂ္ဂဆိုင်ရာ ကိုယ်စားလှယ် သံအမတ်တို့က လက်ရှိအစိုးရအပေါ် ဆန့်ကျင်ဆန္ဒဖော်ထုတ်ခဲ့ကြတယ်လို့ ကြားသိရပါတယ်။ အလားတူဖြစ်စဉ်တွေ တခြားနိုင်ငံတွေမှာရော ရှိပါသလား။ လက်ရှိမှာ ဗြိတိသျှနိုင်ငံနဲ့ ကုလသမဂ္ဂဆိုင်ရာ သံတမန်အရေးတွေကို ဘယ်လိုကိုင်တွယ်ဆောင်ရွက်နေပါသလဲ။**

ဖြေ ။ ။ လန်ဒန်မြို့ မြန်မာသံရုံးမှာ သံအမတ်အသစ် ပြောင်းလဲခန့်အပ်ထားပြီး ဖြစ်ပါတယ်။ နိုင်ငံအစိုးရအနေနဲ့လည်း လက်ခံအတည်ပြုထားပြီး ဖြစ်ပါတယ်။ ကုလသမဂ္ဂကိုယ်စားလှယ်ကတော့ အလုပ်မတက်ဘဲ တာဝန်ပျက်ကွက်နေတဲ့အတွက် မြန်မာနိုင်ငံက ဒုတိယဝန်ကြီးတစ်ဦးက တာဝန်ယူပြီး အဝေးရောက်အနေနဲ့ သံတမန်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ တခြားနိုင်ငံတွေမှာတော့ အလားတူ ဖြစ်စဉ်မျိုးတွေ မရှိပါဘူး။ မြန်မာနိုင်ငံအတွင်းမှာလည်း နိုင်ငံတကာသံရုံးတွေအားလုံး သံတမန်လုပ်ငန်း တာဝန်များကို အပြည့်အဝလုပ်ကိုင်လျက်ရှိကြပါတယ်။

**မေး ။ ။ အနောက်နိုင်ငံတွေနဲ့ ပတ်သက်တာတွေတော်တော်များများကိုမေးမြန်းပြီးပြီဖြစ်လို့ အရှေ့နိုင်ငံတွေနဲ့ ပတ်သက်တာတစ်ခု မေးမြန်းလိုပါတယ်။ မကြာမီမှာ အာဆီယံနိုင်ငံများအနေနဲ့ အထူးညီလာခံတစ်ခု ကျင်းပပြုလုပ်သွားဖို့ရှိတယ်လို့ ကြားသိရပါတယ်။ ဘာတွေများ အကျိုးဖြစ်ထွန်းလာနိုင်ပါသလဲ။**

ဖြေ ။ ။ ဟုတ်ပါတယ်။ မကြာမီပြုလုပ်သွားမယ့် အာဆီယံညီလာခံမှာ ကျွန်တော်တို့ရဲ့ နိုင်ငံတော်အကြီးအကဲ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်တိုင် တက်ရောက်သွားမှာ ဖြစ်ပါတယ်။ ဒီညီလာခံဟာ မြန်မာနိုင်ငံအရေး အမှန်တရားတွေကို အိမ်နီးနားချင်း မိတ်ဆွေတွေကို ချပြဖို့ ကျွန်တော်တို့အတွက် အခွင့်အရေးတစ်ခု ဖြစ်ပါတယ်။ ဒီညီလာခံမှာ နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင် တက်ရောက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အာဆီယံဆိုတာ ကျွန်တော်တို့အတွက် မိသားစုပါ။ ကျွန်တော်တို့အနေနဲ့ မိသားစုကို လေးစားပါတယ်။ တန်ဖိုးထားပါတယ်။ ကျွန်တော်တို့ကြားမှာ အမြင်ကွဲပြားမှုတွေ ရှိနိုင်ပေမယ့် ကျွန်တော်တို့ဟာ ခိုင်မာတဲ့ အဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။ အားလုံး အဆင်ပြေချောမွေ့မယ်လို့ ယုံကြည်ပါတယ်။

## ဆေးကုသရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင် တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်း တိုက်နယ်ဆေးရုံ၊ မတ္တရာပြည်သူ့ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဥ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော် တိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်း မြို့နယ် ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ် ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေး အဖွဲ့များအား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေ ရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန် လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

**ညှိနှိုင်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ် အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှု အခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေး စောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင် ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၂ မှ*

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၇၈ | ကံသာယာကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၁၀၅၂ | ၁၄၈ | ၄၈ | ၁၀၀ | |
| ၇၉ | ကုလားတဲကျေးရွာအုပ်စု | ၂ | ၂၅၅၀ | ၁၆၁၇ | ၉၃၃ | ၈၈၃ | ၅၀ | |
| ၈၀ | ဆင်သားမွေးကျေးရွာအုပ်စု | ၄ | ၃၅၅၀ | ၂၄၂၉ | ၁၁၂၁ | ၉၂၁ | ၂၀၀ | |
| ၈၁ | ဆည်ကျေးရွာအုပ်စု | ၅ | ၅၂၅၀ | ၃၆၆၆ | ၁၅၈၄ | ၁၃၃၄ | ၂၅၀ | |
| ၈၂ | တောပြားကျေးရွာအုပ်စု | ၃ | ၃၇၅၀ | ၂၂၂၄ | ၁၅၂၆ | ၁၃၇၆ | ၁၅၀ | |
| ၈၃ | ကမ္မကျေးရွာအုပ်စု | ၄ | ၂၈၅၀ | ၂၀၆၈ | ၇၈၂ | ၇၈၂ | | |
| ၈၄ | တပေါက်ကုန်းကျေးရွာအုပ်စု | ၁ | ၈၅၀ | ၆၈၇ | ၁၆၃ | ၁၆၃ | | |
| ၈၅ | ကန်နီကြီးကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၁၂၁၄ | ၈၃၆ | ၇၈၆ | ၅၀ | |
| ၈၆ | ကန်တိန်ကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၁၀၇၉ | ၃၇၁ | ၃၂၁ | ၅၀ | |
| ၈၇ | မြေနဲကြီးကျေးရွာအုပ်စု | ၁ | ၇၅၀ | ၄၈၇ | ၂၆၃ | ၂၁၃ | ၅၀ | |
| ၈၈ | ရွာပုလဲကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၁၁၉၃ | ၇၀၇ | ၄၀၉ | ၂၉၈ | |
| ၈၉ | တောင်တောကျေးရွာအုပ်စု | ၁ | ၁၉၅၀ | ၁၃၄၇ | ၆၀၃ | ၆၀၃ | | |
| ၉၀ | ကူတောကျေးရွာအုပ်စု | ၃ | ၃၃၀၀ | ၂၀၉၉ | ၁၂၀၁ | ၈၉၈ | ၃၀၃ | |
| ၉၁ | စက်စက်ယိုကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၈၃၆ | ၄၆၄ | ၄၆၂ | ၂ | |
| ၉၂ | ဗြူကြီးကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၈၈၆ | ၅၆၄ | ၇၁၄ | | ၁၅၀ |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၂၃၆ | ၂၁၄၅၅၀ | ၁၅၉၄၇ | ၅၅၀၇၈ | ၄၈၅၈၉ | ၁၀၂၀၈ | ၃၇၁၉ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၈၀၉ | ၈၀၉ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၁၇၆၀၄ | | ၁၇၆၀၄ | ၁၇၅၀၀ | ၁၀၄ | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၂၃၆ | ၂၃၂၉၆၃ | ၁၆၀၂၈ | ၇၂၆၈၂ | ၆၆၀၈၉ | ၁၀၃၁၂ | ၃၇၁၉ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဒေသခံပြည်သူလူနာများ တပ်မတော်ဆေးရုံများ၌ ဆက်လက် လက်ခံကုသ

**နေပြည်တော် မေ ၂၅**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၆၂၈၀၇ ဦး၊ အတွင်းလူနာ ၄၁၉၁ ဦးကို ကုသပေးနိုင်ခဲ့ပြီး ၎င်းလူနာများအနက် အကြီးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၇၆၃၅ ဦး၊ အသေးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၃၉၀၁ ဦး စုစုပေါင်း ၁၁၅၃၆ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားလူနာ ၃၉၆၈ ဦးကိုခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၆၁၅၀ ကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၀၁၁၈ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန် အတွက်ကိုပါ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ကန်ထရိုက်လယ်ယာစနစ်ဖြင့် မိုးစပါးစိုက်ပျိုးနိုင်ရေး ဆွေးနွေး

**ရန်ကုန် မေ ၂၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကန်ထရိုက်လယ်ယာစနစ်ဖြင့် မိုးစပါးစိုက်ပျိုးနိုင်ရေးအတွက် ဆွေးနွေးပွဲကို မေ ၂၃ ရက်က ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး မင်္ဂလာခန်းမ၌ ပြုလုပ်ခဲ့ပြီး တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုးနှင့် ကောင်စီဝင်များ၊ သက်ဆိုင်သည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ကန်ထရိုက်လယ်ယာစိုက်ပျိုးရေးဆောင်ရွက်မည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။



ကန်ထရိုက်လယ်ယာစနစ်ဖြင့် မိုးစပါးစိုက်ပျိုးရေး ဆွေးနွေးပွဲပြုလုပ်စဉ်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးအောင်သန်းဦးက လယ်သမားနှင့် ကုမ္ပဏီများ ချိတ်ဆက်ပြီး ကန်ထရိုက်လယ်ယာစနစ်ဖြင့် မိုးစပါး ဧက ငါးသောင်းကျော် စိုက်ပျိုးရန် လျာထားကြောင်း၊ ထိုသို့စိုက်ပျိုးရာတွင် လိုအပ်သည့် စိုက်ပျိုးရေရရှိရေးနှင့် အခြား လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် သက်ဆိုင်သည့် ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ပေးကာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီကလည်း လိုအပ်သည့်ကဏ္ဍများတွင် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ၊ ကန်ထရိုက်လယ်ယာစိုက်ပျိုးရေး ဆောင်ရွက်ကြမည့် ကုမ္ပဏီများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများဖြစ်သော စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများက မိုးစပါး ကန်ထရိုက်လယ်ယာစိုက်ပျိုးရေးတွင် လိုအပ်သော မျိုးကောင်းမျိုးသန့်၊ စိုက်ပျိုးရေ၊ စက်ယန္တရားများ၊ စိုက်ပျိုးနိုင်မည့် လယ်ယာမြေဧရိယာ၊ ထွက်ရှိလာသော မျိုးကောင်းမျိုးသန့်များကို ဈေးကောင်းရရှိအောင် ရောင်းချနိုင်ရေးနှင့် ဝယ်ယူမည့်ဌာနများ၊ ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် လယ်သမားများ၏ လိုအပ်ချက်များအတွက် သက်ဆိုင်သည့် ဌာနဆိုင်ရာအချင်းချင်း ပေါင်းစပ်ညှိနှိုင်း၍ ပံ့ပိုးပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုးက မိုးစပါးစိုက်ပျိုးရာသီအမီ လုပ်ငန်းများ အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ကြရန်နှင့် အထွက်တိုးမျိုးကောင်းမျိုးသန့်များကို အသုံးပြုရန်၊ နိုင်ငံခြားပို့ကုန် ဈေးကွက်ဝင် မျိုးစပါးများ ရွေးချယ်စိုက်ပျိုးရန်၊ မြေဩဇာနှင့် ပိုးသတ်ဆေးအသုံးပြုရာတွင် GAP စံနှုန်းနှင့်အညီ အသုံးပြုရန်၊ ခေတ်မီ စက်မှုလယ်ယာနည်းစနစ်များ အသုံးပြုနိုင်ရေး ဆောင်ရွက်ကြရန်နှင့် လိုအပ်ချက်များကို ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီက ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# ကရင်ပြည်နယ်အတွင်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့် အခြေခံပညာကျောင်းများ အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ညှိနှိုင်းဆွေးနွေး




**ဘားအံ မေ ၂၅**

ကရင်ပြည်နယ်အတွင်းရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များနှင့် အခြေခံပညာကျောင်းများကို ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ အမြန်ဆုံးဖွင့်လှစ်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၃ ရက်က ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ(၂)၌ ပြုလုပ်သည်။

အစည်းအဝေးတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက တက္ကသိုလ်၊ ဒီဂရီကောလိပ်များကို မေလဆန်းပိုင်းတွင် ဖွင့်လှစ်နိုင်ရန်နှင့် အခြေခံပညာကျောင်းများကို ဇွန်လဆန်းတွင် ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ရက်အားဖြင့် အနည်းငယ်သာ ကျန်ရှိတော့ကြောင်း၊ သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့် အခြေခံပညာကျောင်းများအနေဖြင့် မည်သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း၊ လိုအပ်ချက်များကို တင်ပြပေးမှသာ မိမိတို့အနေဖြင့် မည်သည့် အခန်းကဏ္ဍမှ ပူးပေါင်းဆောင်ရွက်ပေးရမည်ကို သိရှိမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၅) ဦးဇော်ဝင်းက ကျောင်းများဥပမိရပ်ကောင်းမွန်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး၊ အထိုက်အလျောက် ပျက်ကွက်သွားသည့် ဝန်ထမ်းအင်အားကို ပြန်လည်ဖြည့်တင်းနိုင်ရေးနှင့် လိုအပ်ချက်များကို စီမံချက်ပုံစံ ရေးဆွဲတင်ပြရန် ဆွေးနွေးပြီးနောက် ဘားအံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့် နည်းပညာ အထက်တန်းကျောင်းတို့မှ တာဝန်ခံများက ကျောင်းသားကျောင်းသူနှင့် ဆရာ ဆရာမ အင်အားအခြေအနေ၊ ကျောင်းများဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေနှင့် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှု အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်နယ်ပညာရေးမှူးနှင့် ခရိုင်၊ မြို့နယ် ပညာရေးမှူးများက အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေး ပြင်ဆင်မှု အခြေအနေများကို ဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ကျောင်းသားမိဘများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပူးပေါင်း၍ ကျောင်းအထောက်အကူပြုအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ပါက ပိုမိုပြီးပြည့်စုံမည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ပဲခူး မေ ၂၅**

ပဲခူးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁/၂၀၂၁) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပဲခူးမြို့ရှိ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မေ ၂၂ ရက်က ပြုလုပ်သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက အစည်းအဝေးကို ပထမအကြိမ် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ လယ်ယာမြေသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းသည် ရေရှည်ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပြီး ယခုအခါ ကျေးရွာစိုက်ပျိုးမြေများကို လယ်ယာမြေမှ ဥယျာဉ်ခြံမြေ၊ ၎င်းမှ စားသောက်ဆိုင်များ၊ အိမ်များ ဆောက်လုပ်နေသည်ကို တွေ့ရသဖြင့် တားဆီးသွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမြေများကို လူ၊ တိရစ္ဆာန်များ မဖျက်ဆီးနိုင်ရန် သံဆူးကြိုးခတ်နိုင်သော်လည်း အုတ်ဖြင့် ခြံစည်းရိုး အခိုင်အမာခတ်ပါက အရေးယူသွားရန်နှင့် တိုးချဲ့မြို့ပြစီမံကိန်းများ ဆောက်လုပ်ရေးတွင် မြေပြန့်နေရာများနှင့် စိုက်ပျိုးမြေများအား ခွင့်မပြုရေးမူဝါဒတစ်ရပ် ချမှတ်ဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ စိုက်ပျိုးမြေများကို အခြားနည်းလမ်းများဖြင့် အသုံးမပြုနိုင်ရန် ကြပ်မတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လယ်ယာမြေ အခြားနည်းအသုံးပြုခွင့် လျှောက်ထားမှုများကို လုံးဝ ခွင့်ပြုသွားမည်မဟုတ်ဘဲ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့် စာသင်ကျောင်း၊ ကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ ကျေးလက်ဈေး၊ ဌာနဆိုင်ရာအတွက်လိုအပ်သော အဆောက်အအုံများနှင့် ပတ်သက်၍ လယ်ယာမြေကိုအခြားနည်းအသုံးပြုခွင့် လျှောက်ထားလာသည့် အမှုတွဲများတွင်မူ လိုအပ်သည့် အနည်းဆုံးဧရိယာကိုသာ ထောက်ခံပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနမှူးက ပဲခူးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြလာသည့် အမှုတွဲများကို ရှင်းလင်းတင်ပြခဲ့ကာ တက်ရောက်လာသည့် အဖွဲ့ဝင်များက အကြံပြုဆွေးနွေးကြပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့သည်။

**တင်စိုး(ပဲခူး)**



တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း အမှာစကားပြောကြားစဉ်။

**သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## ၂၀၂၁ ခု ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူသည့်ကြေညာချက်

၂၀၂၁ ခု ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာ ဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက် ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်လွှာများကို ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ ဧပြီလ(၃၀)ရက်နေ့အထိ လျှောက်ထားနိုင်ပါကြောင်းနှင့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် မိမိတက်ရောက်လိုသော ဘာသာရပ်အလိုက်၊ တက္ကသိုလ်ဦးစားပေးအစီအစဉ်ဖော်ပြ၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ ပေးပို့လျှောက်ထားနိုင်ကြောင်းနှင့် တယ်လီဖုန်းအမှတ်-၀၆၇-၃၄၁၁၁၄၅/ ၀၆၇-၃၄၁၁၆၃၆- လိုင်းခွဲ/ ၈၃၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။ ဘွဲ့လွန်ဆေးပညာသင်တန်းများအတွက် လိုအပ်သည့် ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့် လျှောက်လွှာတွင်ပါဝင်ရမည့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ Website: https://mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄)အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင်ထုတ်ဝေခွင့်ပြုထားသည့် စာအုပ်စာစောင်များတွင် ပါဝင်ခြင်းမရှိသည့် စာအုပ်စာစောင်အချို့အား ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၁) ရက်ခန့်မှစ၍ တရားမဝင် ထုတ်ဝေဖြန့်ချိနေသည်ကို တွေ့ရှိနေရပါသည်။ ထိုကဲ့သို့ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
(၁၄-၄-၂၀၂၁)

## အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄) အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင်ထုတ်ဝေခွင့်ပြုထားသည့် စာအုပ်စာစောင်စာရင်းတွင် မိုလိုတော့ဗ် စာစောင် မပါဝင်ပါ။

အဆိုပါ မိုလိုတော့ဗ်စာစောင်မှာ တရားမဝင် ထုတ်ဝေဖြန့်ချိနေသော စာစောင်သာဖြစ်ပါသည်။ ထိုကဲ့သို့ ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲတရားဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
(၁၂-၄-၂၀၂၁)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၅ - ၄ - ၂၀၂၁

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၇၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၆၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၃၁၄၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀ | ကျပ် | ၈၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀ | ကျပ် | ၉၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀ | ကျပ် | ၈၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀ | ကျပ် | ၉၅၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၀၄ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၆၈ . ၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၁၉ . ၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၀ . ၃၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၇၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၈ . ၈၆ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၁၁ | ၁၀၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၆၈ | ၂၃၈၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၅၆၆ | ၁၂၁၆၉၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်




**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm



# မြန်မာ့ပညာရေးစာပေ(၃)

မောင်ခင်မင် (ဓနုဖြူ)

"ဘဘတို့ အခုခေါင်းစဉ်တပ်ပြီး ပြောနေကြတာဟာ ဘာအကြောင်းလဲသမီး"

"မြန်မာ့ပညာရေး စာပေအကြောင်းပါ ဘဘ"

"အေးကွဲ့၊ မြန်မာ့ပညာရေးစာပေဆိုတော့ မြန်မာ့ပညာရေးအကြောင်းဖော်ပြထားတဲ့ စာပေလို့ ဆိုလိုတာပေါ့။ တစ်နည်းပြောရရင် တို့မြန်မာတွေ ဘယ်လိုပညာသင်ပေးတယ်၊ သင်ယူတယ်၊ ဘယ်စာ၊ ဘယ်ပညာတွေကို သင်တယ်၊ ဘယ်လိုရည်ရွယ်ချက်ထားပြီး သင်တယ်ဆိုတာတွေကို ရေးသားဖော်ပြထားတဲ့ စာပေတွေအကြောင်းပေါ့။ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ဘဘ"

"အဲဒီမြန်မာ့ပညာရေးစာပေအကြောင်းကို မြန်မာစာအရေးအသား စပေါ်ပေါက်တဲ့ ပုဂံခေတ်ကစပြောတဲ့ အခါကျတော့ သမီးသိတဲ့အတိုင်း ခုအထိအထင်အရှားရှိနေတဲ့ ကျောက်စာ၊ မင်စာတွေကို ကိုးကားပြီးပြောရမှာပေါ့"

"ဟုတ်ပါတယ် ဘဘ၊ ကျောက်စာ၊ မင်စာတွေက ခိုင်မာတဲ့ အထောက်အထားတွေပါ"

"အေး... ဒါပေမဲ့ အဲဒီကျောက်စာ၊ မင်စာတွေထဲမှာ မြန်မာ့ပညာရေးအကြောင်း တိုက်ရိုက်ရေးထားတာ မဟုတ်ဘူးလား။ ကျောက်စာတွေက ပုဂံခေတ်က အလှူရှင်တွေ ကုသိုလ်ပြုတာတွေကို မှတ်တမ်းတင်ပေးတဲ့ အလှူမှတ်တမ်းတွေမဟုတ်လား။ မင်စာတွေကလဲ ဇာတ်နိပါတ်တွေကို ဂူဘုရားအတွင်းနံရံတွေမှာ ပန်းချီရေးဆွဲပြီး အဲဒီပန်းချီပုံတွေအကြောင်းကို အောက်ခြေမှာ ရေးထားတဲ့ ပုံအညွှန်းစာတွေလေ"

သေးတယ်"

"ပြောပြပါ ဘဘ"

"ဘဘတို့ငယ်ငယ်က ဘုန်းကြီးကျောင်းမှာသင်ရတဲ့ ဆယ်စောင်တွဲအကြောင်း ဘဘ ပြောခဲ့တယ်နော်။ အဲဒီဆယ်စောင်တွဲမှာ သင်ရတဲ့ စာတွေက ခုခေတ်သမီးတို့ ငယ်ငယ်ကသင်ရတဲ့ မြန်မာဖတ်စာတွေနဲ့ မတူဘူးမဟုတ်လား။ ဘယ်လိုမတူတာလဲ။ သမီးပြောကြည့်စမ်းပါ"

"ဘဘပြောလို့ သမီး ဆယ်စောင်တွဲစာအုပ်ကို လေ့လာကြည့်ပါတယ်။ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ ရတနာရွှေချိုင့်၊ နမက္ကာရ၊ လောကနီတိ၊ ပရိတ်ကြီးဆိုတဲ့ စာတွေအားလုံးက ပါဠိဂါထာတွေပါ ဘဘ။ နောက်ပိုင်းမှာပါတဲ့ ဆုံးမစာတွေကတော့ မြန်မာကဗျာတွေပါ"

" ဟုတ်ပြီ။ သမီးက မြင်တတ်ပါတယ်။ ဆယ်စောင်တွဲသင်ပြီးရင် ထပ်သင်ရတဲ့ သဂြိုဟ်တို့၊ သဒ္ဒါတို့ ဆိုတာတွေလဲ ပါဠိကျမ်းဂန်တွေပါပဲ။ ဒီအစဉ်အလာဟာ ရှေ့ကတည်းက ဆင်းသက်လာတဲ့ အစဉ်အလာဆိုတော့ ဘဘတို့ ဘယ်လိုကောက်ချက်ချနိုင်သလဲဆိုရင် ပုဂံခေတ်ပညာသင်ကြားရေးမှာ ပါဠိပိဋကတ်စာပေသင်ကြားရေးဟာ ပဓာနကျတယ်လို့ ကောက်ချက်ချနိုင်တယ်"

" ဟုတ်ကဲ့ပါ။ သမီးသဘောပေါက်ပါတယ်"

"ပုဂံခေတ်မှာ ထေရဝါဒဗုဒ္ဓသာသနာထွန်းကားတာနဲ့အတူ မြန်မာစာအရေးအသားလဲ ပေါ်ပေါက်လာတယ်။ ဗုဒ္ဓသာသနာဟာ အဲဒီ မတိုင်မီ ရခိုင်ဝေသာလီခေတ်တို့၊ ပျူခေတ်တို့မှာလဲ မြန်မာနိုင်ငံမှာ ထွန်းကားနေပြီး မြန်မာစာအရေးအသား ပေါ်ပေါက်တဲ့အခါကျတော့ စာနဲ့ပေနဲ့ အက္ခရာတင်ပြီး သင်ကြားရမယ့် အကြောင်းအရာဟာ

ဘဘ"

"ဟုတ်တယ်၊ ရှေးကတော့ ပညာသင်ပေးတဲ့ နေရာဟာ ဘုန်းတော်ကြီးကျောင်းတွေပဲ၊ ဘုန်းတော်ကြီးတွေက ကျောင်းမှာနေတဲ့ စာသင်သားရဟန်းသံဃာတွေကို စာပေပရိယတ္တိပို့ချတာပေါ့။ သာမဏေတွေ၊ ကျောင်းသားကလေးတွေလဲ ပါတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"သင်ရတဲ့စာတွေက ပိဋကတ်စာပေတွေပါပဲ။ အသက်အရွယ်ကိုလိုက်လို့ ဆယ်စောင်တွဲမှာသင်ရတဲ့ ဘုရားရှိခိုးဂါထာတွေ ပရိတ်တော်တွေကစပြီး နောက်တော့ဘဘပြောတဲ့ သဂြိုဟ်တို့၊ သဒ္ဒါတို့ သင်ရတာပေါ့။ ခုခေတ်အထိရှိတဲ့ ပါဠိပထမပြန် သင်ရိုးတွေမှာပါတဲ့ စာပေတွေ သင်ရမှာပေါ့။ အချုပ်ပြောရင်တော့ သူ့အဆင့်နဲ့သူ ဆီလျော်တဲ့ ပိဋကတ်တော်တွေကို ဆရာတော်ကြီးတွေက ပို့ချပေးတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"နောက်တစ်ချက်က သမီးလေ့လာတဲ့ ဆယ်စောင်တွဲစာအုပ်မှာ ပါဠိသက်သက်အပြင် ပါဠိတစ်ချက် မြန်မာတစ်ချက် ဘာသာပြန်ထားတဲ့ နိဿယတွေလဲပါတယ်မဟုတ်လား"

"ပါပါတယ် ဘဘ"

"အဲဒီလို ပါဠိတော်ကို နိဿယပြန်တဲ့ ရည်ရွယ်ချက်က စာသင်သား သံဃာတော်တွေ မြန်မာလို အဓိပ္ပာယ်နားလည်အောင် ဘာသာပြန်ပြီး ရှင်းပြတဲ့သဘောလေ။ နောက်ပိုင်းမှာ ပါဠိ မြန်မာ နိဿယကျမ်းတွေကို ဆရာတော်ကြီးတွေက ရေးသားပြုစုခဲ့ကြလို့ ခေတ်အဆက်ဆက်မှာ နိဿယကျမ်းတွေပေါ်ခဲ့တယ်လေ။ ဒီကျမ်းတွေဟာ စာသင်သားတွေအတွက် အများကြီးအထောက်အကူပြုတာပေါ့ကွယ်"

"ပါဠိကို မြန်မာပြန်တဲ့အတွက် အဓိပ္ပာယ်နားလည်ဖို့ အများကြီးအထောက်အကူပြုတာပေါ့နော်"

"ဟုတ်တယ်။ ပါဠိကို ဘာသာစကားအနေနဲ့ တတ်ကျွမ်းတဲ့ ဆရာတော်တွေ၊ ပညာရှင်တွေလဲ အများကြီးပေါ်ပေါက်တာပေါ့။ ရှေးက စာပေကျမ်းဂန်တတ်မြောက်တဲ့ ဆရာတော်ကြီးတွေ၊ ပညာရှင်ကြီးတွေဟာ ပါဠိဘာသာနိုင်နင်းကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တွေပဲ။ ပါဠိဘာသာနဲ့ ရေးနိုင်၊ ပြောနိုင်စွမ်းရှိတဲ့ ပုဂ္ဂိုလ်တွေလဲအများကြီး ပေါ်ပေါက်တယ်"

"ဟုတ်ကဲ့ပါ"

"အဲ... စာသင်သားတွေကို သင်ကြားရာမှာတော့ ကိုယ့်မိခင်ဘာသာစကားဖြစ်တဲ့ မြန်မာဘာသာစကားနဲ့ ရှင်းပြရမှာပေါ့ကွယ်။ စကားလုံးတစ်လုံးရဲ့ အနက်အဓိပ္ပာယ်ကစပြီး ဆိုလိုချက်တွေကို သဘောပေါက်အောင် မြန်မာလိုရှင်းပြရမှာပဲလေ။ အဲဒီလိုရှင်းပြရုံမက လေ့လာတဲ့စာသင်သားတွေအတွက် အထောက်အကူဖြစ်အောင် အခုပြောတဲ့ နိဿယကျမ်းတွေလဲ ပြုစုခဲ့ကြတာပေါ့"

" ဟုတ်ကဲ့ပါ"

"မြန်မာစာမပေါ်ခင်ကတည်းက ပါဠိသက္ကတစကားလုံးတွေကို မြန်မာဘာသာစကားထဲမှာ မွေးစားနေပါပြီ။ အစောဆုံး မြန်မာကျောက်စာတွေကိုကြည့်ရင် ပါဠိသက္ကတ မွေးစားစကားလုံးတွေ အများကြီးပါဝင်နေပြီဆိုတာ တွေ့နိုင်ပါတယ်။ ဒီတော့ မြန်မာဘာသာစကားလဲ ပိုပြီးကြွယ်ဝလာတာပေါ့။ သင်ကြားရေးအတွက်လဲ အထောက်အကူပြုတာပေါ့"

"နားလည်ပါပြီ ဘဘ"

"ဒီတော့ မြန်မာ့ပညာရေးစာပေအကြောင်းပြောရင် မြန်မာနိုင်ငံမှာ ဗုဒ္ဓသာသနာအခြေတည်တဲ့အကြောင်းကစပြီး ပိဋကတ်စာပေတွေ ထွန်းကားလာတာ၊ မြန်မာစာအရေးအသားပေါ်ပေါက်လာတာ၊ ပိဋကတ်စာပေတွေကို ဘုန်းတော်ကြီးကျောင်းတွေမှာ မြန်မာဘာသာနဲ့သင်ကြားပို့ချလာတာတွေ အကျုံးဝင်တာပေါ့ကွယ်"။ ။

**"မြန်မာစာမပေါ်ခင်ကတည်းက ပါဠိသက္ကတစကားလုံးတွေကို မြန်မာဘာသာစကားထဲမှာ မွေးစားနေပါပြီ။ အစောဆုံး မြန်မာကျောက်စာတွေကိုကြည့်ရင် ပါဠိသက္ကတ မွေးစားစကားလုံးတွေ အများကြီးပါဝင်နေပြီဆိုတာ တွေ့နိုင်ပါတယ်။ ဒီတော့ မြန်မာဘာသာစကားလဲ ပိုပြီးကြွယ်ဝလာတာပေါ့။ သင်ကြားရေးအတွက်လဲ အထောက်အကူပြုတာပေါ့"**

" ဟုတ်ပါတယ် ဘဘ"

"ကျောက်စာ၊ မင်စာတွေမှာ မြန်မာ့ပညာရေးအကြောင်း တိုက်ရိုက်မတွေ့ရပေမဲ့ အလှူအကြောင်းတွေနဲ့ ဆက်စပ်ပြီး 'ဆရာ'၊ တပည့်၊ ကျောင်းစတဲ့ စကားတွေ၊ သင်ပုန်း၊ ပေ၊ ပုရပိုက်၊ ကကူဆန်စတဲ့ စကားတွေတွေ့ရတော့ အဲဒီစကားတွေဟာ ပုဂံခေတ်ပညာရေးကို ရည်ညွှန်းတဲ့စကားတွေဖြစ်ကြောင်း နားလည်နိုင်တာပေါ့ကွယ်။ ပညာရေးစာပေရဲ့ သဲလွန်စတွေလို့ ဆိုရမှာပေါ့"

"ဟုတ်ပါတယ် ဘဘ။ ဒါကြောင့် ဒီစကားတွေကို လေ့လာဖို့ လိုအပ်တယ်လို့ နားလည်ရပါတယ်"

"ဟုတ်ပါတယ်။ ပြီးတော့ ပုဂံခေတ်အကြောင်း နောက်ခေတ်တွေမှာ ရေးတဲ့စာပေတွေထဲမှာ သမီးလဲသိမှာပါ။ စာပေကျမ်းဂန်တတ်မြောက်ပြီး ရဟန်းတွေကိုတောင် စာပေပို့ချပေးတဲ့ သံပျင်မင်းသမီးအကြောင်းတို့၊ အဲဒီလိုပဲ စာပေတတ်မြောက်လို့ တစ်နေ့ခုနစ်ကြိမ်စာပေပို့ချတဲ့ ကျစွာမင်းကြီးအကြောင်းတို့၊ ပြီးတော့ အသက်ကြီးမှစာသင်တဲ့ ဦးကျည်ပွေ့ဆိုတဲ့ ရဟန်းကြီးအကြောင်းတို့ ပါတယ်မဟုတ်လား"

"ပါပါတယ် ဘဘ။ သမီးဖတ်ဖူးပါတယ်"

"အဲဒီအကြောင်းတွေကလဲ ပုဂံခေတ်ပညာသင်ကြားရေးအကြောင်းဖော်ပြနေတာပေါ့ကွယ်။ နောက်အရေးကြီးတာတစ်ခုရှိ

အဲဒီ ပိဋကတ်စာပေတွေပဲ ဖြစ်ရမှာပေါ့။ မြန်မာစာမပေါ်ခင်ကတည်းက ပုဂံသားတွေဟာ ပါဠိဘာသာနဲ့ရေးထားတဲ့ ပိဋကတ်စာပေတွေကို လေ့လာဆည်းပူးနေကြတာလေ"

"ဟုတ်ပါတယ် ဘဘ"

"သင်ကြားတတ်မြောက်တဲ့ ပညာအကြောင်းကို ရည်ညွှန်းတဲ့အခါ ပိဋကတ်သုံးပုံတတ်မြောက်တာ၊ သဒ်ကြိုဋ္ဌ်ကျမ်းတွေ၊ အဲ-သဒ်ကြိုဋ္ဌ်ဆိုတာ သက္ကတဘာသာကျမ်းတွေပေါ့၊ အဲဒီကျမ်းတွေ တတ်မြောက်တာ၊ ဗျာကရဏ်းကျမ်း အဲ... သဒ္ဒါကျမ်းပေါ့၊ ဗျာကရဏ်းကျမ်းတတ်မြောက်တာတွေကို ဖော်ပြလေ့ရှိတယ်။ အဲဒီတုန်းက အလေးထားသင်ကြားလေ့လာတဲ့ ကျမ်းတွေပေါ့ကွယ်"

"ဟုတ်ကဲ့ပါ ဘဘ"

"မြန်မာ့ပညာရေးဟာ ဘုန်းတော်ကြီးကျောင်းတွေက စခဲ့တယ်ဆိုတာ 'ကျောင်း'ဆိုတဲ့ စကားလုံးကလဲ ဖော်ပြနေတယ်သမီးရဲ့။ ပုဂံခေတ်တုန်းကတော့ 'ဂျောင်' ကို လဆွဲနဲ့ရေးတယ်။ အဲဒီကျောင်းဟာ မူလက သံဃာတော်တွေ သီတင်းသုံးတဲ့ အဆောက်အအုံကို ခေါ်တာလေ။ ပုဂံခေတ်မှာ ကုသိုလ်ရှင်တွေက ကျောင်းဆောက်ပြီး လှူဒါန်းတာတို့၊ ကျောင်းနေသံဃာတော်တွေ သီတင်းသုံးတာတို့လို ကျောက်စာတွေမှာ တွေ့ရတယ်။ နောက်ပိုင်းကျတော့ 'ကျောင်း' ရဲ့ အဓိပ္ပာယ် ကျယ်ပြန့်လာတာ သမီးသိတယ်မဟုတ်လား"

" ဟုတ်ကဲ့၊ စာသင်ကျောင်းဆိုတဲ့ အဓိပ္ပာယ်လဲရလာပါတယ်

## သဃ်န်းကျွန်းမြို့နယ်၌ ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံ

**ရန်ကုန် မေ ၂၅**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးတွင် မေ ၂၄ ရက် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဒုတိယအကြိမ် ထိုးနှံပေးသည်။

ကာကွယ်ဆေးထိုးနှံခြင်းကို ဦးစားပေးအုပ်စုလိုက်ခွဲခြားထားပြီး ယခုတစ်ကြိမ်ထိုးပေးသူများမှာ အသက် ၆၅နှစ်နှင့်အထက် သက်ကြီးအဘိုးအဘွားများနှင့် နိုင်ငံ့ဝန်ထမ်းများကို ဒုတိယအကြိမ်အဖြစ် မေ ၂၀ ရက်မှ ၂၈ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ လူဦးရေအကန့်အသတ်မရှိ မြို့နယ်ကျန်းမာရေးဌာနဝန်ထမ်းများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ အိန္ဒိယနိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်လုံးလျှင် လူ၁၀ဦးအထိ ထိုးနှံနိုင်ပြီး လူတစ်ဦးလျှင် နှစ်ကြိမ် (၂၈ ရက်အကြာ) ထိုးနှံပေးရမည်ဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဌာနမှ သိရသည်။

စန္ဒာမိုး(ပြန်/ဆက်)

# ပစ္စုပ္ပန်မှာ အဖြေရှာ

—— မောင်ပြည်ချစ် ——

မိမိကိုယ်ကို မိမိသာ အချစ်ဆုံးဆိုသည်မှာ အခြေခံလူ့သဘာဝဖြစ်ပါသည်။ ကိုယ်တိုင်ကြုံတွေ့ ဖြတ်သန်းရရှိလာခဲ့သော အတွေ့အကြုံများသည် မိမိ၏လက်တွေ့ဘဝ စင်စစ်ဖြစ်ပေသည်။

တစ်ပါးသူ ပါးစပ်ဖျားမှာ မိမိဘဝ မိမိအနာဂတ် သေဆုံးမသွားစေရေးနှင့် လမ်းမပျောက်သွားစေရေးကို ဆင်ခြင်သုံးသပ် ဝေဖန်ပိုင်းခြားနိုင်မှု၊ မှန်ကန်သော ဆုံးဖြတ်ချက်ကို အချိန်မနှောင်းမီ လိုက်ပါ အကောင်အထည်ဖော်ဆောင်ရေးသည် မိမိဘဝအတွက် အရေးကြီးဆုံးသောအရာဖြစ်ပါသည်။ လူ့လောကတွင် လူ့ကျင့်ဝတ်၊ စည်းမျဉ်း စည်းကမ်း၊ တရားနည်းလမ်းကျ ပြဋ္ဌာန်းသတ်မှတ်ထားသော တားမြစ်ချက်များကို လိုက်နာရေးသည် လောကတွင် ရေရှည်ရပ်တည်ရေး အတွက် အဓိကမဏ္ဍိုင်များ ဖြစ်ပါသည်။

မိမိတို့၏ နေ့စဉ်လူမှုဘဝမှသည် မိမိရပ်ရွာ၊ ဒေသ၊ တိုင်းပြည် နိုင်ငံအထိ ကောင်းကျိုးသယ်ပိုး ကူညီနိုင်မည်ဖြစ်ပြီး လူသားပီသ သည့် လူဖြစ်ရကျိုးနပ်သည့် အများက ချစ်ခင်လေးစား တန်ဖိုး ထားသည့်သူအဖြစ် ရှင်သန်ရပ်တည်နိုင်မည်ဖြစ်ပါသည်။ လူတိုင်း လူတိုင်းသည် စား၊ ဝတ်၊ နေရေး အခြေခံအချက်များအတွက် နေ့စဉ်လှုပ်ရှားကြိုးပမ်းကြရပါသည်။ ထိုနေ့စဉ်ဘဝများတွင် မရှိ မဖြစ်၊ မပါမပြီး ထာဝစဉ် ဒွန်တွဲပါရှိနေသည့်အရာသည် သတင်းအချက် အလက် ရယူသုံးစွဲမှုဖြစ်ပါသည်။ လူတန်းစားမရွေး သတင်းအချက် အလက်ကို ရယူသုံးစွဲကြရပါသည်။

### သတင်းမှန်ရရှိရေး

နည်းပညာတိုးတက် ထွန်းကားလာသော ယနေ့အချိန်အခါ တွင် သတင်းအချက်အလက်များ ရယူသုံးစွဲရေးတွင် လွယ်ကူလျင်မြန် မှုများ ရှိလာပါသည်။ ထိုနည်းတူ သတင်းအချက်အလက်တိုင်းတွင် ယုံကြည်ရန် ခက်ခဲလာသော အနေအထားလည်း ဖြစ်ပေါ်လာပါ သည်။ သတင်းမှန်ဆိုသည်မှာ တိကျမှန်ကန်မှု၊ နှစ်ဖက်ညီမျှမှု၊ ဓမ္မဓိဋ္ဌာန်ကျမှု၊ လိုရင်းတိုရှင်းဖြစ်မှု၊ မျက်မှောက်အခြေအနေဖြစ်မှု များ ပြည့်စုံရမည်။ အလျင်အမြန် ဇွတ်မိုက်ယုံကြည်မှု မလွန်ကဲရေး သည် ယနေ့ခေတ်ကာလတွင် အထူးလိုအပ်ပါသည်။ မမှန်သတင်း များ၊ လုပ်ကြံဖန်တီးမှုသတင်းများ၊ ဝါဒဖြန့်သတင်းများသည် မိမိ တစ်ဦးအတွက်သာမက တိုင်းပြည်နိုင်ငံအထိပါ ထိခိုက်ပျက်ပြား မှုများ ဖြစ်ပေါ်စေနိုင်ပါသည်။

သတင်းမှား၊ ကောလာဟလများ၊ လုပ်ကြံသတင်းများ၏ သားကောင်ဖြစ်စေသောအချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) သတင်းဦး၊ သတင်းထူး အယုံလွယ်ခြင်း၊
(၂) ဝေခွဲရခက်သော သတင်းများကို ဆန်းစစ်မှုမပြုခြင်း၊
(၃) သတင်းတိုင်း မမှန်နိုင်မှုကို သတိမမူခြင်း၊
(၄) ပုံဖျက်၊ပုံသွင်းသတင်းများကို နားမလည်ခြင်း၊
(၅) သတင်းရင်းမြစ်ခိုင်မာမှုမရှိခြင်း၊
(၆) ဝါဒမှိုင်းမိနေ၍ အမှန်မသိနိုင်ခြင်း၊
(၇) မျှော်လင့်ချက်၊ ဖြစ်ချင်စိတ်များဖြင့် သတင်းမှန်၊ မမှန် မဝေခွဲနိုင်ခြင်း၊
(၈) သတင်းမှန်တစ်ဝက်ရောထားသော သတင်းတုများ နှင့် ယဉ်ပါးနေခြင်း၊
(၉) မရေရာ မသေချာသော တစ်ဆင့်ခံသတင်းများကို ယုံကြည်ခြင်း၊
(၁၀) လက်တွေ့မကျသော တွေ့ဆုံမေးမြန်းမှုများ၊ ထင်မြင် ယူဆချက်များကို အစဉ်တစိုက်အားပေးနေခြင်း။

သတင်းမှန်၊ သတင်းမှား၊ ကောလာဟလ၊ ထင်မြင်ယူဆချက်၊ လုပ်ကြံသတင်း၊ဝါဒဖြန့်သတင်း၊အတင်းအဖျင်းသတင်း၊ သတင်းတု သတင်းယောင်၊ အမှောင်ထဲက ဥပဒေမဲ့သတင်းများ ရောထွေး နေသောအချိန်ကာလဖြစ်သဖြင့် သတင်းအချက်အလက် ရယူသုံးစွဲ သူတိုင်း အထူးသတိမူသင့်လှပါသည်။ မိမိတို့၏ နေ့စဉ်အသက်ရှင် ရပ်တည်ရေးအတွက် လုပ်ရမည့် ပုံမှန်အလုပ်များကို မရေမရာ အဖြေမပါသော အမှောင်ထဲက တရားမဲ့သတင်းများယုံစားပြီး မလုပ် ဆောင်ဘဲနေခြင်းသည် ကိုယ့်ဘဝကိုယ် ဖျက်ဆီးနေခြင်း ဖြစ်ပါ သည်။

### ကိုယ့်ကိုယ်သာ အားကိုးရာ

အဓိပ္ပာယ်မဲ့ အချိန်ကာလများနှင့် အခွင့်အလမ်းများကို ကုန်ဆုံး လွန်မြောက်စေခြင်းသည် မိုက်မဲမှုသက်သက်သာ ဖြစ်ပါသည်။ မျှော်လင့်ချက်များစွာဖြင့် တရားဥပဒေပြင်ပရောက်ရှိစေရန် နေရာ ပေါင်းစုံ ရှုထောင့်အဖုံဖုံက တိုက်တွန်း၊ မြူဆွယ်၊ ခြောက်လှန့်၊ စည်းရုံး၊ နည်းဗျူဟာအမျိုးမျိုးသုံးနေမှု ရန်စွယ်အန္တရာယ်ကာကွယ် တားဆီးရေးသည် မိမိကိုယ်တိုင်က စတင်ရမည့် လက်ငင်းအလုပ် ဖြစ်ပါသည်။ မိမိကိုယ်သာအားကိုးရာ၊ မိမိကိုယ်သာ ယုံကြည်ရာ၊ မိမိကောင်းကျိုး မိမိကိုယ်တိုင်သယ်ပိုးပါမှ မိမိအနာဂတ်သည် လှပ ဝေဆာသော ဘဝပန်းခင်းလမ်း ဖြစ်လာမည်ဖြစ်သည်။

### ပုံမှန်ရှင်သန်ရေး

ပစ္စုပ္ပန်အရေး တည့်တည့်တွေးပါမှ ရှင်းလင်းသေချာသည့် အဖြေကို ရှာဖွေလုပ်ဆောင်နိုင်မည် ဖြစ်ပါသည်။ အများယောင် လို့ယောင် အမောင်တောင်မှန်း မြောက်မှန်းမသိ ဖြစ်နေကြသော ပညာလည်းတတ်၊ အသိလည်းကြွယ်သော လူငယ်လူရွယ်များ ပုံမှန်လူမှုဘဝနယ်ပယ်မှာ ရှင်သန်ရပ်တည်ရေးသည် ဥပဒေနှင့် အညီ လိုက်နာနေထိုင်လုပ်ကိုင်ရေးပင်ဖြစ်ပါသည်။ မိမိတို့၏ အချိန်၊ ပညာ၊ အရင်းအနှီး၊ ကြိုးပမ်းအားထုတ်မှုများဖြင့် တည်ဆောက် ထူထောင်ထားသော မိမိတို့မိသားစု၊ တိုင်းသူပြည်သားများနှင့် မိမိတို့ကိုယ်တိုင်ဘဝများ ကြည်နူးသာယာလာစေရေးအတွက် ကျင့်ဝတ်စည်းကမ်း စေတနာများအရင်းတည်ကာ ကိုယ့်လုပ်ငန်း ခွင် ကိုယ်ပြန်ဝင်ကြဖို့ ဖိတ်ခေါ်အပ်ပါသည်။

မိမိကျင်လည်ရာ ပတ်ဝန်းကျင်မှာ အများက အားကိုးအားထားပြု လေးစားခံရသော သားကောင်းသမီးမွန်များ ပစ္စုပ္ပန်မှာ အဖြေမှန် သော ဆုံးဖြတ်ချက်ကို မေတ္တာစေတနာ ဘေးကင်းကွာဖြင့် အကောင် အထည်ဖော်ဆောင်နိုင်ကြပါစေကြောင်း ရေးသားတင်ပြလိုက်ရ ပါသည်။ ။

❖ တစ်ပါးသူ ပါးစပ်ဖျားမှာ မိမိဘဝ မိမိအနာဂတ် သေဆုံး မသွားစေရေးနှင့် လမ်းမပျောက်သွားစေရေးကို ဆင်ခြင် သုံးသပ် ဝေဖန်ပိုင်းခြားနိုင်မှု၊ မှန်ကန်သော ဆုံးဖြတ်ချက်ကို အချိန်မနှောင်းမီ လိုက်ပါ အကောင်အထည်ဖော်ဆောင် ရေးသည် မိမိဘဝအတွက် အရေးကြီးဆုံးသောအရာ ဖြစ်ပါ သည်။ လူ့လောကတွင် လူ့ကျင့်ဝတ်၊ စည်းမျဉ်း စည်းကမ်း၊ တရားနည်းလမ်းကျ ပြဋ္ဌာန်းသတ်မှတ်ထားသော တားမြစ် ချက်များကို လိုက်နာရေးသည် လောကတွင် ရေရှည် ရပ်တည်ရေးအတွက် အဓိကမဏ္ဍိုင်များဖြစ်

**“သတင်းမှန်၊ သတင်းမှား၊ ကောလာဟလ၊ ထင်မြင်ယူဆချက်၊ လုပ်ကြံသတင်း၊ ဝါဒဖြန့်သတင်း၊ အတင်းအဖျင်းသတင်း၊ သတင်းတု သတင်းယောင်၊ အမှောင်ထဲက ဥပဒေမဲ့သတင်းများ ရောထွေးနေသော အချိန်ကာလဖြစ်သဖြင့် သတင်းအချက်အလက် ရယူသုံးစွဲသူတိုင်း အထူးသတိမူသင့်လှပါသည်။ မိမိတို့၏ နေ့စဉ်အသက်ရှင်ရပ်တည်ရေးအတွက် လုပ်ရမည့် ပုံမှန်အလုပ်များကို မရေမရာ အဖြေမပါသော အမှောင်ထဲက တရားမဲ့သတင်းများ ယုံစားပြီး မလုပ်ဆောင်ဘဲနေခြင်းသည် ကိုယ့်ဘဝကိုယ်ဖျက်ဆီးနေခြင်းဖြစ်”**

### လှိုင်းအသင့်အတင့် ရှိမည်

နေပြည်တော် ဧပြီ ၂၅

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ညဈေးတန်းများ ကိုဗစ် - ၁၉ ဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ရောင်းချလျက်ရှိပြီး မော်တော်ယာဉ်လိုင်းများ ပုံမှန်ပြန်လည်ပြေးဆွဲ

နေပြည်တော် ဧပြီ ၂၅

**နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့မဈေး၊ သပြေကုန်းဈေး၊ အာဟာရသုခဈေး၊ ဒက္ခိဏသီရိဈေးနှင့် ပုဗ္ဗသီရိဈေးတို့ရှိ ညဈေးတန်းများအား ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှုကြောင့် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၃၀ ရက်မှ စတင်ပိတ်ထားခဲ့ရာ ယခု ၂၀၂၁ ခုနှစ် ဧပြီ ၁၉ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ဈေးရောင်း၊ ဈေးဝယ်များဖြင့် ပြန်လည်စည်ကားလျက်ရှိသည်ကို တွေ့ရှိရသည်။**



နေပြည်တော်ကောင်စီနယ်မြေရှိ သပြေကုန်းညဈေး ပြန်လည်ဖွင့်လှစ်ထားရှိမှုကို တွေ့ရစဉ်။



မြို့မဈေးအုပ်ချုပ်ရေးမှူး ဦးဆန်းဦး

ထိုသို့ ညဈေးတန်းများ ဖွင့်လှစ်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ဆိုင်ရာ လိုက်နာရမည့် စည်းကမ်းချက်များနှင့်အညီ ဈေးရောင်းချနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဈေးအတွင်း ဝင်ရောက်ရာတွင် နှာခေါင်းစည်းများ တပ်ဆင်၍ လက်ဆေးခြင်းတို့ပြုလုပ်ကာ ဈေးဝယ်ယူနိုင်ရန် အသိပညာပေးဗီနိုင်းများ ချိတ်ဆွဲထားခြင်းနှင့် ဈေးအတွင်း လိုက်လံအသိပေး နှိုးဆော်ခြင်းတို့ကို တာဝန်ရှိသူများက စီမံဆောင်ရွက်လျက်ရှိသည်ကိုလည်းတွေ့ရှိခဲ့ရသည်။

**ပညာပေး ဗီနိုင်းဆိုင်းဘုတ်တွေ လုပ်ထား**

မြို့မဈေးအုပ်ချုပ်ရေးမှူး ဦးဆန်းဦးက "ကျွန်တော်တို့ညဈေးမှာ ဈေးသည်အားလုံး ၂၈၆ ဦး ရှိပါတယ်။ နေပြည်တော်ကောင်စီက ပြန်လည်ဖွင့်လှစ်ခွင့်ပြုတဲ့အတွက် ယခုလို ဖွင့်လှစ်ခြင်းဖြစ်ပါတယ်။ ဈေးသည်တွေ နှာခေါင်းစည်းတပ်ပြီး ဈေးရောင်းချဖို့၊ တစ်ဦးနဲ့တစ်ဦး ခြောက်ပေအကွာ နေဖို့နဲ့ ဈေးလာရောက် ဝယ်ယူသူတွေကိုလည်း ကျွန်တော်တို့ ဝန်ထမ်းတွေက နှာခေါင်းစည်းတပ်ဖို့ကို သတိပေးတယ်။ ဈေးသည်တွေ နှာခေါင်းစည်းမတပ်ရင်လည်း ဒဏ်ရိုက်တဲ့အနေနဲ့ ဈေးရောင်းချခွင့် သုံးရက်နားခိုင်းပါတယ်။ ညဈေးတွေက ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် ခြောက်လလောက် နားလိုက်ရတာ ဖြစ်ပါတယ်။ ဈေးသည်တွေထဲမှာဆို တစ်နေ့လုပ် တစ်နေ့စားသမားတွေနဲ့ ဈေးရောင်းတဲ့ အလုပ်တစ်ခုကိုပဲ မှီခိုစားသောက်ရတဲ့သူတွေ ပါဝင်ပါတယ်။ ဒီလို ခြောက်လလောက် နားလိုက်ရတဲ့အတွက် အဆင် မပြေကြပါဘူး။ ဒါကြောင့် ဒီလူတွေရဲ့ တောင်းဆိုချက်အရ ပြန်လည်ဖွင့်လှစ်နိုင်အောင် လုပ်ပေးရတာ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေးမှုအနေနဲ့ ဈေးအတွင်းမှာ နှာခေါင်းစည်း တပ်ဖို့ ပညာပေးဗီနိုင်းဆိုင်းဘုတ်တွေ လုပ်ထားတယ်။ ဈေးသည်တွေလိုက်နာရမယ့် စည်းကမ်းချက်တွေအပြင် လက်ဆေးဘေစင်တွေထားပြီး အဆင်ပြေအောင် အားလုံး ဆောင်ရွက်ပေးထားပါတယ်" ဟု ၎င်းကပြောသည်။

**အလုပ်တွေ လုပ်ကိုင်နိုင်မှာဖြစ်**

မြို့မညဈေးအတွင်း ဈေးရောင်းချသူ ကိုစန်းယုက "ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် ဈေးတွေ ပိတ်ရတော့ ကျွန်တော်တို့ ဈေးသည်တွေ စားဝတ်နေရေးအတွက် အတော်အခက်အခဲ ဖြစ်ခဲ့တယ်။ မိသားစုလည်းများတော့ ဈေးပိတ်ထားတဲ့ ရက်တွေမှာ တခြားအလုပ်တွေကို ပြောင်းလုပ်ခဲ့ရတယ်။ ဘယ်အချိန် ဈေးပြန်ဖွင့်မလဲဘဲ မျှော်လင့်ခဲ့ရတာ ကြာလှပါပြီ။ အခုလို ဈေးပြန်ဖွင့်တော့ တော်တော်လေး ဝမ်းသာမိတယ်။ ဈေးတာဝန်ရှိသူတွေကလည်း ကိုဗစ်-၁၉ စည်းကမ်းချက်တွေနဲ့အညီ စနစ်တကျ ဈေးရောင်းချဖို့ အသိပညာပေးပါတယ်။ နောက်ပြီး ဈေးရောင်းချသူတွေရော ဈေးဝယ်သူတွေပါ ဒီစည်းကမ်းချက်တွေကို စနစ်တကျ လိုက်နာဖို့ လိုအပ်ပါတယ်။ ဒါမှ ကျန်းမာပျော်ရွှင်တဲ့ ဘဝကို ပိုင်ဆိုင်ပြီး အလုပ်တွေလုပ်ကိုင်နိုင်မှာ ဖြစ်ပါတယ်" ဟု ပြောသည်။

**နှစ်သက်ရာ ဝယ်ယူနိုင်**

ယခုကဲ့သို့ ညဈေးတန်းများ ဖွင့်လှစ်လိုက်သည့်အတွက် ဈေးရောင်းချသူများအပြင် ဆိုင်ကယ်ကယ်ရီသမားများ၊ မီနီအိုးဝေ ပြေးဆွဲကြသူများ၊ ကားအငှားပြေးဆွဲကြသူများအားလုံး အလုပ်အကိုင်များ အဆင်ပြေစေသကဲ့သို့ ဝန်ထမ်းများအနေဖြင့်လည်း လွယ်လင့်တကူ လတ်ဆတ်သည့် အစားအစာများ၊ နှစ်သက်ရာစားသောက်ဖွယ်ရာများ ဝယ်ယူစားသောက်နိုင်သည်ကိုလည်း တွေ့ရှိရသည်။

သပြေကုန်းညဈေးအတွင်း ဈေးရောင်းချသူ ကိုပိုက်က "သပြေကုန်းညဈေးဆိုတာ နေပြည်တော်နဲ့ ပျဉ်းမနားမြို့အနီးတစ်ဝိုက်က ဈေးသည်တွေနဲ့ ဈေးဝယ်သူတွေ အားထားရတဲ့ဈေးလည်း ဖြစ်ပါတယ်။ ကိုဗစ် – ၁၉ ရောဂါကြောင့် ဈေးတွေပိတ်လိုက်ရတော့ အတော်လေး စားဝတ်နေရေးအတွက် အခက်အခဲ ဖြစ်ခဲ့တယ်။ ဒီလို ဈေးပိတ်လိုက်ရမယ်လို့လည်း မထင်ထားခဲ့မိဘူး။ ဈေးမရောင်းရတဲ့ အတောအတွင်းမှာရတဲ့ အလုပ်ကို ရာကြုံလုပ်ခဲ့ရတယ်။ ဒီလို ဈေးပြန်ဖွင့်တော့ ပုံမှန်လုပ်ငန်း ပြန်လည်လည်ပတ်နိုင်ပြီး အသက်ရှူချောင်သွားပါတယ်။ တစ်ခုသတိထားရမှာက ကိုဗစ်ကပ်ရောဂါ ကာလဖြစ်နေတဲ့အတွက် ဈေးရောင်းသူရော ဈေးလာရောက်ဝယ်ယူသူတွေပါ ဈေးအတွင်း ဝင်ရောက်တဲ့အခါမှာ နှာခေါင်းစည်းတပ်ခြင်းနဲ့ လက်ဆေးခြင်းတွေကို ဂရုပြုဆောင်ရွက်ကြဖို့ တိုက်တွန်းချင်ပါတယ်။ ဈေးတာဝန်ရှိသူတွေအနေနဲ့လည်း ဈေးအတွင်း လိုက်လံသတိပေးနှိုးဆော်ခြင်းတွေကို နေ့စဉ်နဲ့အမျှ ဆောင်ရွက်ပေးနေပါတယ်" ဟု ပြောသည်။

**စနစ်တကျ ဆောင်ရွက်ပေး**

ထို့ပြင် ဘောဂသီရိကားကြီးကွင်း၊ မြို့မဈေးကားကြီးဝင်းနှင့် သပြေကုန်းဈေး ကားကြီးဝင်းအတွင်းရှိ ယာဉ်လိုင်းများအား ကိုဗစ် – ၁၉ စည်းကမ်းချက်များနှင့်အညီ ပြန်လည်ပြေးဆွဲခွင့် ပြုခဲ့သဖြင့် အနယ်နယ်အရပ်ရပ်သို့ ခရီးသွားကြသူများကိုလည်း တွေ့ရှိရပြီး ယာဉ်လိုင်းတာဝန်ရှိသူများက ခရီးသည်များအတွက် မော်တော်ယာဉ်အတွင်း နှာခေါင်းစည်းများနှင့် လက်သန့်ဆေးရည်များ ထားရှိပေးခြင်း၊ မော်တော်ယာဉ်အတွင်း မဝင်ရောက်မီ ကိုယ်အပူချိန်တိုင်းတာပေးခြင်းတို့ကိုလည်း စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိသည်။

**ပြန်လည်ဖွင့်လှစ်**

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရား၊ စေတီပုထိုးများနှင့် အထင်ကရ လည်ပတ်စရာနေရာများဖြစ်သော အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ ရေပန်းဥယျာဉ်၊ လှေခွင်းတောင် ကမ်းခြေအပန်းဖြေစခန်း စသည့်နေရာတို့တွင်လည်း ကိုဗစ် – ၁၉ ဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ခွင့် ပြုပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်း – အောင်သန့်**
**ဓာတ်ပုံ – ကိုအေး**



နေပြည်တော်ကောင်စီနယ်မြေရှိ မြို့မဈေးကားဂိတ်၌ ယာဉ်လိုင်းများ ပုံမှန်ပြန်လည်ပြေးဆွဲနေမှုကို တွေ့ရစဉ်။

## ရာသီကုန်ဆုံးရန် နှစ်ပွဲအလိုတွင် ပရီမီယာလိဂ်သို့ တိုက်ရိုက်တန်းတက်ခွင့်တစ်နေရာရယူနိုင်ခဲ့သည့် ဝက်ဖို့ဒ်

အင်္ဂလန်ချန်ပီယံရှစ် ပွဲစဉ် (၄၄) အဖြစ် ဝက်ဖို့ဒ်အသင်းနှင့် မီလ်ဝေါလ် အသင်းတို့ပွဲစဉ်ကို ဧပြီ ၂၄ ရက် ညပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ ဝက်ဖို့ဒ်အသင်းက အစ္စမာ အီလာဆားရ်၏ တစ်လုံးတည်းသော ပယ်နယ်တီသွင်းဂိုးဖြင့် အနိုင်ရရှိပြီး ရာသီပြီးဆုံးရန် နှစ်ပွဲအလိုတွင် ပရီမီယာလိဂ်သို့ တိုက်ရိုက်တန်းတက်ခွင့်ရရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဝက်ဖို့ဒ်အသင်းသည် ချန်ပီယံရှစ်ပွဲစဉ် ၄၅ ကို ဘရန့်ဖို့ဒ်အသင်းနှင့် မေ ၁ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ရာသီပိတ်ပွဲစဉ်ကို ဆွမ်ဆီးအသင်းနှင့် မေ ၈ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပြီးခဲ့သည့် သီတင်းပတ်တွင် ချန်ပီယံရှစ် အမှတ်ပေးဇယားကို ဦးဆောင်နေသည့် နော့ဝှစ်ချ်အသင်း ပရီမီယာလိဂ်သို့ တိုက်ရိုက်တန်းတက်ခွင့်ရရှိခဲ့ပြီး ယခု ဝက်ဖို့ဒ်အသင်းမှာ လက်ကျန်တိုက်ရိုက်တန်းတက်ခွင့်ကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် ချန်ပီယံရှစ် အမှတ်ပေးဇယားကို နော့ဝှစ်ချ်အသင်းက ရမှတ် ၉၃ မှတ်ဖြင့် ဦးဆောင်ထားပြီး ချန်ပီယံရှစ်ဖလား ဆွတ်ခူးရန် အားကောင်းနေသည့် အသင်းဖြစ်သည်။

**အောင်ဇော်**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား လက်ဝယ်ထားရှိသူများနှင့်အတူ ဆက်လက်ဖော်ထုတ်ဖမ်းဆီး

နေပြည်တော် မေ ၂၅

**လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား ပြုလုပ်သူ၊ လက်ဝယ်ထားရှိသူများအား ဆက်လက်ဖော်ထုတ် ဖမ်းဆီးလျက်ရှိပါသည်။**

ထိုသို့ဆောင်ရွက်ခဲ့ရာ မေ ၂၄ ရက်တွင် မူဆယ်မြို့ နန်းတော်ဂိတ်အနီး ပြည်ထောင်စုလမ်းမကြီး၌ တာယာကွင်းများစုပုံမီးရှို့မှုတွင်ပါဝင်ခဲ့သည့် ဆူပူအကြမ်းဖက်သူ ဝင်းမင်းထွန်း(ဘ)ဦးသန်းအောင်၊ နိုင်လင်းထက်(ဘ)ဦးအောင်ထွန်း၊ ပြည့်ဖြိုးမောင်(ဘ) ဦးအောင်ကျော်၊ မနန်းဥမ္မာဦး (ဘ) ဦးမောင်စိုင်း၊ မနှင်းနှင်းဦး(ဘ)ဦးသန်းအေးနှင့် မအီခမ်(ဘ) ဦးအိုက်ယိုင်တို့ ခြောက်ဦးကို ကောင်းနောင်ရပ်ကွက် အိမ်အမှတ် (က/၇၂)၌ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့် လည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ်အတွင်း၌ ဆူပူအုံကြွစေရန် လှုံ့ဆော်စာများ လိုက်လံရေးသား ဖြန့်ဖြူးနေသူများဖြစ်သည့် ဝေယံ(ဘ)ဦးအောင်အောင်ဇော်၊ မစန္ဒီညွန့်ဝင်း(ဘ)ဦးညွန့်ဝင်းနှင့် မအေးသန္တာအောင်(ဘ) ဦးခင်မောင်သန်းတို့ သုံးဦးကို တာမွေမြို့နယ် မေတ္တာညွှန့်ရပ်ကွက် စက်မှု(၁)လမ်းပေါ်၌ လည်းကောင်း၊ မင်းတပ်မြို့ ကန်ပက်လက်လမ်းခွဲအနီး၌ အမျိုးသား သုံးဦးအား လက်လုပ်မိုင်း ရှစ်လုံးနှင့် လည်းကောင်း၊ ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်ကြီး (၃) ဗိုလ်ချုပ်အောင်ဆန်းလမ်း ရေမြောင်းကူးတံတားရှိ တံတားကြမ်းခင်းနှင့် ကွန်ကရစ်တန်းကြား၌ ဒေသန္တရလက်လုပ်မိုင်း တစ်လုံးအား လည်းကောင်း၊ ပဲခူးမြို့နယ် လှော်ကားကျေးရွာ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဘေးရှိ ရော်ဘာခြံအတွင်း ခြံစောင့်ဖြစ်သူ မြင့်စိုး(ခ)မင်းလျှံ အပါအဝင် အမျိုးသား ၁၄ ဦးနှင့် အမျိုးသမီး နှစ်ဦးတို့ကို လက်လုပ်သေနတ်များ၊ လက်လုပ်မိုင်းများနှင့် ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများနှင့်လည်းကောင်း၊ နံနက် ၉ နာရီခွဲခန့်တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁၀) ရပ်ကွက် ဦးဖိုးသုန် ရိပ်သာလမ်း အမှတ် ၁၇ (B) နေမင်းမင်း (စိစစ်ဆဲ)၏နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းအား မတွေ့ရှိဘဲ နေအိမ်အတွင်းမှ ဒူးလေး လေးလက်၊ လက်လုပ်သေနတ် တစ်လက်၊ မြားတံ အချောင်း ၃၁၀ ၊ လက်လုပ်ဗုံး လေးလုံး၊ ဂျင်ကလိများနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့် လည်းကောင်း၊ နံနက် ၉ နာရီ မိနစ် ၄၀ ခန့်တွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ်(၄)ရပ်ကွက်နေ ဇော်ဇော်အောင်(၃၇နှစ်)(ဘ) ဦးကျော်ကျော်၏ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းမှ ဇော်ဇော်အောင်ကို လည်းကောင်း၊ နံနက် ၁၁ နာရီခွဲခန့်တွင် အဆိုပါရပ်ကွက်နေ မျိုးကျော်ကျော်(၂၃ နှစ်) (ဘ)ဦးညီအောင်၏ နေအိမ်ကို ထပ်မံဝင်ရောက်ရှာဖွေခဲ့ရာ မျိုးကျော်ကျော်ကို နေအိမ်အတွင်းမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့် လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၁၄) ရပ်ကွက်နေ သန်းစိုး(၆၀ နှစ်)(ဘ)ဦးညွန့်တင်၏ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းအားနေအိမ်အတွင်းမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

## ဆူပူအကြမ်းဖက်သုံးသည့်ပစ္စည်းသိမ်းဆည်း

အလားတူညနေ ၅ နာရီခွဲခန့်တွင် ရွှေပြည်သာမြို့နယ် အမှတ်(၅)ရပ်ကွက် ထန်းခြောက်ပင်လမ်းဆုံရှိ"ရွှေမင်းသမီး" အဆောက်အအုံနှင့် "ထွန်းရွှေရောင်" လက်ဖက်ရည်ဆိုင်ကြားလမ်းဘေး၌ ဆန္ဒပြရာတွင် အသုံးပြုသည့်ပစ္စည်းများ တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာ၌ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

၎င်းအပြင် ည ၉ နာရီ ၁၅ မိနစ်ခန့်တွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွာဘဲရပ်ကွက်နေ ဒေါ်သန္တာအောင် (၄၅ နှစ်)(ဘ) ဦးသိန်းအောင်၏ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ဒေါ်သန္တာအောင်နှင့်အတူ နေအိမ်အတွင်းမှ ဒူးလေးများ၊ ဓားများနှင့် အခြားဆက်စပ်ပစ္စည်းများအား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။



တရားခံ ဇော်ဇော်အောင်



တရားခံ မျိုးကျော်ကျော်

မြင်းခြံမြို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုသည့်ပစ္စည်းများနှင့် ဖမ်းဆီးရမိမှု။

အလားတူ ည ၁၀ နာရီတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့ ရွှေချီရပ်ကွက်နေ ကျော်မင်းသူ(၃၄ နှစ်)(ဘ) ဦးကျော်စိန်၏နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ကျော်မင်းသူကို နေအိမ်၏အနောက်ဘက် ခြံဝင်းအတွင်းမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ ည ၁၁ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ်ကွက်နေ ကျော်ဆန်းဦး(ခ)ရာဇာ(၅၀ နှစ်)(ဘ)ဦးကျော်ဦး၏ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းမှ ကျော်ဆန်းဦး (ခ)ရာဇာကို ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့် အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် မေ ၂၅ ရက်တွင် ပုဗ္ဗသီရိမြို့နယ် တပင်ရွှေထီးရပ်ကွက် ကျည်တောင်ကန်ဘူတာနှင့် ဖြုတ်ခွဲဘူတာအကြားရှိ ရထားသံလမ်းကူးတံတားအောက်ခြေမြေကာနံရံ လေထွက်ပေါက်အတွင်း၌ ဒေသန္တရလက်လုပ်မိုင်း တစ်လုံးကို သိမ်းဆည်းရမိခဲ့သည်။ နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက်ရှိ အမှတ်(၁၄) အခြေခံပညာမူလတန်းကျောင်းအတွင်း ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုသည့်ပစ္စည်းများတွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျောင်းဝင်းအတွင်းရှိ စာကြည့်တိုက်အခန်းတွင်းမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အလားတူ နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဆင်ဆိပ်ရပ်ကွက်နေ ကြည်ထွေး(၂၇ နှစ် )(ဘ) ဦးဉာဏ်ထွန်း၏နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းမှ ကြည်ထွေးအား ပြုလုပ်ဆဲ လက်လုပ်သေနတ် တစ်လက်၊ သေနတ်သစ်သားကိုယ်ထည် တစ်ခု၊ ဂက်စ်ဘူး တစ်ဘူးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

## ဥပဒေနှင့်အညီ အရေးယူနိုင်ရေး

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား လက်ဝယ်ထားရှိသူများနှင့် သိုဝှက်သိမ်းဆည်းထားရှိသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပုသိမ်မြို့၌ တရားခံ သန်းစိုးအား ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုသည့်ပစ္စည်းများနှင့် ဖမ်းဆီးရမိမှု။



မိတ္ထီလာမြို့၌ တရားခံ ကျော်ဆန်းဦး(ခ)ရာဇာ အား ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင်အသုံးပြုသည့် ပစ္စည်းများနှင့် ဖမ်းဆီးရမိမှု။

❖ တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။
နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ် ဆောင်ရွက်ကြရမှာ။

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

နေပြည်တော် ဧပြီ ၂၅

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီး ဖြစ်သည်။

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါက်တာ ရန်နိုင်လင်း (လ/ထ ဆရာဝန်) | ဘားအံ ပြည်သူ့ဆေးရုံ | ဘားအံမြို့၊ ကရင်ပြည်နယ်။ | ၅၀၅-က |  |
| ၂ | ဒေါက်တာ စုလှိုင် (လ/ထ ဆရာဝန်) | ဘားအံ ပြည်သူ့ဆေးရုံ | ဘားအံမြို့၊ ကရင်ပြည်နယ်။ | ၅၀၅-က |  |
| ၃ | ဒေါက်တာ မေဦးခင် (လ/ထ ဆရာဝန်) | ဘားအံ ပြည်သူ့ဆေးရုံ | ဘားအံမြို့၊ ကရင်ပြည်နယ်။ | ၅၀၅-က |  |
| ၄ | ဒေါက်တာ ခွန်သန်းအောင်စိုး (လ/ထ ဆရာဝန်) | ဘားအံ ပြည်သူ့ဆေးရုံ | ဘားအံမြို့၊ ကရင်ပြည်နယ်။ | ၅၀၅-က |  |
| ၅ | ဒေါက်တာ အောင်ဆက်နောင် (လ/ထ ဆရာဝန်) | ဘားအံ ပြည်သူ့ဆေးရုံ | ဘားအံမြို့၊ ကရင်ပြည်နယ်။ | ၅၀၅-က |  |
| ၆ | ဒေါက်တာ ဖြူပြာမင်း (ကသာခရိုင် ကျန်းမာရေး ဒုဦးစီးမှူး) | ကသာခရိုင် ကျန်းမာရေးရုံး | ကသာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၇ | ဒေါက်တာ စိုင်းဝန်းဖန်းဆိုင် (အထူးကု) | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။ | ၅၀၅-က |  |
| ၈ | ဒေါက်တာ မိုးဇော်လတ် (လ/ထ ဆရာဝန်) | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။ | ၅၀၅-က |  |
| ၉ | ဒေါက်တာ သိန်းသိန်းနွယ် (လ/ထ ဆရာဝန်) | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။ | ၅၀၅-က |  |
| ၁၀ | ဒေါက်တာ ခိုင်ဇာယုရှိန် (လ/ထ ဆရာဝန်) | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။ | ၅၀၅-က |  |
| ၁၁ | ဒေါက်တာ သိုက်ထွန်းအောင် (လ/ထ ဆရာဝန်) | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။ | ၅၀၅-က |  |
| ၁၂ | ဒေါက်တာ ငြိမ်းဝေထွန်း (လ/ထ ဆရာဝန်) | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။ | ၅၀၅-က |  |
| ၁၃ | ဒေါက်တာ မျိုးဇေဦး (လ/ထ ဆရာဝန်) | လှိုင်းဘွဲ ပြည်သူ့ဆေးရုံ | လှိုင်းဘွဲမြို့၊ ကရင်ပြည်နယ်။ | ၅၀၅-က |  |
| ၁၄ | ဒေါက်တာ ထက်လင်းနိုင် (လ/ထ ဆရာဝန်) | မြဝတီ ပြည်သူ့ဆေးရုံကြီး | မြဝတီမြို့၊ ကရင်ပြည်နယ်။ | ၅၀၅-က |  |
| ၁၅ | ဒေါက်တာ ပြည့်ဖြိုးအောင် (လ/ထ ဆရာဝန်) | မြဝတီ ပြည်သူ့ဆေးရုံကြီး | မြဝတီမြို့၊ ကရင်ပြည်နယ်။ | ၅၀၅-က |  |
| ၁၆ | ဒေါက်တာ ကျင်ကျင် (လ/ထ ဆရာဝန်) | တန့်ယန်း ပြည်သူ့ဆေးရုံ | တန့်ယန်းမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။ | ၅၀၅-က |  |
| ၁၇ | ဒေါက်တာ စိုးသန်းထိုက် (လ/ထ ဆရာဝန်) | တန့်ယန်း ပြည်သူ့ဆေးရုံ | တန့်ယန်းမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။ | ၅၀၅-က |  |
| ၁၈ | ဒေါက်တာ သန့်ဇော် (အထူးကု) | ရန်ကုန် အရှေ့ပိုင်းခရိုင်ဆေးရုံကြီး | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၉ | ဒေါက်တာ ကိုကိုနိုင် (လ/ထ ဆရာဝန်) | ဘားအံ ပြည်သူ့ဆေးရုံ | ဘားအံမြို့၊ ကရင်ပြည်နယ်။ | ၅၀၅-က |  |
| ၂၀ | ဒေါက်တာ ကျော်လင်း (အထူးကု) | ရန်ကုန် ကလေးဆေးရုံကြီး | ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |

ဖော်ပြပါဆရာဝန်များအနက် တန့်ယန်းမြို့နယ် ပြည်သူ့ဆေးရုံမှဒေါက်တာကျင်ကျင်(လ/ထ ဆရာဝန်)သည် (စိစစ်ဆဲ) အထွေထွေရောဂါကုဆေးခန်း၌လည်းကောင်း၊ တန့်ယန်းမြို့နယ် ပြည်သူ့ဆေးရုံမှ ဒေါက်တာ စိုးသန်းထိုက်(လ/ထ ဆရာဝန်)သည် "နန်းထိုက်" ဆေးခန်း၌လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင်ဆေးရုံကြီးမှ ဒေါက်တာ သန့်ဇော် (အထူးကု)သည် "အာရုတော်ဝင်" ဆေးရုံ၌လည်းကောင်း၊ ဘားအံပြည်သူ့ဆေးရုံမှ ဒေါက်တာ ကိုကိုနိုင် (လ/ထ ဆရာဝန်)သည် "သုခငြိမ်းအေး" ဆေးခန်း၌လည်းကောင်း၊ ရန်ကုန်ကလေးဆေးရုံကြီးမှ ဒေါက်တာ ကျော်လင်း (အထူးကု)သည် "အောင်ရတနာ" ဆေးရုံ၌လည်းကောင်း တာဝန်ကျရာ ဆေးရုံများတွင် ကုသခြင်းမပြုဘဲ CDM ပြုလုပ်၍ ပြင်ပ ပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများတွင် သွားရောက် ကုသလျက်ရှိကြောင်း မှတ်တမ်းဓာတ်ပုံများနှင့်အတူ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်။



ဒေါက်တာ ကျင်ကျင်(တန့်ယန်းမြို့နယ်ပြည်သူ့ဆေးရုံ)ဆေးကုသနေသည့် အထွေထွေရောဂါကုဆေးခန်းမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ ကျင်ကျင်

စာမျက်နှာ ၂၅ သို့

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံ မတရားအသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာ နေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့် ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများသာဖြစ်သဖြင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေရသူများအနေဖြင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ အရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

---

*စာမျက်နှာ ၂၄ မှ*



ဒေါက်တာ စိုးသန်းထိုက်(တန့်ယန်းမြို့နယ်ပြည်သူ့ဆေးရုံ)ဆေးကုသနေသည့် "နန်းထိုက်" ဆေးခန်းမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ စိုးသန်းထိုက်



ဒေါက်တာ သန့်ဇော်(အထူးကု၊ ရန်ကုန်အရှေ့ပိုင်းခရိုင်ဆေးရုံကြီး)အား ဆေးကုသခွင့်ပေးထားသည့်" အာရှတော်ဝင်"ဆေးရုံမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ သန့်ဇော်



ဒေါက်တာ ကိုကိုနိုင်(လက်ထောက်ဆရာဝန်၊ဘားအံပြည်သူ့ဆေးရုံ) အား ဆေးကုသခွင့်ပေးထားသည့်"သုခငြိမ်းအေး" မှတ်တမ်းဓာတ်ပုံ



ဒေါက်တာ ကိုကိုနိုင်




ဒေါက်တာ ကျော်လင်း(အထူးကု၊ ရန်ကုန်ကလေးဆေးရုံကြီး)အား ဆေးကုသခွင့်ပေးထားသည့်" အောင်ရတနာ"ဆေးရုံမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ ကျော်လင်း

အဆိုပါ အမှုဖွင့်လှစ်ထားသော ဆရာဝန်များအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည့်အပြင် ၎င်းတို့ကိုလက်ခံ၍ ဆေးကုသခွင့်ပေးထားသည့် ပြင်ပပုဂ္ဂလိက ဆေးရုံ/ ဆေးခန်းများကိုလည်း လုပ်ငန်းလိုင်စင်ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ဆေးရုံ/ဆေးခန်း ပိုင်ရှင်များကိုလည်း တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မည်သည့်ကျန်းမာရေးဝန်ထမ်းမဆို တာဝန်ကျရာ ဆေးရုံများ၌ CDM လှုပ်ရှားမှုတွင် ပါဝင်ကာ မူလတာဝန်များ ထမ်းဆောင်ခြင်းမရှိဘဲ အခြားပြင်ပပုဂ္ဂလိက ဆေးရုံ/ ဆေးခန်းများသို့ သွားရောက်၍ အခကြေးငွေရယူ ဆေးကုသခြင်း၊ ကူညီလုပ်ဆောင်ခြင်းများ ပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွား မည်ဖြစ်ကြောင်း၊ အဆိုပါ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား လက်ခံထားသည့် ပုဂ္ဂလိက ဆေးရုံ/ ဆေးခန်းပိုင်ရှင်များအား CDM လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာ အရေးယူသွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

---

❖ **ခေတ်သစ်နယ်ချဲ့အလိုကျ ရှုးရှုးနှမ်းနှမ်း လိုက်ပါမိရင် ဘဝတွေ ကြွေလွင့်ကြရမယ်။ မကောင်းမှု ရှောင်ကာ ကောင်းမှု ဆောင်နိုင်ကြပါစေ။ စိတ်ဖြူ နှုတ်ဖြူ - အလုပ်ဖြူတဲ့ လူငယ်တွေ။**

# ဆူပူအကြမ်းဖက်သူလူစု အုပ်စုများအနေဖြင့် အကြမ်းဖက်ဖျက်ဆီးမှုလုပ်ရပ်များကို လုပ်ဆောင်

နေပြည်တော် မေ ၂၅

ဆူပူအကြမ်းဖက်သူလူစု အုပ်စုများအနေဖြင့် နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုအချို့၏ နေအိမ်များကို မီးပုလင်း၊ လက်လုပ်ဗုံး၊ မီးတုတ်များဖြင့် ပစ်ပေါက်ခြင်း၊ အများပြည်သူ သွားလာလှုပ်ရှားနေသော လမ်းမကြီးများပေါ်တွင် လက်လုပ်ဗုံးများ ပစ်ဖောက်ခြင်း၊ ထောင်ထားခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ မေ ၂၄ ရက် မွန်းလွဲ ၃ နာရီ ၁၀ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်နေစဉ် (၃)ရပ်ကွက်နှင့် (၄)ရပ်ကွက်ကြား ဝေဇယန္တာလမ်းမပေါ်မှ ပေါက်ကွဲသံကြား၍ သွားရောက်စစ်ဆေးခဲ့ရာ ၄/၆ ဖြုဟ္မစိုရ်လမ်းထိပ် လမ်းလယ်ကျွန်းရှိ သစ်ပင်ခြေရင်း၌ ပေါက်ကွဲထားပြီးဖြစ်သော လက်လုပ်ဗုံးအပိုင်းအစများ တွေ့ရှိခဲ့ရပြီး ပေါက်ကွဲမှုကြောင့် လူနှင့်အဆောက်အအုံ ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးမှုမရှိကြောင်း သိရသည်။

### ပို့ဆောင်ဆေးကုသမှုခံယူ

ညနေ ၅ နာရီ ၂၅ မိနစ်တွင် အဆိုပါပေါက်ကွဲမှုဖြစ်ပွားသည့် နေရာနှင့် ၂၅ ကိုက်အကွာရှိ လမ်းလယ်ကျွန်းပေါ်၌ ပေါက်ကွဲသံကြားရ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ လက်လုပ်ဗုံး တစ်လုံးပေါက်ကွဲခြင်းဖြစ်ကြောင်း တွေ့ရှိရသဖြင့် အဆိုပါလမ်းလယ်ကျွန်းတစ်လျှောက်ကို ဆက်လက်စစ်ဆေးခဲ့ရာ ပေါက်ကွဲမှုဖြစ်ပွားရာ ၂ ခုကြား လမ်းလယ်ကျွန်းပေါ်၌ပင် ဇာအစိမ်းရောင်ဖြင့် အုပ်ထားသော ကော်ပုံးတစ်ပုံးကို မသင်္ကာဖွယ်တွေ့ရှိရ၍ စစ်ဆေးရန် ပြုလုပ်နေစဉ် ပေါက်ကွဲသွားခဲ့ပြီး ပေါက်ကွဲမှုကြောင့် လမ်းမပေါ်တွင် ဖြတ်သန်းမောင်းနှင်လာသော YGN HH/xxxx PROBOX ယာဉ်၏ နောက်ပိုင်း ဝဲ/ယာ မှန် နှစ်ချပ်ကွဲကြေ၍ ရှေ့လေကာမှန်တို့ ကွဲအက်ပျက်စီးသွားခဲ့ပြီး ယာဉ်ပေါ်တွင် လိုက်ပါလာသော အမျိုးသမီးနှစ်ဦးနှင့် စစ်ဆေးရေးအဖွဲ့တွင် ပါဝင်သော ရပ်ကွက်အုပ်ချုပ်ရေး တာဝန်ရှိသူ အမျိုးသားနှစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိသည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပေါက်ကွဲမှုဖြစ်ပွားရာနေရာများအား ရှင်းလင်းမှုများ ဆောင်ရွက်ခဲ့ရာ ပေါက်ကွဲထားပြီးဖြစ်သော Keypad ဖုန်းဖြင့် ဆက်သွယ်ပြုလုပ်ထားသည့် လက်လုပ်မိုင်း တစ်လုံး၏အပိုင်းအစများ တွေ့ရှိခဲ့ရသဖြင့် ပတ်ဝန်းကျင်ကို ရှင်းလင်းခဲ့ရာ ပေါက်ကွဲမှုဖြစ်သည့် နေရာနှင့် ၁၀ ကိုက်ခန့်အကွာရှိ အိမ်အမှတ်(၆၅၁)ခြံဝင်းအရှေ့တွင် လက်လုပ်မိုင်းတစ်လုံး ထပ်မံတွေ့ရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖောက်ခွဲဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

အလားတူ ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ရွှေကူရပ်ကွက် လမ်းမတော်လမ်းနှင့် ရွှေလက်လှလမ်းထောင့်ရှိ "အင်းဝ"ဘဏ်ကို အကြမ်းဖက်သူ အမျိုးသားနှစ်ဦး(စိစစ်ဆဲ)က ဆိုင်ကယ် တစ်စီးဖြင့် ရောက်ရှိလာပြီး လက်လုပ်ဗုံး တစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ရာ အဆိုပါ လက်လုပ်ဗုံးမှာ ဘဏ်ရှေ့ကာရံထားသော သံပန်းခြံစည်းရိုးကို ထိမှန်၍ ကားလမ်းမပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် လူနှင့် အဆောက်အဦ ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးမှုမရှိကြောင်း သိရသည်။

အလားတူ ညနေ ၅ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် (၈) ရပ်ကွက် မကွေးလမ်းနှင့် ထီးလှိုင်ရှင် အိမ်ရာအဝင်လမ်းသွယ်ရှိ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီရုံးအနီးတွင် ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါရုံးဘေးရှိ လမ်းမပေါ်၌ ပေါက်ကွဲထားသည့် လက်လုပ်ဗုံး အပိုင်းအစများ တွေ့ရှိခဲ့ရပြီး ပေါက်ကွဲမှုကြောင့် လူနှင့်အဆောက်အဦ ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးမှုမရှိကြောင်း သိရသည်။





ပြည်မြို့နယ်ရှိ "အင်းဝ"ဘဏ်အား လက်လုပ်မိုင်းဖြင့် ပစ်ပေါက်မှုကို တွေ့ရစဉ်။

### ရေမြောင်းအတွင်း ဖောက်ခွဲဖျက်ဆီးခဲ့

အလားတူ ည ၆ နာရီ ၁၀ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဥဿာမြို့သစ် (၇)ရပ်ကွက်နေ ဒေါ်တင်တင်သော်(၅၂နှစ်)(ဘ)ဦးသောင်းညွန့်၏ နေအိမ်အား အကြမ်းဖက်သူ အမျိုးသားနှစ်ဦး (စိစစ်ဆဲ)မှ ဆိုင်ကယ်ဖြင့်ရောက်ရှိလာပြီး လက်ပစ်ဗုံး တစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေအိမ် ခြံစည်းရိုး အပြင်ဘက်ရှိ ကွန်ကရစ်တံတားပေါ်မှ မပေါက်ကွဲသေးသည့် Grenade Hond China စာတန်းပါ လက်ပစ်ဗုံးတစ်လုံးကို တွေ့ရှိရ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ရေမြောင်းအတွင်း ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

အလားတူ ည ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ ဟုမ္မလင်းရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးရုံးကို အကြမ်းဖက်သူ အမျိုးသားနှစ်ဦး (စိစစ်ဆဲ)က လက်လုပ်ဗုံး တစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ အဆိုပါလက်လုပ်ဗုံးမှာ ရုံးအောက်ထပ်ရှိ ဖွင့်ထားသောပြတင်းပေါက်မှ ရုံးခန်းအတွင်း ကျရောက်ပေါက်ကွဲခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာမှ ပေါက်ကွဲထားသည့် လက်လုပ်ဗုံး အပိုင်းအစများ တွေ့ရှိခဲ့ရပြီး ပေါက်ကွဲမှုကြောင့် လူနှင့် အဆောက်အဦ ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးမှုမရှိကြောင်း သိရသည်။

အလားတူ ည ၈ နာရီ ၁၀ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဥဿာမြို့သစ် (၃)ရပ်ကွက် ရေမြောင်းအတွင်း၌ လက်လုပ်မိုင်းတစ်လုံး တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မပေါက်ကွဲသေးသည့် လက်လုပ်မိုင်း တစ်လုံးကို တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက စနစ်တကျ ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

ထို့အတူ အလားတူ ည ၈ နာရီ မိနစ် ၅၀ ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မုံရွာတောင်ရပ်ကွက်ရှိ မြဝတီဘဏ်ကို ဆိုင်ကယ်စီးနင်းလာသည့် အမျိုးသား နှစ်ဦးက လက်လုပ်ဗုံးဖြင့် ပစ်ခတ်ခဲ့ပြီး ဗုံးမှာ ဘဏ်ရှေ့ခြံစည်းရိုးနှင့် မီတာ ၂၀ ခန့်အကွာသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

အလားတူ ည ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၇)ရှိ အနီးစခန်းရဲကင်းကို အကြမ်းဖက်သူ အမျိုးသား သုံးဦး(စိစစ်ဆဲ)က ရဲကင်းစခန်း၏ နောက်ကျောဘက်မှ လက်လုပ်မိုင်း ကိုးလုံး ပစ်ပေါက်ထွက်ပြေးခဲ့ရာ အဆိုပါလက်လုပ်ဗုံး ကိုးလုံးမှာ ရဲစခန်းနောက်ကျောမြေကွက်လပ်သို့ ကျရောက်ခဲ့ပြီး လေးလုံးမှာ ပေါက်ကွဲ၍ ကျန်ငါးလုံးမှာ ပေါက်ကွဲခြင်းမရှိခဲ့ကြောင်းနှင့် တစ်ချိန်တည်းမှာပင် အကြမ်းဖက်သူ အမျိုးသား တစ်ဦး(စိစစ်ဆဲ)က ရဲကင်းစခန်းအရှေ့မှ စခန်းအတွင်းသို့ အထုပ် သုံးထုပ်ဖြင့် ထပ်မံပစ်ပေါက်ခဲ့ရာ အဆိုပါအထုပ်များမှာ ရဲကင်းစခန်းအမိုးပေါ်သို့ ကျရောက်ခဲ့ပြီး တစ်ထုပ်မှာ ပေါက်ကွဲကာ အခြားနှစ်ထုပ်မှာ ပေါက်ကွဲမှုမရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးခဲ့ရာ မပေါက်ကွဲသည့် အထုပ် နှစ်ထုပ်မှာ ကြွပ်ကြွပ်အိတ်အခွံများ ဖြစ်သည်ကို တွေ့ရှိခဲ့ရပြီး ပေါက်ကွဲမှုကြောင့် ရဲကင်းစခန်းအမိုး အနည်းငယ်ပျက်စီးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် တပ်မတော်ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

### တူမီးသေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်

ထို့ပြင် မင်းတပ်မြို့အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးဆောင်ရွက်စဉ် ည ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် အထွေထွေအုပ်ချုပ်ရေးရုံးအနီးရှိ ဘောလုံးကွင်းရှေ့သို့အရောက်၌ ဘောလုံးကွင်းပွဲကြည့်စင်ပေါ်မှ လူ ၂၀ ခန့်က တူမီးသေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခြောက်လှန့်ပစ်ခတ်ခဲ့သည်။ အဆိုပါ ဆူပူအကြမ်းဖက်သူများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အလားတူ ယနေ့နံနက် ၆ နာရီခန့်တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် တပင်ရွှေထီးရပ်ကွက်ရှိ သိုက်ချောင်းတံတားအောက်ရှိ အုတ်နံရံအပေါက်အတွင်း၌ လက်လုပ်မိုင်းတစ်လုံးတွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာ၌ မပေါက်ကွဲသေးသည့် လက်လုပ်မိုင်း တစ်လုံးကို တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ်၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အလားတူ နံနက် ၆ နာရီ ၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေအနောက်ရပ်ကွက်ရှိ "မြန်မာ့စီးပွားရေးဘဏ်(၁)" အနီး ၂၅ လမ်းနှင့် ၂၆ လမ်းကြား၊ ၈၂ လမ်းမပေါ်တွင် လက်လုပ်မိုင်း တစ်လုံးပေါက်ကွဲကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပေါက်ကွဲထားသော လက်လုပ်မိုင်း အပိုင်းအစများ တွေ့ရှိခဲ့ရပြီး ပေါက်ကွဲမှုကြောင့် လူနှင့်အဆောက်အဦ ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးမှုမရှိကြောင်း သိရသည်။

အလားတူ နံနက် ၆ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ဘိုးဘုံရပ်ကွက်ရှိ မြို့နယ်မီးသတ်ဦးစီးမှူးရုံးကို ရန်ကုန်-မော်လမြိုင်ကားလမ်းအတိုင်း ဝေါဘက်မှ ကျိုက်ထိုမြို့ဘက်သို့ အကြမ်းဖက်သူ အမျိုးသား နှစ်ဦး(စိစစ်ဆဲ) မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးမှ လက်လုပ်မိုင်းတစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ရာ အဆိုပါလက်လုပ်မိုင်းမှာ မီးသတ်ရုံးရှေ့ ကွန်ကရစ်ပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် မီးသတ်ရုံး ပြတင်းပေါက်မှန် တစ်ချပ်ကွဲ၊ မီးငြိမ်းသတ်ယာဉ် တစ်စီး အနည်းငယ်ပျက်စီးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

အလားတူ နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ချမ်းသာရ ရပ်ကွက်နေ ဦးအောင်စိုး (၅၂ နှစ်)၏ နေအိမ်ရှေ့ ခြံတံခါးပေါက်အနီးတွင် လက်လုပ်မိုင်းတစ်လုံး တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာ၌ မပေါက်ကွဲသေးသည့် လက်လုပ်မိုင်း တစ်လုံးကို တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်မဲ့ပြုလုပ်၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

အလားတူ နံနက် ၈ နာရီ ၁၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မဇင်းရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်း ဘူတာကုန်းတံတားအဆင်းလမ်းဘေးရှိ MPT ဆက်သွယ်ရေးကေဘယ်လ်ကြိုးသံပုံးအနီးတွင် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာ၌ ရေသန့်ဘူးအတွင်း ယမ်းပြင်းမှုန့်များနှင့် ဘောစေ့တို့အား ရောစပ်၍ Keypad ဖုန်းဖြင့် ဆက်သွယ်ပြုလုပ်ဖောက်ခွဲထားသော လက်လုပ်မိုင်း တစ်လုံး၏ အပိုင်းအစများ တွေ့ရှိခဲ့ရပြီး အဆိုပါပေါက်ကွဲမှုကြောင့် ဆက်သွယ်ရေးကေဘယ်လ်ကြိုးများ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက် ၁၉ လမ်းနှင့် လမ်း ၆၀ ထောင့်ရှိ ရဲစခန်းရှေ့ ဘန်ဘာအတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များအား ၁၉ လမ်းအတိုင်း အရှေ့မှအနောက်သို့ အကြမ်းဖက်သူ အမျိုးသား နှစ်ဦး(စိစစ်ဆဲ)တို့ မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးမှ လက်လုပ်ဗုံး တစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ရာ အဆိုပါလက်လုပ်ဗုံးမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များနေသော သဲအိတ်ဘန်ဘာအနီး ကျရောက်ခဲ့ပြီး ပေါက်ကွဲမှုမရှိခဲ့သဖြင့် သက်မဲ့ပြုလုပ်ခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ရမည်းသင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံ

ရမည်းသင်း ဧပြီ ၂၅

**မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်ကိုနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် ဧပြီ ၂၃ရက်က ရမည်းသင်းမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ဈေးညောင်ကိုင်းကျေးရွာတွင် စက်ရေတွင်းတူးဖော်နေမှုကိုလည်းကောင်း၊ ကျွဲတပ်ကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။**

### ပူးပေါင်းဆောင်ရွက်

ယင်းနောက် မွန်းတည့် ၁၂ နာရီတွင် ရမည်းသင်းမြို့ ရန်အောင်မင်းကျောင်း ပရိယတ္တိစာသင်တိုက်တွင် ဗဟို၊ တိုင်း၊ မြို့နယ်သံဃာ့ဝန်ဆောင် ဆရာတော် အပါး ၂၀ ကို လှူဖွယ်ပစ္စည်းများ ဆက် ကပ်လှူဒါန်းပြီး ရမည်းသင်းမြို့ သီလဝခန်းမတွင် ရမည်းသင်း ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ရပ်ကျေး အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပွဲကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မင်းဟန်က နယ်မြေဒေသဆိုင်ရာ အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြကာ တိုင်းဒေသ ကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်ကိုက ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေး၊ ဒေသတွင်းအားလုံးပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် လာရောက်ကွင်းဆင်းရခြင်းဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများ အရှိန်မပျက်ဆောင်ရွက်နိုင်ရေးနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများ အချိန်မီ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ်တာဝန်ရှိသူများက ဆေးမထိုးရသေးသည့်သူများရှိပါက ဆေးထိုးနိုင်ရန် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန်၊ မကြာမီ အချိန်တွင် ကျောင်းများ ပြန်လည်ဖွင့်မည်ဖြစ်၍ စာသင်ကျောင်းများ ဥပဓိ ကောင်းမွန်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် ပြောကြားသည်။ ဆက်လက်၍ ယနေ့တွေ့ဆုံ ပွဲတွင် တိုင်းအဆင့်သက်ဆိုင်ရာဌာနများ ပါလာသဖြင့် လုပ်ငန်းနှင့် ပတ်သက်၍ တင်ပြကာ လုပ်ငန်းများ အောင်မြင်နိုင်ရန်၊ ပူးပေါင်း ဆောင်ရွက်ပေးကြရန် ပြောကြားပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်(၁) ဗိုလ်မှူးကြီး ကျော်ကျော်မင်းက နယ်မြေဒေသအေးချမ်းတည်ငြိမ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များ ဆောင်ရွက်နေမှုနှင့် ခရိုင်/မြို့နယ်များတွင်လည်း စီမံအုပ်ချုပ်ရေး အဖွဲ့တွင် ပါဝင်သည့် သက်ဆိုင်ရာအဖွဲ့များကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်နေကြောင်း ဆွေးနွေးပြောကြားသည်။

### ဒေသဖွံ့ဖြိုးရေးတင်ပြ

ဆက်လက်၍ တက်ရောက်လာသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက မိမိရပ်ရွာဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ တင်ပြကြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်၍ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းကာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။ ယင်းနောက် လေပြင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးသွားသောနေအိမ် ခုနစ်လုံးကိုသွပ် ၉၈ ချပ်အတွက် တန်ဖိုးငွေကျပ် ၂၈၁၁၂၀ ကို ထောက်ပံ့ပေးအပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လက်ခံယူကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)




## အများပြည်သူသို့ အသိပေးကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၇၆ ပုဒ်မခွဲ(ခ)အရ **"မော်တော်ဆိုင်ကယ်ကို စီးနင်း မောင်းနှင်ရာတွင် ရှေ့မီးအနိမ့်ကို နေ့/ည အချိန်တိုင်းတွင် ဖွင့်၍မောင်းနှင်ကြပါရန်"** အသိပေးအပ်ပါသည်။

နေပြည်တော်
ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ

သင့်
စီးပွားရေး
လုပ်ငန်းများ
အောင်မြင်ဖို့
မြန်မာ့အလင်း
သတင်းစာ
တွင်
ကြော်ငြာစို့

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီလုပ်ငန်းတာဝန်ခံအဖွဲ့များတွင် အသုံးပြုရန်အတွက် လိုအပ်သောအောက်ဖော်ပြပါ ယာဉ်ယန္တရားများနှင့် လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့်ဝယ်ယူဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Hopper Tipper | ၃၁ စီး |
| (ခ) | Truck with Desilting Machine | ၁ စီး |
| (ဂ) | သံချောင်းလုံးအရွယ်စုံ | ၇၀၀ တန် |
| (ဃ) | LED နှင့် ဆက်စပ်ပစ္စည်း | 1 Lot |
| (င) | ရွေ့လျားအမှိုက်သံကန် | ၁၅ လုံး |
| (စ) | သုံးဘီးလက်တွန်းအမှိုက်သိမ်းလှည်း | ၁၈၂ စီး |
| (ဆ) | ရွေ့လျားအိမ်သာ (Mobile Toilet) | ၁၅ လုံး |
| (ဇ) | ၆၆၀ လီတာ ပလတ်စတစ်အမှိုက်ပုံး | ၆၀၀ ပုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များက ၂၆-၄-၂၀၂၁ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၂-၅-၂၀၂၁ ရက် (၁၂:၀၀) နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်)၊ ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်း ဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း- ၀၁-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၇)၊ ဦးပိုင်အမှတ်(၄/၇)၊ မြေဧရိယာ (၀ဒသမ၀၇၀)ဧကရှိ မြေကွက်အား မူလက ဦးအောင်ကျော်ဟန်နှင့် ဒေါ်ချိုသဲဟန်တို့(၂)ဦး အမည်ဖြင့် ၃၀-၆-၂၀၂၀ ရက်ထိ မြေငှားဂရန် သက်တမ်းရရှိခဲ့ပြီး ၂-၄-၁၉၉၈ရက်တွင် ဦးအောင်ကျော်ဟန်တို့ (၂)ဦးထံမှ ဦးဝေါ်လော်ဟောင်းခေါင်(ခ)ဝလာဟောင်းခေါင်က နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး၊ ဦးဝေါ်လော်ဟောင်းခေါင်(ခ)ဝလာဟောင်းခေါင် ၁/မကန(နိုင်)၁၀၇၀၈၃ အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း၊ အသစ်ရရှိရေးအတွက် ၁၃-၂-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာ အမှတ် (၂၀၄/၂၀၂၀)ကို ၁၇-၂-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ် (၅၈/၂၀၂၀)အဖြစ် ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်နေ့မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန် အမည်ပြောင်း အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၃/၂၀၂၀-၂၀၂၁)

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်းတွင် အသုံးပြုရန်လိုအပ်သော အပြည်ပြည်ဆိုင်ရာနိုင်ငံတကာ သစ်တောသိပ္ပံနှင့် ပတ်ဝန်းကျင်ဆိုင်ရာပညာရှင်များ၊ သတ္တဗေဒနှင့် ရုက္ခဗေဒသိပ္ပံ ပညာရှင်များ အင်္ဂလိပ်စာဖြင့် ရေးသားထုတ်ဝေထားသော ရည်ညွှန်းကိုးကားစာအုပ်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံများကို ၁-၅-၂၀၂၁ ရက်မှစ၍ ရုံးချိန်အတွင်း သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်းတွင် စတင်ရောင်းချသွားမည်ဖြစ်ပြီး ၃၁-၅-၂၀၂၁ ရက် ညနေ ၄:၀၀ နာရီ နောက်ဆုံးထား၍ လာရောက်တင်သွင်းရမည် ဖြစ်ပါသည်။ သတ်မှတ်ထားသည့်ရက်ထက် ကျော်လွန်သောအဆိုပြုလွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၃။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း ဖုန်း-၀၆၇-၃၄၁၆၆၈၁သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း**

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၂၁ ခုနှစ် ဧပြီ ၃၀ ရက် (ကမ္ဘာ့အလုပ်သမားနေ့ အစားထိုးရုံးပိတ်ရက်) နှင့် ၂၀၂၁ ခုနှစ် မေ ၁ ရက် (ကမ္ဘာ့အလုပ်သမားနေ့) တို့တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေးပေးဆောင်ရမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7H/7941 Toyota Mark II GX110 Saloon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမော်ဦး၉/မတရ(နိုင်)၁၉၀၅၂၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6M/5757 B.M.W 730LI Saloon (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးခွန်းရှိန်းဝေမြင့်အောင် ၁၃/ဟပန(နိုင်) ၀၉၀၉၄၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး
## ပြည်တွင်းသုံး မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည့် ရုံးသုံးစက်ကိရိယာပစ္စည်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်)

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးတွင် တပ်ဆင်အသုံးပြုရန်အတွက် Video Wall and PA System ကို ပြည်တွင်းသုံး မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် လိုက်နာဆောင်ရွက်ရန် အချက်များကို (၁)စုံလျှင် ကျပ် ၁၀၀၀၀/ နှုန်း ဖြင့် ၂၄-၄-၂၀၂၁ရက်မှ ၂၄-၅-၂၀၂၁ရက် အထိ နံနက် ၉:၃၀နာရီမှ ၁၆:၀၀နာရီအထိ ရုံးချိန်အတွင်း ရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၃၁-၅-၂၀၂၁ရက် ၁၆:၀၀ နာရီတွင် နောက်ဆုံးထား၍ ရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ **(သတ်မှတ်ချိန်ထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)**

၄။ အိတ်ဖွင့်တင်ဒါပုံစံ၊ လိုက်နာဆောင်ရွက်ရန် အချက်များနှင့် Video Wall and PA System ၏ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ နေပြည်တော်**
**ဖုန်း- ၀၆၇-၄၁၂၃၂၈၊ ၀၆၇-၄၁၂၃၂၇၊ ၀၉-၅၁၀၀၁၀၂၉**

## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အောက်ရှိ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာ အထက်တန်းကျောင်းများ၊ သင်တန်းဌာနများနှင့် သင်တန်းကျောင်းများတွင် Digital Learning Management System အား လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် Laptop Computer များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ Open Tender ပုံစံများကို (၂၂-၄-၂၀၂၁) ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရနည်းပညာအထက်တန်းကျောင်း(ရွာမ)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(မန္တလေး)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)တို့တွင် တစ်စုံလျှင် ကျပ် (၁၀၀၀၀/-)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး (၂၁-၅-၂၀၂၁) ရက် ညနေ (၄:၀၀)နာရီ နောက်ဆုံးထား၍ Tender ပုံစံဝယ်ယူခဲ့သောကျောင်းသို့ တင်ဒါများ တင်သွင်းရမည် ဖြစ်ပါသည်။

၃။ အဆိုပါ Laptop Computer များအား သက်ဆိုင်ရာကျောင်းများ၊ သင်တန်းဌာနများနှင့် သင်တန်းကျောင်းများသို့ အရောက်ပေးပို့နိုင်ရမည်။


၄။ Open Tender ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ် အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇၃-၄၀၄၃၈၉ နှင့် ၀၆၇၃-၄၀၄၄၅၆ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

## စာအုပ်စာပေ လူ့မိတ်ဆွေ

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



ပုတ်တလုတ်ကန်(၁၉၆×၁၁၆)ပေ ၁ ကန်-၈၂၄၀ သိန်း



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက် (၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့်(၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

- (၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
- (၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
- (၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
- (၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
- (၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
- (၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
- (၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
- (၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄. ၁ သိန်း
- (၉) မြန်မာမှု တစ်ဖက်လှုခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
- (၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄. ၇ သိန်း
- (၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
- (၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃. ၆ သိန်း
- (၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
- (၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
- (၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
- (၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
- (၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
- (၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
- (၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁. ၂ သိန်း
- (၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
- (၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
- (၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
- (၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
- (၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
- (၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
- (၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** သို့ ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေ** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

**ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ**
**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေးလုပ်ငန်း**
**ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။**

နေ့စဉ် သတင်းမှန်၊ အမြင်မှန်၊ တကယ်အချက်အလက်မှန်များကို

မှန်မှန် မြန်မြန် သိလိုပါသလား ?

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်က တည်ထောင်သည်။ Established in 1957

THE GLOBAL NEW LIGHT OF MYANMAR

ဖတ်ရှုနိုင်ပါပြီ။



ဆက်သွယ် မှာယူနိုင်ပါသည်-

မြန်မာ့အလင်း ၀၉-၄၄၈၀၄၂၂၁၄၊ ၀၉-၄၃၀၃၆၀၃၀၊ ၀၉-၄၂၀၁၄၅၆၁၃

ကြေးမုံ ၀၉-၄၅၀၀၂၅၁၄၅၊ ၀၉-၄၅၀၀၂၅၅၇၀၊ ၀၉-၇၇၃၀၉၄၉၃၁

The Global New Light of Myanmar
၀၉-၂၅၀၂၀၄၆၅၃၊ ၀၉-၇၇၀၆၇၇၅၁၃၊ ၀၉-၉၈၃၉၂၄၉၉၁

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်–

(က) **၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၂၀–၄–၂၀၂၁** ရက်နေ့မှ စတင်၍ **၄–၆–၂၀၂၁** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်–

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၂၁ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့(တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၂၇–၆–၂၀၂၁** မှ **၂၈–၆–၂၀၂၁** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/–** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/–** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/–** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်–

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

## ဦးသိန်းဟန်
### အလုပ်ရုံမှူး (ငြိမ်း)၊ အုတ်ကျင်းဂုန်နီစက်ရုံ
### အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ ဇဋ္ဌိလ ၄လမ်း၊ အမှတ် ၇၉၆ နေ (ဦးဘချစ်တင်-ဒေါ်ဒေါ်စော)တို့၏သား၊ (ဦးဘလွင်-ဒေါ်အုန်းမျှင်)တို့၏ သားသမက်၊ (ဒေါ်ခင်ခင်မြ)၏ခင်ပွန်း၊ ဒေါက်တာတင်မောင်မောင်၊ ဦးဝင်းနိုင်(ရိုးမဘဏ်) ၊ ဦးဝင်းရီ (Winner Computer Group)၊ ဦးတင်မောင်သိန်း-ဒေါ်ဇင်မိမိတို့၏ဖခင်၊ မမေလင်းလင်း၏ အဘိုးသည် ၂၅-၄-၂၀၂၂ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၂၂ရက်(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကွယ်လွန်သူအား ရည်စူး၍ ၁-၅-၂၀၂၂ ရက်(စနေနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသောင်းထွန်းမြင့်
### အသက်(၇၁)နှစ်

ရန်ကုန်မြို့နေ (ဦးချစ်လှိုင်) (ဗဟိုနိုင်ငံရေးသိပ္ပံတက္ကသိုလ်)-ဒေါ်အေးကြည်တို့၏သားကြီး၊ ရန်ကင်းတိုက် ၁၃၉၊ အခန်း၃-၄ နေ ဒေါ်စန်းငွေ၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးကျော်စွာထွန်းသန့်-ဒေါက်တာစန်းရည်ထက် (Aryu Hospital)၊ ဦးအောင်စိုးလွင် (ကျောင်းအုပ် Myanmar Institute Education)-ဒေါ်အေးအေးမွန်တို့၏ ကျေးဇူးရှင်ဖခင်၊ (ဦးမိုးမြင့်)၊ ဦးနိုင်ဝင်းထွန်း-ဒေါ်စံပယ်တို့၏ ချစ်လှစွာသော အစ်ကို ဦးသောင်းထွန်းမြင့်သည် ၂၄-၄-၂၀၂၂ရက် ညနေ ၆:၅၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါသည်။ ယခုဖြစ်ပွားနေသော COVID 19 ရောဂါကြောင့် မိသားစုနှင့်သာ ၂၅-၄-၂၀၂၂ရက် နံနက် ၁၁:၀၀နာရီတွင် သင်္ဂြိုဟ်ပြီးစီးသွားပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ရဟန်း၊ ကျောင်း ဒါယကာ
## ကိုရဲမင်းခေါင်
### အသက်(၃၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အေးရိပ်သာ(၁)လမ်း၊ အမှတ်(၅၂)နေ (ရဲဘော်သုံးကျိပ် ဗိုလ်မင်းခေါင်-ဒေါ်မိမိလေး) တို့၏ ချစ်လှစွာသောမြေး၊ (ဦးဖုန်းမင်းခေါင်)-ဒေါ်အေးသွယ်၊ ဦးကျော်ခိုင်ဦး-ဒေါ်ခင်ဦးလွင်၊ ဦးငွေမင်းခေါင်၊ ဒေါ်အေးအေးလွင်၊ ဦးကြည်မင်းခေါင်-ဒေါ်ဇင်မာအောင်၊ ဦးသန့်မင်းခေါင်၊ ဦးအောင်မင်းခေါင်-ဒေါ်သူဇာအေးတို့၏ ချစ်လှစွာသောတူ၊ ကိုရွှေပု-မခင်စောလွင်၊ ကိုဖွဲ့ရဲနိုင်-မခင်ယုလွင်၊ ကိုချစ်ကိုကို-မခင်စုလွင်၊ မဟေမာမင်းခေါင်၊ မဖြိုးသီရိမင်းခေါင်၊ မစောဒေဝီမင်းခေါင်၊ မောင်ရှုမြတ်မင်းခေါင်၊ မောင်သုတမင်းခေါင်တို့၏ ချစ်လှစွာသော အစ်ကို/မောင်၊ ဖုန်းမြတ်သခင်၊ သူရိယမင်းခေါင်တို့၏ ချစ်လှစွာသော ဦးလေး၊ (ဦးတင့်မင်းခေါင်)-ဒေါ်မြင့်မြင့်အေးတို့၏ ချစ်လှစွာသောသား၊ နော်သက်ဖြူစင်၏ ချစ်လှစွာသော ခင်ပွန်း၊ နော်အေးသတာသက်မင်းခေါင်၏ ချစ်လှစွာသောဖခင် ကိုရဲမင်းခေါင်သည် ၂၄-၄-၂၀၂၂ရက် (စနေနေ့)ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၂၂ရက် (တနင်္လာနေ့)တွင် ထိန်ပင်ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ရဟန်း၊ ကျောင်း ဒါယကာ
## ကိုရဲမင်းခေါင်
### အသက်(၃၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကျောင်းကြီးရပ်ကွက်၊ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု၊ အောင်စည်ခုံဘုရားလမ်း၊ အမှတ်(၈၄)နေ (ဦးကံသိန်း)-ဒေါ်မြင့်မြင့်ရီတို့၏ မြေးဦး၊ ဦးတင့်ဇော်-ဒေါ်မြင့်မြင့်သိန်း၊ ဦးကုမာရ (ဦးကျော်မြင့်)၊ ဒေါ်မြင့်မြင့်ထွေး၊ ဦးထွန်းမြင့်-ဒေါ်ကေသီသိန်း၊ ဦးကျော်ကျော်သိန်းတို့၏ ချစ်လှစွာသောတူ၊ (ဦးတင့်မင်းခေါင်)-ဒေါ်မြင့်မြင့်အေးတို့၏သား၊ နော်သက်ဖြူစင်၏ ချစ်လှစွာသောခင်ပွန်း၊ နော်အေးသတာသက်မင်းခေါင်၏ ချစ်လှစွာသောဖခင်သည် ၂၄-၄-၂၀၂၂ရက် (စနေနေ့)ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၂၂ ရက်(တနင်္လာနေ့)တွင် ထိန်ပင်ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရွှေအိုက်ရပ်ကွက်၊ ကွင်းအမှတ်(၇၄)၊ ဦးပိုင်အမှတ် (၁၃၃၃)၊ မြေဧရိယာ (၀ဒသမ၁၁၀)ကေရှိ မြေကွက်ကို မူလက ဗိုလ်ကြီးဇော်လွင်ဦး အမည်ဖြင့် ၂၄-၄-၂၀၃၉ရက်ထိ မြေငှားဂရန် သက်တမ်းရရှိခဲ့ပြီး ၁၅-၉-၂၀၀၉ ရက်တွင် ဗိုလ်ကြီးဇော်လွင်ဦးထံမှ ဦးခွန်အောင်ဇော်လင်းက နှစ်ဦးသဘောတူအရောင်းအဝယ် ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးခွန်အောင်ဇော်လင်း ၁၃/တခလ(နိုင်) ၀၃၈၂၈၉ အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်းရရှိရေးအတွက် ၁၄-၈-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၉၃၉/၂၀၂၀)ကို ၁၇-၈-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ် (၄၉၆/၂၀၂၀) အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်နေ့မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်းထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

## ဒေါ်ခင်မြင့်မြင့်
### (ဦးစီးမှူး-ငြိမ်း)
### သမဝါယမဦးစီးဌာန(တောင်ဥက္ကလာပ)
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ (၉)လမ်း၊ အမှတ်(၁၇၆)နေ (ဦးညွန့်)-ဒေါ်ခင်ပိုက်တို့၏သမီး၊ (ဦးပါ-ဒေါ်အေးလှ) တို့၏သမီးချွေးမ၊ (ဦးခင်ဇော်)၏ဇနီး၊ ဦးအောင်ဇော်လတ်-ဒေါ်ခင်ပုလဲစု (ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန)၊ ဒေါ်အိသန္တာဖြူ (ICT, KBZ Co.,Ltd)တို့၏မိခင်၊ မအိပုလဲအောင်၏အဘွားသည် ၂၄-၄-၂၀၂၂ရက် (စနေနေ့) ညနေ ၆:၃၅နာရီတွင် နေပြည်တော်၊ ခရေအိမ်ရာ၊ တိုက်(၂)၊ အခန်း(၁၁)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၂၂ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ဝါ (မြိတ်)
### အသက်(၇၁)နှစ်

မြိတ်မြို့နေ (ဦးရန်ဟုန်-ဒေါ်အေးမြ)တို့၏ သမီး၊ ရန်ကုန်မြို့နေ (ဦးမောင်ငြိမ်း-ဒေါ်တင်မာရီ)တို့၏ ချွေးမ၊ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်သီတာသင်းမြတ် (ခေတ္တ-စင်ကာပူ)-ဦးမင်းထိုက်စိုး (ခေတ္တ-စင်ကာပူ)၊ ဒေါ်နီလာဝင်းမြတ်-ဦးကြင်သောင်း(ကျွန်းစု/မြိတ်)တို့၏ မွေးသမိခင်၊ မယွန်းလဲ့နဒီဝင်းမြတ်အောင်၏ အဘွားသည် ၂၂-၄-၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၄ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁:၃၀နာရီတွင် ရေဝေးသုသာန်၌ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပြီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအား ရည်စူး၍ ၂၈-၄-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားနာမည် ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား တရားနာကြွရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဦးရဲမင်းခေါင်
### အသက်(၃၂)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ် ၁၇/၁၈၊ ဦးရေခဲလမ်းနေ ဦးစောအိုမူးတော-နော်ခင်မိုးရီတို့၏ သားသမက်၊ စောဂေမူး-စုကြည်ဖြူတို့၏ ချစ်လှစွာသော ညီ/မောင်၊ နော်ဟေတာနေ၏ ချစ်လှစွာသောအစ်ကို၊ နော်သက်ဖြူစင်၏ ချစ်လှစွာသောခင်ပွန်း၊ နော်အေးသတာသက်မင်းခေါင်၏ ချစ်လှစွာသော ဖခင် ဦးရဲမင်းခေါင်သည် ၂၄-၄-၂၀၂၂ရက် (စနေနေ့) ညနေ ၄ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပြီဖြစ်ပါ၍ ၂၆-၄-၂၀၂၂ရက်(တနင်္လာနေ့) နံနက် ၈ နာရီတွင် နေအိမ်၌ ဝတ်ပြုဆုတောင်းပြီး ထိန်ပင်ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျန်းမာရေးဌာနသုံးပစ္စည်းများနှင့် စက်ပစ္စည်းများအားဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

- အိတ်ဖွင့်တင်ဒါwebsite: e-tender. mohs. gov.mm တွင် ဝင်ရောက်ကြည့်ရှုရမည်ဖြစ်ပြီး တင်ဒါတင်သွင်းလွှာပုံစံများကို တင်ဒါတင်သွင်းမည့်ကုမ္ပဏီများမှ Register ပြုလုပ်၍ Download ရယူနိုင်ပါသည်။
- တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုသည်များကို တင်ဒါwebsite:contactတွင်ပေးပို့၍ ဆက်သွယ်စုံစမ်းနိုင်ပြီး ပြန်လည်စုစည်း ဖြေကြားပေးပါမည်။
- တင်ဒါပိတ်သိမ်းပြီးနောက် တင်ဒါဖွင့်ဖောက်မည့်နေ့ရက်ကို တင်ဒါwebsite တွင် အနည်းဆုံး(၃)ရက်စော၍ အသိပေးကြေညာမည်ဖြစ်ပါသည်။
- အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၁၁၄၄၉၊ ၀၆၇-၃၄၃၁၁၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစတင်မည့်ရက်** - ၂၇-၄-၂၀၂၂ရက်
**တင်ဒါပိတ်သိမ်းမည့်** - ၂၆-၅-၂၀၂၂ရက်
**ရက်နှင့်အချိန်** ညနေ ၄:၀၀နာရီ

ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ လူနေရပ်ကွက်အမှတ်(၃၀)၊ မြသီရိလမ်း၊ မြေကွက်အမှတ်(၁၃)၊ အိမ်အမှတ်(၆၃/က)၊ ဦးငွေတင်အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း ပေ(၄၀ x ၆၀) အကျယ် ပါမစ်မြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းဘက်ခြမ်း ပေ(၂၀x၆၀)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပါမစ်မူရင်း၊ ဆက်စပ်စာချုပ်စာတမ်းများဖြင့် ပါမစ်မူရင်းအမည်ပေါက်ထံမှ ဝယ်ယူပိုင်ဆိုင် နေထိုင်လျက်ရှိပြီး လွတ်လပ်စွာပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုသူ ဒေါ်စန်းရီ ၁၂/မရက(နိုင်)၀၆၆၀၄၆ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးစိုးတင့် ၁၂/ပဇတ(နိုင်)၀၁၂၃၈၅နှင့် ဒေါ်မြတ်မြတ်စိုး ၁၂/ပဇတ(နိုင်)၀၀၁၂၈၀တို့က ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ခြံမြေကွက်၏ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝေဝေခိုင် (LL.B,D.B.L,D.I.L,D.I.P.L,D.M.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၃၂၉)
အမှတ်(၃၅/ခ)၊ သခင်ဗဟိန်းလမ်း၊ (၃၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၅၀၃၈၆၁၈၊ ၀၉-၇၈၉၄၈၇၃၂၆

## ဒေါ်တင်တင်(ကန်တော်လေး)
### အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ် (၈၅၅)နေ (ဗိုလ်မှူးဦးအောင်သိန်း-ဒေါ်ကျော့ရင်)တို့၏သမီး၊ (ဦးပုချိတ်-ဒေါ်လှသီ) တို့၏သမီးချွေးမ၊ စာရေးဆရာ ဒါရိုက်တာ (ဦးတင်စိုး)၏ဇနီး၊ ဦးကျော်တင်စိုး-ဒေါ်ခင်မာရီ၊ ဦးသန်းတင်စိုး-(ဒေါ်စမ်းစမ်းဝင်း)၊ (ဒေါက်တာကျော်ငွေ)-ဒေါက်တာမြင့်မြင့်စိုး၊ ဦးအောင်တင်စိုး-(ဒေါ်အောင်တင်)၊ (ဦးအောင်ကျော်စိုး)-ဒေါ်သီတာစော၊ (ဦးအောင်အောင်)တို့၏မိခင်၊ မအိသွယ်အောင်-ကိုစိုးစိုးထွန်း၊ ကိုဝဏ္ဏာဖြိုး-မထက်ထက်အောင်၊ မဇင်နွယ်ဝင်း၊ မခင်ဆွေလှိုင်၊ မအိစန္ဒီအောင်-ကိုဇော်ထက်၊ မသီရိအေးတို့၏အဘွား၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီးသည် ၂၅-၄-၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၆:၁၅နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်နယ်လီဝင်း(ခ)ဘေဘီ
### အသက်(၆၂)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အနောက်ရပ်နေ (ဦးရွှေဝင်း-ဒေါ်ထူးလှိုင်) တို့၏သမီး၊ (ဦးဝင်းမောင်)၊ ဒေါ်ဘေဘီသန်း၊ (ဦးဇော်ဝင်း)၊ ဒေါ်ဘေဘီဝင်းတို့၏ညီမ၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ သာသနာရေးဦးစီးဌာန၊ အရာရှိဝန်ထမ်းအိမ်ရာ၊ အခန်း(၄)နေ ဦးခင်စိုး(ဒုတိယညွှန်ကြားရေးမှူး)၏ဇနီး၊ မအေးငြိမ်းစိုး၏မွေးသမိခင်ကျေးဇူးရှင်ဖြစ်သူ ဒေါ်နယ်လီဝင်း(ခ)ဘေဘီသည် ၂၅-၄-၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၈:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၂၂ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၁-၅-၂၀၂၂ရက်(စနေနေ့) နံနက်တွင် အထက်ပါ ရန်ကုန်တိုင်းဒေသကြီးနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊ စာမေးပွဲဌာနခွဲမှ ဦးခင်စိုး(ဒုတိယညွှန်ကြားရေးမှူး)၏ဇနီး ဒေါ်နယ်လီဝင်း(ခ)ဘေဘီ အသက်(၆၂)နှစ်သည် ၂၅-၄-၂၀၂၂ရက်(တနင်္ဂနွေနေ့) နံနက် ၈:၃၀နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းများ

ဦးထွန်းမြင့်ဦး(ညွှန်ကြားရေးမှူး)
ဦးဇော်ဝင်း(ညွှန်ကြားရေးမှူး)
ဦးရဲထွဋ်(ဒုတိယညွှန်ကြားရေးမှူး)
ဦးဇော်ဦး(ဒုတိယညွှန်ကြားရေးမှူး)
ဦးစိုးမိုးကျော်(ဒုတိယညွှန်ကြားရေးမှူး)
ဦးကျော်မိုး(လ/ထညွှန်ကြားရေးမှူး)
သာသနာရေးဦးစီးဌာန

### ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
## ဦးသန်းအောင် (ခ) ဦးသံချောင်း
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊ အမှတ်(၄၇)၊ ၃လွှာနေ (ဦးအောင်-ဒေါ်လှတင်)တို့၏သား၊ (ဦးသောင်းရင်-ဒေါ်စန်းရီ)တို့၏ သားသမက်၊ ဒေါ်ခင်မျိုးတင့်၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ဇော်မျိုးအောင်-မအိလင်းဖြူ၊ မောင်ညီမျိုးအောင်၊ မအိအိခိုင် (AGD Bank Myaynigone Branch) တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မမေဖူးပွင့်ဖြူ၊ မောင်ဖွဲ့ဇာဏီဇော်တို့၏ အဘိုးသည် ၂၄-၄-၂၀၂၂ရက် (စနေနေ့) ညနေ ၃:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၄-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၁၀:၀၀ နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၈:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးမိုး
### အသက်(၅၈)နှစ်

အေးကို ဆောက်လုပ်ရေးကုမ္ပဏီ၏ Managing Director ဦးစိုးမိုးသည် ၂၂-၄-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**လမ်းနှင့်တံတား**
**B.O.T လုပ်ငန်းရှင်များအသင်း**

### ခင်ပွန်းအဖြစ်မှပြတ်စဲကြောင်း ကြေညာခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်၊ နယ်မြေ(၁)၊ အမှတ်(၈၆)နေ ဦးဆန်ဒူကား(ကွယ်လွန်) ၁/မကန(နိုင်)၀၁၄၇၃၇-ဒေါ်လချီမီး ၁/မကန(နိုင်) ၀၁၄၇၃၉ တို့၏သား ဦးဘီဂျိူး ၁/မကန(နိုင်)၀၁၀၈၅၉ သည် ကျွန်မဒေါ်မြနှင်းဝေ ၁/မကန(နိုင်)၂၃၅၄၄၆အား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူပါသဖြင့် ခင်ပွန်းအဖြစ်မှ ပြတ်စဲကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်မြနှင်းဝေ

## သွေး သည် အ သက်

### မွေးသက္ကရာဇ်အမှန်

ဟုမ္မလင်းမြို့နယ်၊ ထမံသီထွက်ဝကျေးရွာနေ ဦးကံဝင်း၏သမီး ဒေါ်စောမေ ၅/ဟမလ(နိုင်)၀၅၁၂၄၀ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀-၉-၁၉၆၁ ဖြစ်ပါကြောင်း။

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6M/5757 ယာဉ်၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)

### ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ အကွက်အမှတ် (RA-II/ကွက်ပြင်-၂)၊ ဦးပိုင်အမှတ် (၁၂၄)၊ မြေယာအမှတ် (24/272)၊ မြေဧရိယာ (၀ဒသမ၁၆) ဧကရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်၊စက်မှု/စီးပွား၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးလွင်ကိုဦး ၉/မမန (နိုင်)၀၂၇၁၇၂ မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

## အမည်ပြောင်း

ဦးခိုင်ဝင်း ၉/ပမန(နိုင်) ၂၅၃၁၉၆ နှင့် ဒေါ်ဝါဝါစိုး ၁၂/ရပသ (နိုင်) ၀၅၁၅၈၈ တို့၏သမီး မဆုရတီထက်အား မထက်ထက်ပါရမီနိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

### ကြော်ငြာစာ

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂) ရပ်ကွက်၊ အကွက်အမှတ်(န-၅)၊ ဦးပိုင်အမှတ် (၆၄)၊၄၁x၄၂ လမ်းကြား၊ ၆၃x၆၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဗိုလ်မှူးသိန်းဝင်း MTA-၁၆၆၉၇၆၊ ၉/မရတ(နိုင်)၀၈၇၀၃၆ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၃/၂၀၂၀) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကိုကိုစန်း ၅/မမတ(နိုင်)၀၀၄၂၁၃ က ဂရန်စာချုပ်တင်ပြ၍ သက်တမ်းတိုးလျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေး
ကော်မတီ

## ကန့်ကွက်နိုင်ကြောင်း
## အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး ၆၊ အကွက်အမှတ် (RA-III/ကွက်ပြင်-၃) အမှတ် (၄၁-ခ/၁)၊ မြေယာအမှတ်( )၊ မြေဧရိယာ (၀ဒသမ၅၀)ကေရှိ မြေကွက်အား မြေငှားဂရန် (ကျန်အပိုင်းဂရန်) လျှောက်ထားနိုင်ရေး ဒေါ်ခရစ်စတီးနား ၉/မနမ(နိုင်) ၀၇၉၅၇၄မှလည်းကောင်း၊ ဦးပိုင်အမှတ် (၄၁-ခ/၂)၊ မြေယာအမှတ် ( )၊ မြေဧရိယာ (၀ဒသမ၀၄)ကေရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း) လျှောက် ထားနိုင်ရေး ဒေါ်ရွှေကြာ ၉/မမန(နိုင်)၀၁၂၆၂၁မှ လည်းကောင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်၊ မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
ပြင်ဦးလွင်မြို့

## စာအုပ်
## စာပေ
## လူ့မိတ်ဆွေ

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀ ဦး တွေ့ရှိ

## COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း ၁၄၂,၇၂၂ ဦးရှိ

### (၂၃-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၂-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၂၃၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁၀) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၆၇,၂၈၄) ခု အား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၇၂၂) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၉၃၂) ဦး ဆေးရုံမှ ဆင်းခွင့် ရရှိပြီး ဖြစ်ပါသည်။ COVID–19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၃,၂၀၇) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID–19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ရန်ကုန်တိုင်းဒေသကြီးမှ ရေရှားပါးသည့်မြို့နယ်၊ ရပ်ကွက်များအား သောက်သုံးရေများ ဖြန့်ဖြူးပေးလျက်ရှိ

ရန်ကုန် မေ ၂၃

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်း တာဝန်ခံအဖွဲ့မှ ပြည်သူများ နွေရာသီသောက်သုံးရေ ပြတ်လပ်မှု မရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေရှားပါးသည့်မြို့နယ်၊ ရပ်ကွက်များသို့ သောက်သုံးရေများ ဖြန့်ဖြူးပေးလျက်ရှိရာ ယနေ့ နံနက်တွင် ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်တစ်ဖက်ကမ်းရှိ ဆိပ်ကြီး ဦးမြငါးစင်ရပ်ကွက်၊ စက်ဆန်းအောက်ရုံ အလတ်ချောင်းရပ်ကွက်၊ အေးရွာအနောက် ဝါးရုံ ဆိပ်ရပ်ကွက်များသို့ ရေသယ်သမ္ဗန်နှစ်စင်းဖြင့် ပို့ဆောင်ပေးပြီး မြို့နယ်စည်ပင်သာယာရေးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က စနစ်တကျပေးဝေခဲ့ကြောင်းနှင့် နေ့စဉ်ရေဂါလန် ၂၅၀၀၀ ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ရန်ကုန်မြစ်တစ်ဖက်ကမ်း ဒလမြို့နယ် အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ မတ် ၂၆ ရက် ကစပြီး ရေသယ်ယာဉ်များဖြင့် နေ့စဉ် ရေပေးဝေလျက်ရှိရာ ယနေ့အထိ ရေကားအခေါက် ရေ ၈၁ ခေါက်၊ ရေဂါလန် ၉၇၂၀၀ ပေးဝေနိုင်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❏



## ဝုဖ်ကို အနိုင်ရရှိပြီး လာမည့်နှစ်ပရီမီယာလိဂ်တွင်တင်ကျန်ရန် အခြေအနေကောင်းလာသည့် ဘန်လေ

ပရီမီယာလိဂ်ပွဲစဉ် (၃၃) အဖြစ် ဝုဖ်အသင်းနှင့် ဘန်လေအသင်းတို့ပွဲစဉ်ကို မေ ၂၅ ရက် ညပိုင်းက ဝုဖ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဘန်လေ အသင်းက လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဝုဖ်အသင်းသည် ပြီးခဲ့သည့် နှစ်ပွဲတွင် ဖူလ်ဟမ်နှင့် ရှက်ဖီးလ်အသင်းတို့ကို အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ယနေ့ပွဲစဉ်တွင် ဘန်လေ အသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။




ဘန်လေအသင်းသည် ပြီးခဲ့သည့် ပွဲစဉ်သုံးပွဲ တွင် ဆောက်သမ်တန်၊ နယူးကာဆယ်၊ မန်ယူ အသင်းတို့ကို သုံးပွဲဆက်ရှုံးနိမ့်ထားသောကြောင့် သော်လည်းကောင်း၊ အမှတ်ပေးဇယားတွင် တန်းဆင်းဇုန်အတွင်းမှ ဖူလ်ဟမ်အသင်းနှင့် ရမှတ်ကွာဟမှု ကျဉ်းမြောင်းနေသောကြောင့်သော် လည်းကောင်း ယနေ့ပွဲစဉ်ကို နိုင်ပွဲရရှိရန် အကောင်းဆုံး ပြင်ဆင်လာခဲ့ခြင်း ဖြစ်သည်။ ဘန်လေအသင်းသည် ယနေ့ပွဲစဉ်တွင် ခြေစွမ်းပြသနိုင်ခဲ့ပြီး ပထမပိုင်းတွင် ဝုဖ်အသင်းကို သုံးဂိုးပြတ် ဦးဆောင်နိုင်ခဲ့သည်။ ဘန်လေအသင်းတွက် အဖွင့်ဂိုးကို ပွဲချိန် ၁၅ မိနစ်တွင် ခရစ်ဝုဒ်က သွင်းယူနိုင်ခဲ့သည်။ ထို့အပြင် ဘန်လေအသင်း အတွက် ဒုတိယဂိုးနှင့် တတိယဂိုးကိုလည်း

စာမျက်နှာ ၈ ကော်လံ ၄ ✻

အိန္ဒိယတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၇ သန်းခန့်ရှိ
စာ ၁၃

ရာသီကုန်ဆုံးရန် နှစ်ပွဲအလိုတွင် ပရီမီယာလိဂ်သို့ တိုက်ရိုက်တန်းတက်ခွင့်တစ်နေရာ ရယူနိုင်ခဲ့သည့် ဝက်ဖို့ဒ်
စာ ၂၂

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ညဈေးတန်းများ ကိုဗစ်-၁၉ ဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ရောင်းချလျက်ရှိပြီး မော်တော်ယာဉ်လိုင်းများ ပုံမှန်ပြန်လည်ပြေးဆွဲ
စာ ၂၂

မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား လက်ဝယ်ထားရှိသူများနှင့်အတူ ဆက်လက်ဖော်ထုတ်ဖမ်းဆီး
စာ ၂၄

ဆူပူအကြမ်းဖက်သူလူစုအုပ်စုများ အနေဖြင့် အကြမ်းဖက်ဖျက်ဆီးမှုလုပ်ရပ်များကို လုပ်ဆောင်
စာ ၂၆